# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၁ ရက် ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၇)၊ အမှတ် (၃၂၄)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူသမ္မတနိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေး

## မြန်မာ - စင်ကာပူ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**စင်ကာပူ ဩဂုတ် ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩဂုတ် ၂၁ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံပြီး ISEAS-Yusof Ishak Institute ၌ ဟောပြောဆွေးနွေးသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူနိုင်ငံ သမ္မတ H.E.Mrs. Halimah Yacob နှင့် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် Istana Presidential Palace ၌ တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရိုးရာအိမ်တွင်းမှု လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပညာရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့် Istana Presidential Palace ၌ တွေ့ဆုံသည်။

**ပိုမိုပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် မြန်မာ - စင်ကာပူ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ရေး၊ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ စင်ကာပူနိုင်ငံမှ အပြုသဘောဆောင် ဆက်လက်ထောက်ခံအားပေးရေး၊ အာဆီယံအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူနိုင်ငံ သမ္မတ H.E.Mrs. Halimah Yacob တို့ တွေ့ဆုံဆွေးနွေးစဉ်။**

သတင်းစဉ်

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ**

ပြည်သူ့လွှတ်တော် စာ » ၆

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ**

အမျိုးသားလွှတ်တော် စာ » ၇

**အနာဂတ် နိုင်ငံတော်နှင့် လူငယ်များ၏ အနာဂတ်**

ဆောင်းပါး စာ » ၁၀


KBZ BANK

STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

# တိုင်းပြည်၏ ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှုကဏ္ဍ

နိုင်ငံတော်အစိုးရသည် ကမ္ဘာ့ရော်ဘာထုတ်လုပ်သောနိုင်ငံများအသင်း (The Association of Natural Rubber Producing Countries- ANRPC) သို့ ဝင်ရောက်ရန်ဆုံးဖြတ်ပြီး ဖြစ်ပါသည်။ အဆိုပါကမ္ဘာ့ရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်း (ANRPC) ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပါပူဝါနယူးဂီနီနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ပါသည်။ ၎င်း ၁၂ နိုင်ငံ၏ ရော်ဘာထုတ်လုပ်မှုသည် ကမ္ဘာ့ရော်ဘာထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းအထိရှိပါသည်။ ကမ္ဘာ့ရော်ဘာထုတ်လုပ်မှုကို ကိုယ်စားပြုနိုင်သော အဆိုပါအသင်း (ANRPC) ၌ မြန်မာနိုင်ငံပါဝင်ခြင်းဖြင့် တိုင်းပြည်၏ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို သိသိသာသာတိုးမြှင့်စေမည်ဖြစ်ပါသည်။ ၎င်းအသင်းဝင်နိုင်ငံဖြစ်လာပါက မြန်မာနိုင်ငံသည် ရော်ဘာလုပ်ငန်းဆိုင်ရာနည်းပညာ၌လည်းကောင်း၊ ရော်ဘာမျိုးကောင်းရရှိရေး၌ လည်းကောင်း၊ ဈေးကွက်ရရှိရေး၌လည်းကောင်း ပိုမိုအခွင့်အလမ်းသာလာမည်ဖြစ်၍ နိုင်ငံသူနိုင်ငံသားတို့၏ အလုပ်အကိုင်အခွင့်အလမ်းကို တိုးမြှင့်စေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ ရော်ဘာကို ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် စိုက်ပျိုးကြပါသည်။ အဆိုပါဒေသများအနက် မွန်ပြည်နယ်သည် နှစ်စဉ်ရော်ဘာတန်ချိန်တစ်သိန်းခန့်ကို စိုက်ပျိုးထုတ်လုပ်ခဲ့ပါသည်။ လက်ရှိအခြေအနေ၌ ကမ္ဘာ့ဈေးကွက်အနေအထားအရ ပြည်တွင်းရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုကျဆင်းနေသော်လည်း ရေရှည်၌ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုသည် တိုင်းပြည်စီးပွားရေးကို မြှင့်တင်ပေးနိုင်မည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာ့ရော်ဘာထုတ်လုပ်သောနိုင်ငံများအသင်း (ANRPC) ၏ ခန့်မှန်းချက်အရ ကမ္ဘာ့ရော်ဘာထုတ်လုပ်မှုသည် တန်ချိန် ၁၄ ဒသမ ၀၄၀ သန်းရှိမည်ဖြစ်ပြီး ကမ္ဘာ့ရော်ဘာဝယ်လိုအားသည် တန်ချိန် ၁၄ ဒသမ ၁၃၆ သန်း ရှိပါသည်။ ကမ္ဘာ့ရော်ဘာဝယ်လိုအားက ကမ္ဘာ့ရော်ဘာရောင်းလိုအားထက် ပိုမိုများပြားနေသည်ဖြစ်၍ ယေဘုယျအားဖြင့် ဈေးကွက်၏ အနေအထားသည် အလားအလာကောင်းလျက် ရှိပါသည်။

နိုင်ငံတော်က ကမ္ဘာ့ရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်း (ANRPC) သို့ ဝင်ရောက်ခြင်းဖြင့် တိုင်းပြည်အတွင်း၌ ရော်ဘာကုန်ချောစက်မှုလုပ်ငန်းများတည်ထောင်နိုင်ရေးအတွက် အရင်းအနှီးနှင့်အတူ နည်းပညာရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူသွားမည်ဖြစ်ပါသည်။ အလားတူပင် ရော်ဘာကုန်ချောစက်မှုလုပ်ငန်းများမတည်ထောင်မီ ရော်ဘာကုန်ကြမ်းများ ဈေးကောင်းရရှိရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် အထောက်အပံ့ကောင်းများ ရရှိမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရ၏ ကမ္ဘာ့ရော်ဘာထုတ်လုပ်သောနိုင်ငံများအသင်း (ANRPC) သို့ ဝင်ရောက်ရေး ဆုံးဖြတ်ချက်အား ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ကျိုက်လတ်မြို့နယ်၌ ပြည်သူ့စကားဝိုင်းပြုလုပ်မည်

**ကျိုက်လတ် ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ကလပ်ရပ်ကျေးရွာ ချမ်းမြေ့သာယာဘုန်းကြီးကျောင်းဝင်းမဏ္ဍပ်၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ကျိုက်လတ်မဲဆန္ဒနယ် အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းလှိုင်၊ အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူးဦးဝင်းဌေး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာမင်းသိန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးဦးတင်မောင်ဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးဦးသန်းထွန်း၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်ခင်သီတာ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ဦးရဲဇော်အောင်တို့က "ကျေးလက်ဒေသဖွံ့ဖြိုးရေး"ခေါင်းစဉ်ဖြင့် ဆွေးနွေးသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**ကျိုက်လတ်(မြန်/ဆက်)**




## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ပေမှ ၅ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**



# လွှတ်တော်အဆောက်အဦများတွင် တပ်ဆင်ထားသော လျှပ်စစ်ပိုင်းဆိုင်ရာ စနစ်တကျရှိစေရေးအတွက် ဗဟိုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

လွှတ်တော်အဆောက်အဦများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာများ စနစ်တကျရှိစေရေးနှင့် စစ်ဆေးပြုပြင်ရေးအတွက် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနာယကများ ဖြစ်ကြသည့် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနာယကများက အဖွင့်အမှာစကားပြောကြားပြီး၊ ဒုတိယဝန်ကြီးက လျှပ်စစ်ပိုင်းဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးသည်။ ယင်းနောက် သက်ဆိုင်ရာလုပ်ငန်းကော်မတီအသီးသီးက ရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ကြပြီး ပြည်ထောင်စုလွှတ်တော်နာယက က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

## အရှေ့တောင်အာရှ ခေတ်ပြိုင်စာပေ ဆွေးနွေးပွဲ ပြုလုပ်မည်

**ရန်ကုန် ဩဂုတ် ၂၁**

အိမ်နီးနားချင်းနိုင်ငံများ၌ ရသစာပေကို ဘယ်လိုရေးသားနေကြပြီလဲ၊ ဒေသတွင်းနိုင်ငံများ၏ စာပေအဆင့်အတန်း ဘယ်လောက်ရှိနေပြီလဲ၊ နိုင်ငံတကာကို သူတို့ ဘယ်လိုထိုးဖောက်နေကြသလဲ အစရှိသဖြင့် အရှေ့တောင်အာရှမှ ရသစာပေအကြောင်းကို ပြောဆိုဆွေးနွေးခြင်းနှင့် ခေတ်ပြိုင် အရှေ့တောင်အာရှ စာအုပ်သုံးအုပ် ဘာသာပြန်ဆို မိတ်ဆက်ခြင်း အခမ်းအနားကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သံဈေးရှိ Yangon Book Plaza ၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ထိုင်းစာအုပ် Until the Karma End ကို ဘာသာပြန်ဆိုသူ ဆရာဉာဏ်သစ်၊ အင်ဒိုနီးရှားစာအုပ် Beauty is a wound ကို ပြန်ဆိုသူ ဆရာမိုးသက်ဟန်၊ ဗီယက်နမ်စာအုပ် The Sypathizer ကို ပြန်ဆိုသူ ဆရာ ရာပြည့်တို့နှင့်အတူ ငါတို့စာပေ ထုတ်ဝေသူ ဆရာမြေမှုန်လွင် ပါဝင်ဆွေးနွေးသွားမည် ဖြစ်သည်။

ဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုများကြောင့် ပြောင်းရွှေ့ရမှုနှင့် ပစ္စည်းနှင့်ငွေများထောက်ပံ့မှု

**နေပြည်တော် ဩဂုတ် ၂၁**

ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးခဲ့ရာ ဖွင့်လှစ်ခဲ့သော စခန်းစုစုပေါင်း ၃၈၉ ခုတွင် ၃၃၈ ခုပိတ်သိမ်းပြီး ဖြစ်သည်။

ယခုရက်ပိုင်းအတွင်း တနင်္သာရီမြို့နယ်နှင့် ဘားအံမြို့တို့တွင် ရေအနည်းငယ်ပြန်တက်လာကြောင်းနှင့် လက်ရှိအခြေအနေအရ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖွင့်လှစ်ဆဲစခန်း စုစုပေါင်း ၅၁ ခု၊ အိမ်ထောင်စု ၄၄၈၄ စု၊ လူဦးရေ ၂၀၉၃၈ ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေဘေးသင့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်သိန်း ၃၀၀၀ နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ် ၄၉၃၈ ဒသမ ၀၅၉ သိန်းတန်ဖိုးရှိ ပစ္စည်းနှင့် ငွေများထောက်ပံ့ပေးခဲ့ပြီး ထောက်ပံ့ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးတို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

***❖ ရှေ့ဖုံးမှ***

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးက Clarke Quay ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Teo Chee Hean နှင့် Grand Hyatt Hotel ၌ တွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံမူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးငြေးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr. Vivian Balakrishnan၊ ISEAS-Yusof Ishak Institute မှ ဒါရိုက်တာအဖွဲ့ဝင်များ ဖြစ်ကြသည့် Institute of Southeast Asian Studies Board of Trustees မှ ဥက္ကဋ္ဌဖြစ်သူ Professor Wang Gungwu၊ Institute of Southeast Asian Studies မှ ဒါရိုက်တာဖြစ်သူ Mr.Choi Shing Kwok တို့နှင့် Grand Hyatt Hotel ၌ တွေ့ဆုံရာ ဒါရိုက်တာအဖွဲ့ဝင်များက Lecture အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Teo Chee Hean တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ အဆိုပါဟိုတယ်၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ကျင်းပသည့် ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**အဖွင့်အမှာစကားပြောကြား**

ဟောပြောဆွေးနွေးပွဲတွင် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Teo Chee Hean က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကြုံတွေ့ခဲ့ရသည့် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ငါးရပ်နှင့် မဏ္ဍိုင်ကြီးသုံးရပ် ပါဝင်သော မြန်မာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်အရေး ကိစ္စနှင့် ပတ်သက်၍ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအတွက်

***စာမျက်နှာ ၄ သို့***

*စာမျက်နှာ ၃ မှ*

ပြုပြင်ပြောင်းလဲမှုများနှင့် ဖြေလျှော့မှုများ ဆောင်ရွက်ပေးခဲ့မှု အခြေအနေများ၊ မြန်မာနိုင်ငံ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍအခြေအနေ၊ မြန်မာ-စင်ကာပူ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

**ပြန်လည်ရှင်းလင်းဖြေကြား**

ဆွေးနွေးဟောပြောမှုများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**ISEAS ဟု ပြောင်းလဲခဲ့**

ISEAS- Yusof Ishak Institute ကို သုတေသန ဆိုင်ရာ အဖွဲ့အစည်း အဖြစ် ၁၉၆၈ ခုနှစ်တွင် ပါလီမန်ဥပဒေအရ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး စတင် တည်ထောင်စဉ်က Institute of Southeast Asian Studies (ISEAS) ဟု ခေါ်ဆိုခဲ့ပြီး ၂၀၁၅ ခုနှစ် ဩဂုတ်တွင် စင်ကာပူနိုင်ငံ၏ ပထမဆုံး သမ္မတကို ဂုဏ်ပြုသောအားဖြင့် ISEAS - Yusof Ishak Institute ဟု ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံရှိ မြန်မာသံရုံး၌ သံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးမိသားစုများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ သတင်းစဉ်

**သုတေသနလုပ်ငန်းများ ဆောင်ရွက်**

အဆိုပါအဖွဲ့အစည်းမှ သုတေသန လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း စီးပွားရေးလေ့လာခြင်း၊ ဒေသတွင်းမဟာဗျူဟာနှင့် နိုင်ငံရေး လေ့လာခြင်း၊ ဒေသတွင်း လူမှုစီးပွားနှင့် ယဉ်ကျေးမှုလေ့လာခြင်းစသည့် ခေါင်းစဉ်များဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံပေါင်း ၁၀၀ ကျော်သို့ဖြန့်ချိ**

ဒေသတွင်း နိုင်ငံများအား အထူးပြု လေ့လာခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် စသည့် ဒေသတွင်းငါးနိုင်ငံနှင့် ပတ်သက်၍လည်း လေ့လာမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ အဖွဲ့အစည်းမှ စာအုပ်များ၊ ဂျာနယ်များနှင့် သုတေသန စာစောင်များကိုလည်း ရေးသားဖြန့်ချိလျက်ရှိရာ နိုင်ငံပေါင်း ၁၀၀ ကျော်သို့ ဖြန့်ချိနိုင်ခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာသံရုံးသို့ ရောက်ရှိပြီး သံရုံးနှင့် စစ်သံရုံးတို့မှ သံရုံး မိသားစုများနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

**ညစာစားပွဲ တက်ရောက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

**လှည့်လည်ကြည့်ရှုလေ့လာ**

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ စင်ကာပူနိုင်ငံရှိ Gardens by the Bay ပန်းခြံသို့သွားရောက်ပြီး လှည့်လည် ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

**သတင်းစဉ်**





ဆွေးနွေးဟောပြောမှုများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့မွန်းလွဲပိုင်းတွင် စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အာဆီယံဥက္ကဋ္ဌအဖြစ် စင်ကာပူနိုင်ငံမှ တာဝန်ယူထားသည့် ယခုနှစ်တွင် မိမိတို့၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရည်မှန်းချက်နှင့် စိန်ခေါ်မှုများကို ယနေ့ ပြောကြားခွင့်ရသည့်အတွက် အထူးကျေးဇူးတင်ရှိသည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ရှုပ်ထွေးနက်နဲသည့် အသွင်ကူးပြောင်းမှု တစ်ရပ်ဖြစ်ရေး ဆွေးနွေးကြရာတွင် မိမိတို့၏ အာဆီယံနိုင်ငံ မိတ်ဆွေများက လိုအပ်သည့် ကူညီပံ့ပိုးမှုများ လိုလိုလားလားရှိခဲ့ကြပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် တူညီသော အတွေ့အကြုံ၊ ရည်မှန်းချက်ကို အခြေခံပြီး ဒေသဆိုင်ရာ စည်းလုံးညီညွတ်မှု၏ တန်ဖိုးကို ပြသခဲ့ကြပါကြောင်း။

### အာဆီယံအတွင်း စုပေါင်းဆောင်ရွက်မှုခိုင်မာ

တစ်ဦးတစ်ယောက်ကို ကူညီခြင်းသည် တစ်စုတစ်ဖွဲ့လုံးကို ကူညီခြင်းပင်ဖြစ်သည်ဆိုသည့် အယူအဆက အာဆီယံအတွင်း တူညီသော အယူအဆနှင့် စုပေါင်းဆောင်ရွက်မှုကို ခိုင်မာစေခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများကြား ဖွံ့ဖြိုးတိုးတက်မှုတွင် ကွာဟမှုများရှိသော်ငြားလည်း အာဆီယံကို ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးသော ဒေသဆိုင်ရာအဖွဲ့အစည်းများအနက် တစ်ခုအဖြစ် ရောက်ရှိစေခဲ့သည့် အခြေခံအကြောင်းရင်း တစ်ခုပင် ဖြစ်ပါကြောင်း။

### ဖြတ်သန်းနေရသည့်အပေါ်တွင် အကျိုးသက်ရောက်

အသွင်ကူးပြောင်းရေးတစ်ရပ်ဆိုသည်မှာ အရှင်းလင်းဆုံးပြောရလျှင် တစ်နေရာမှ အခြားတစ်နေရာသို့ ကူးပြောင်းသွားသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ရောက်ရှိရမည့် အကွာအဝေးနှင့် လျှောက်လှမ်းဖြတ်သန်းရမည့် ခရီးကြမ်း၏ သဘောသဘာဝကရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ၏ အတိုင်းအတာနှင့် ရှုပ်ထွေးမှုကို ပြဋ္ဌာန်းပေးပါကြောင်း၊ မြန်မာနိုင်ငံသည် ကာလရှည်ကြာ အခြေခိုင်မာနေသော အာဏာရှင်စနစ်မှ မိမိတို့က ဒီမိုကရေစီဟု ခေါ်ဆိုသောစနစ်သို့ ဖြတ်သန်းလျှောက်လှမ်းလျက်ရှိပါကြောင်း၊ မိမိတို့ ပြည်သူများ၏ အသိအမြင် အထူးသဖြင့် ဒီမိုကရေစီ အသိအမြင်များမှာ ဆက်စပ်မရနိုင်အောင် ကွဲပြားခြားနားနေကြသည့်အလျောက် အဆိုပါကွဲပြားခြားနားမှုများသည် ယနေ့ မိမိတို့နိုင်ငံက ဖြတ်သန်းနေရသည့် အသွင်ကူးပြောင်းမှုအပေါ်တွင် အကျိုးသက်ရောက်မှု ဖြစ်နိုင်ပါကြောင်း။

မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ၇၅ နှစ်ခန့်ကာလအတွင်း အရေးကြီးသည့် အသွင်ကူးပြောင်းရေး သုံးရပ်ကို ဖြတ်သန်းခဲ့ရပါကြောင်း၊ ယင်းတို့မှာ ကိုလိုနီအုပ်ချုပ်ရေးစနစ်မှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရခဲ့သည့်အချိန်ကာလ၊ ပါလီမန်ဒီမိုကရေစီခေတ်မှ ၁၉၆၂ ခုနှစ် စစ်အာဏာရှင်စနစ်ကာလနှင့် ၁၉၈၈ ခုနှစ်မှ စတင်ခဲ့သော စစ်အုပ်ချုပ်ရေးစနစ်မှ မပြီးဆုံးသေးသော ဒီမိုကရေစီစနစ်ဟူ၍ သုံးပိုင်းရှိပါကြောင်း။

### လွတ်လပ်သော နိုင်ငံတစ်ခုအဖြစ် ပြောင်းလဲခဲ့

ပထမအသွင်ကူးပြောင်းရေးမှာ အခက်ခဲဆုံးနှင့် အပေးဆပ်ခဲ့ရဆုံး ရုန်းကန်လှုပ်ရှားမှုများမှ ထွက်ပေါ်လာသည့် ရိုးရှင်းသော နောက်ဆုံးရလဒ်ပင်ဖြစ်ပါကြောင်း၊ လက်အောက်ခံ ကိုလိုနီနိုင်ငံတစ်ခုအဖြစ်မှ အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သော




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးစဉ်။ သတင်းစဉ်

နိုင်ငံတစ်ခုအဖြစ်သို့ ပီပီပြင်ပြင် ပြောင်းလဲခဲ့ခြင်း ဖြစ်ပါကြောင်း။

ဒုတိယအသွင်ကူးပြောင်းမှုမှာလည်း အလွန်ပင် ပြင်းထန်မြန်ဆန်ပြီး သမိုင်းတွင်ထင်ရှားသည့် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ တစ်ခုသော နံနက်ခင်းတွင် မြို့တော်၏ လမ်းမများပေါ်တွင် သံချပ်ကာကားများ ရောက်ရှိလာပြီး ရေဒီယိုတွင် ရုတ်တရက် သတင်းကြေညာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း။

### အသွင်ကူးပြောင်းရေးလမ်းကြောင်း

မိမိတို့၏လက်ရှိ အသွင်ကူးပြောင်းရေးမှာ အရှုပ်ထွေးဆုံးနှင့် စိန်ခေါ်မှုအများဆုံး ဖြစ်ကြောင်း၊ ကနဦးအစပိုင်းတွင် ပီပြင်မှု မရှိခဲ့ပါကြောင်း၊ အလံတစ်ခုကိုချပြီး နောက်အလံတစ်ခုကို လွှင့်တင်သည့်အခိုက်တွင် တိကျရေရာမှု တစ်ခုမှမရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းတွင် ခေတ်တစ်ခေတ်ကုန်ဆုံးပြီး နောက်ခေတ်တစ်ခေတ် စတင်မှုကို ထင်ရှားပေါ်လွင်စေသည့် တိကျပြတ်သားသော ထုတ်ပြန်ကြေညာချက်များ မရှိခဲ့ပါကြောင်း၊ သိပ်အရေးမကြီးဟု ယူဆရသည့် အဖြစ်အပျက်အများအပြားပေါင်းစပ်ပြီး ပြင်းထန်သော တစ်နိုင်ငံလုံး ဒီမိုကရေစီအရေးတော်ပုံ အသွင်သို့ ရောက်ရှိခဲ့ပါကြောင်း၊ ဆန္ဒပြမှုများကို လျင်မြန်စွာ ဖြိုခွင်းနိုင်ခဲ့သော်လည်း ယနေ့ မိမိတို့ လျှောက်လှမ်းနေသော ကြမ်းတမ်းခက်ထန်သည့် အသွင်ကူးပြောင်းရေးလမ်းကြောင်းကို တံခါးဖွင့်ပေးခဲ့ပါကြောင်း။

### ဖိနှိပ်မှုကို ဖယ်ရှားလိုသည့်ဆန္ဒမှာ ပျံ့နှံ့သွားခဲ့

မိမိတို့ပြည်သူများအဖို့ ၁၉၈၈ ခုနှစ်က ဒီမိုကရေစီသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် ဆက်နွှယ်နေသောအရာအားလုံးနှင့် ဆန့်ကျင်ဘက်ဖြစ်ခဲ့ပါကြောင်း၊ စစ်အစိုးရ၏ အငွေ့အသက်ပါသောတစ်ပါတီစနစ်၏ ဖိနှိပ်မှုကို ဖယ်ရှားလိုသည့် ဆန္ဒမှာ နိုင်ငံအနှံ့ပျံ့နှံ့သွားခဲ့ကြောင်း၊ ယုတ်လျော့သွားသည့် တစ်ဦးတစ်ယောက်ချင်းစီ၏ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ ကျဆင်းသွားသည့် အဆင့်အတန်းများကို အဆုံးသတ်ရန် ပြည်သူများက ကျယ်ကျယ်လောင်လောင် တောင်းဆိုခဲ့ကြကြောင်း။

### အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ခဲ့သည်အထိ အနိုင်ရရှိခဲ့

တုံ့ပြန်မှုအနေဖြင့် တိုက်ရိုက်စစ်အုပ်ချုပ်ရေးကို အလျင်အမြန်ဖွဲ့စည်းခဲ့ပြီး လွတ်လပ်မှုကို ပိတ်ပင်ခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီ အများအပြား ဖွဲ့စည်းခွင့်ပြုခဲ့သော်လည်း ၎င်းတို့၏ လှုပ်ရှားမှုများကို ကန့်သတ်ခဲ့ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်သို့ မရေမရာသောခြေလှမ်းများဖြင့် စတင်လျှောက်လှမ်းခဲ့ပါကြောင်း၊ မျှော်လင့်ချက်ရောင်ခြည်သမ်းစေခဲ့သည့် ၁၉၉၀ အထွေထွေရွေးကောက်ပွဲ အပါအဝင် အဟန့်အတားများ ကျော်လွှားပြီးနောက်ပိုင်း ၂၀၁၅ ခုနှစ်တွင် သမိုင်းဝင်ရွေးကောက်ပွဲများကို မိမိတို့ ကျင်းပနိုင်ခဲ့ကြောင်း၊ စောဒကတက်စရာ ကောင်းသည့် ၂၀၀၈ ခုနှစ် ပြည်သူ့ဆန္ဒခံယူပွဲမှ အတည်ပြုပြဋ္ဌာန်းလိုက်သော ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ကန့်သတ်ချက်များအကြားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ခဲ့သည်အထိ မဲဆန္ဒနယ် အများစုတွင် အနိုင်ရရှိခဲ့ပါကြောင်း။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုဟုဆိုရာ၌ ပြည်သူ့ဆန္ဒနှင့်အညီ လမ်းကြောင်းတစ်ခုကိုချမှတ်ခဲ့ပြီး ယင်းတို့၏ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဒီမိုကရေစီပန်းတိုင်ကို ဦးတည်သည့် ဒီမိုကရေစီနည်းလမ်းကို မိမိဆိုလိုပါကြောင်း။

### အသွင်ကူးပြောင်းရေးဖြစ်စဉ်၏ အောင်မြင်မှု

မိမိတို့ ပြည်သူများသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ဆူပူအုံကြွမှုကိုအဆုံးသတ်ရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်းလုံခြုံရေးနှင့် ၎င်းတို့၏ ကလေးငယ်များအနာဂတ်ကို စူးစိုက်နိုင်မည့် အခွင့်အလမ်းရရှိရေးကို အာသီသပြင်းပြနေကြကြောင်း၊ ပြည်သူများအနေဖြင့် ၁၉၈၈ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်စဉ်က အခြေခံခဲ့သော အကြမ်းမဖက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးမူများကို လက်ခံခဲ့ကြပြီး ဆယ်စုနှစ် သုံးခုနီးပါးအကြာတွင် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးဟူသော မိမိတို့ပါတီမှ ချမှတ်ထားသည့် ရည်မှန်းချက်များအတွက် မဲပေးထောက်ခံခဲ့ကြကြောင်း၊ မိမိတို့ အသွင်ကူးပြောင်းရေးဖြစ်စဉ်၏ အောင်မြင်မှုအတိုင်းအတာကို ပြည်သူများနှင့်အတူ ပြည်သူ့ဆန္ဒများ မည်မျှအထိ ဖြည့်စွမ်းပေးနိုင်ခဲ့သည်ဆိုသည့် ပမာဏဖြင့် တိုင်းတာရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

“ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဟုဆိုရာ၌ ပြည်သူ့ဆန္ဒနှင့်အညီ လမ်းကြောင်းတစ်ခုကိုချမှတ်ခဲ့ပြီး ယင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဒီမိုကရေစီပန်းတိုင်ကို ဦးတည်သည့် ဒီမိုကရေစီနည်းလမ်းကို မိမိဆိုလိုပါကြောင်း ”

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော်  ဩဂုတ်  ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ရှင်းလင်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အဆို တစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရေစကြိုမဲဆန္ဒနယ်မှ ဒေါက်တာ တင်ဋ္ဌေးအောင်၏ **မြို့နယ်မြေစာရင်း၊ စာရင်းအင်းဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်နေရသော ရပ်/ကျေးမြေစာရင်းမှူးများကို ပိုမိုတိုးချဲ့ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပြဋ္ဌာန်းချက်ပါ လုပ်ငန်းတာဝန်များအား ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ယူထမ်းဆောင်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ အတည်ပြုချက်အရ ၂၀၁၅ ခုနှစ် ဇွန် ၁ ရက် မှစ၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအဖြစ် အမည်ပြောင်းလဲ ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဌာနအမည်နှင့် ကိုက်ညီသော လုပ်ငန်းတာဝန်များ တိုးမြှင့်ထမ်းဆောင်နိုင်ရေးအတွက် ဌာန၏ ဖွဲ့စည်းပုံ ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း။

ရေးဆွဲတင်ပြထားသည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ဖွဲ့စည်းပုံအသစ်မှာ တာဝန်နည်းပါးသည့် ကျေးရွာအုပ်စုတချို့၌ နှစ်အုပ်စုတွင် မြေတိုင်းစာရေးတစ်ဦးနှုန်း၊ တာဝန်များပြားသည့် ကျေးရွာအုပ်စုတွင်မူ မြေတိုင်းစာရေး တစ်ဦးနှုန်းဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေခြိုးခြံချွေတာရေးနှင့် ဖွဲ့စည်းပုံအင်အားဖောင်းပွမှု မရှိစေရန်အတွက် စနစ်တကျတွက်ချက် ရေးဆွဲထားခြင်းဖြစ်ပါကြောင်း။

ရပ်/ကျေး မြေစာရင်းမှူးများ ပိုမိုတိုးချဲ့ခန့်ထားနိုင်ရေးအတွက် လက်ရှိလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ဖွဲ့စည်းပုံကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်းချက်ပါ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် အဆိုပြုရေးဆွဲတင်ပြထားသည့် ဝန်ထမ်းအင်အား ၂၀၇၀၂ ဦးပါရှိသော ဖွဲ့စည်းပုံအသစ်အား နိုင်ငံတော်မှ ခွင့်ပြုချထားပေးပါက လုပ်ငန်းတာဝန်များပြားသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု တစ်အုပ်စုလျှင် တာဝန်ခံမြေတိုင်းစာရေးတစ်ဦးနှုန်း၊ လုပ်ငန်းတာဝန်နည်းပါးသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုနှစ်အုပ်စုလျှင် တာဝန်ခံမြေတိုင်းစာရေးတစ်ဦးနှုန်းဖြင့် ဘဏ္ဍာငွေခွဲဝေရရှိမှုနှင့်အညီ ခန့်အပ်တာဝန်ပေးအပ်သွားနိုင်မည် ဖြစ်ပါကြောင်း၊ ဌာန၏ လုပ်ငန်းတာဝန်များကို ယခုထက် ပိုမိုလျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ **လှိုင်သာယာ-ဟင်္သာတ ရထားလမ်းပိုင်းသည် စီမံကိန်းပြီးစီးသွားသော်လည်း ပြေးဆွဲခြင်းမပြုတော့သည့်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေရန် ကောင်းမွန်၍ စနစ်ကျသော စီမံခန့်ခွဲမှုများဖြင့် မည်သည့်အချိန်တွင် မည်ကဲ့သို့ပြန်လည်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက လှိုင်သာယာ-ဟင်္သာတ လမ်းပိုင်းသည် ကားလမ်းနှင့်ယှဉ်လျက်တည်ရှိနေခြင်း၊ ကားဖြင့် အချိန်မရွေးသွားလာနိုင်ပြီး ကားလမ်းခရီးဖြင့် သုံးနာရီခွဲသာ ကြာမြင့်ခြင်း၊ ရထားစီးမည့် ခရီးသည်များ ရန်ကုန်မြို့တွင်းမှ လှိုင်သာယာအထိ ၁၆ ဒသမ ၁ မိုင်ခန့်ခရီးကို ကားဖြင့် ၁ နာရီ မိနစ် ၂၀ ခန့် သွားရောက်ပြီး လှိုင်သာယာကားဂိတ်မှတစ်ဆင့် ဘူတာသို့ ထပ်မံသွားရောက်ရခြင်း၊ ဟင်္သာတသို့ ညအချိန် ၈ နာရီခန့်မှသာ ရထားရောက်ရှိခြင်း စသည့်အချက်များကြောင့် ခရီးသည်များ သွားလာရေးအဆင်မပြေမှုများဖြစ်ပေါ်ပြီး ရထားအသုံးပြုမှု အလွန်နည်းပါးသွားရခြင်း ဖြစ်ပါကြောင်း။

## ရထားပြေးဆွဲမှု ကုန်ကျစရိတ်မှာ စက်သုံးဆီဖိုးကို မကာမိခြင်း စသည့်အကြောင်းများကြောင့် လှိုင်သာယာ-ဟင်္သာတလမ်းပိုင်း ရထားလမ်းပိုင်းပြေးဆွဲမှုကို ၂၀၁၆ ခုနှစ် ဇွန် ၁၀ ရက်မှစ၍ ရပ်ဆိုင်းခဲ့

လှိုင်သာယာ-ဟင်္သာတလမ်းပိုင်းစီမံကိန်းကို အထက်အာဏာပိုင်များ၏ လမ်းညွှန်ချက်များဖြင့်သာ အကောင်အထည်ဖော်ခဲ့ရခြင်းဖြစ်၍ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု မပြုလုပ်နိုင်ခြင်း၊ ရေဝပ်ဧရိယာများကို ဖြတ်သန်းဖောက်လုပ်ထားသဖြင့် ရထား၏ အမြန်နှုန်းသည် ၁ နာရီလျှင် ၁၅ မိုင်ခန့်သာပြေးဆွဲနိုင်ပြီး ကားလမ်းခရီးနှင့် ယှဉ်ပြိုင်နိုင်စွမ်းမရှိခြင်း၊ ရထားပြေးဆွဲမှု ကုန်ကျစရိတ်မှာ စက်သုံးဆီဖိုးကို မကာမိခြင်း စသည့် အကြောင်းများကြောင့် လှိုင်သာယာ-ဟင်္သာတလမ်းပိုင်း ရထားလမ်းပိုင်းပြေးဆွဲမှုကို ၂၀၁၆ ခုနှစ် ဇွန် ၁၀ ရက်မှစ၍ ရပ်ဆိုင်းခဲ့ရပါကြောင်း။

ကောင်းမွန်၍ စနစ်ကျသည့် စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပြည်သူလူထုက လိုလားသည့် လုံခြုံစိတ်ချ၊ လျင်မြန်၊ အချိန်မှန်၊ သက်သောင့်သက်သာရှိမည့် ရထားပြေးဆွဲမှုကို မဖြစ်မနေလိုအပ်လာပါက ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ လက်ရှိပြေးဆွဲနေသည့် ရထားများ၏ အမြန်နှုန်းထက် မြင့်မားသည့် လျှပ်စစ်သုံးရထားများပြေးဆွဲနိုင်မည့် ရထားလမ်းကို လှိုင်သာယာနှင့် ရန်ကုန်ကြား တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်ပြီး စီးပွားရေးတွက်ခြေကိုက်စွာ ပြေးဆွဲနိုင်မည့်အခြေအနေတွင် စနစ်တကျစီမံကိန်း ချမှတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် လက်ရှိတွင် လှိုင်သာယာ-ဟင်္သာတလမ်းပိုင်းကို ပြုပြင်တည်ဆောက်ပြီး ရထားပြန်လည်ပြေးဆွဲရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း၏ **အသိပညာ၊ အတတ်ပညာနှင့် စာတမ်းများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မှီငြမ်းမှုများ ရယူဆောင်ရွက်နိုင်သည့် e- Learning အတွက် "Internet Access" ကို အဆင်ပြေပြေ ကုန်ကျစရိတ်နည်းပါးစွာနှင့် ရရှိအောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် Internet ချိတ်ဆက်အသုံးပြုနေသော ကျောင်းပေါင်း ၁၂၃ ကျောင်းရှိပြီး Internet မချိတ်ဆက်ရသေးသော ကျောင်းပေါင်း ၁၀ ကျောင်း ကျန်ရှိပါကြောင်း၊ e-Library အသုံးပြုနေသော ကျောင်းပေါင်း ၅၅ ကျောင်း၊ e-Library မရှိသော ကျောင်းပေါင်း ၅၃ ကျောင်းနှင့် e-Library ဆောင်ရွက်ဆဲ ကျောင်းပေါင်း ၂၅ ကျောင်းရှိပါကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ ကျောင်းသား၊ ကျောင်းသူအရေအတွက် အပေါ်မူတည်၍ လုံလောက်သော Internet လိုင်းနှုန်းရရှိရန် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၏ သက်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်အလိုက် ထည့်သွင်းလျာထားတောင်းခံဆောင်ရွက်လျက်ရှိပြီး ခွင့်ပြုရန်ပုံငွေအရ Internet Access အတွက် သုံးစွဲလိုင်းနှုန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ကို ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ဖြေကြားပါကြောင်း။



ဒုတိယဝန်ကြီး ဦးကျော်မျိုး



ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း

## လူမှုအကျိုးပြုလုပ်ငန်း CSR များနှင့်ပတ်သက်၍ Internet Access ဆောင်ရွက်ပေးနိုင်သော သက်ဆိုင်ရာ ကုမ္ပဏီများနှင့် ဆွေးနွေးညှိနှိုင်း၍ ဝန်ဆောင်ခ နှုန်းထားများကို သက်သာစွာ ကောက်ခံဆောင်ရွက်ပေးနိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လူမှုအကျိုးပြုလုပ်ငန်း Corporate Social Responsibility(CSR) များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပညာရေးကဏ္ဍအတွက် တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းပေါင်း ၁၈၆ ကျောင်းတွင် Fiber,ADSL,Mobile စနစ်တို့ဖြင့် အင်တာနက်ဒေတာ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လူမှုအကျိုးပြုလုပ်ငန်း CSR များနှင့်ပတ်သက်၍ Internet Access ဆောင်ရွက်ပေးနိုင်သော သက်ဆိုင်ရာကုမ္ပဏီများနှင့် ဆွေးနွေးညှိနှိုင်း၍ ဝန်ဆောင်ခနှုန်းထားများကို သက်သာစွာ ကောက်ခံဆောင်ရွက်ပေးနိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင်၊ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုးနှင့် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဦးကျော်မျိုးတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းကို အဆိုတင်သွင်းပြီး ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းသည့် မြန်မာ့သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်သီးပင် ဥယျာဉ်ခြံလုပ်ငန်းများ၏ အဓိက လိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေးနိုင်သည့် စီမံကိန်းမျိုးကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဖာပွန် မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်က “၀” ဒေသတွင် ခြံတစ်ခြံလျှင် ဧက ၅၀၀ ကျော်ရှိပါကြောင်း၊ ခြံထဲတွင် ကိုင်းဆက်သစ်ကြားမျိုးစိုက်ပျိုးပါကြောင်း၊ သစ်ကြားမျိုးအပင်၏အောက်တွင် ကော်ဖီနှင့် နာနတ်စိုက်ကြပါကြောင်း နှစ်စဉ်အချိန်တန်လျှင် တရုတ်ပြည်မှ ဝယ်လက်က စာချုပ်ချုပ်ဆိုပါကြောင်း၊ သစ်ကြားပင်၊ ကော်ဖီ၊ နာနတ်ပိုင်ရှင်များက မည်သည့်အရာမှ လုပ်စရာမလိုပါကြောင်း၊ စာချုပ်ချုပ်သည့်သူက ရေတိုက်၊ အစာကျွေး၊ သန့်ရှင်းရေး စသည်တို့ လုပ်ပါကြောင်း၊ သစ်ကြားပင်သည် ရှစ်နှစ်ကျော်လျှင် အသီးသီးပါကြောင်း၊ ထို့ကြောင့် မြေအမြင့်တူ၊ ရာသီဥတုတူသည့် ဒေသဖြစ်သည့် ရခိုင်ရိုးမ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယား၊ ကရင်နှင့် တနင်္သာရီဒေသများတွင် စီမံကိန်းချ၍ အကောင်အထည်ဖော်သင့်ပါကြောင်း။

ထန်းပင်သည်လည်း မြန်မာရာသီဥတုတွင် မည်သည့်နေရာမဆို စိုက်ပျိုး၍ရပါကြောင်း၊ ရန်ကုန်-မန္တလေး ကားလမ်း၊ ရထားလမ်း ဝဲယာတွင် ထန်းပင်များသည် နိုင်ငံတော်အတွက် ၁၄ နှစ်ကြာလျှင် နောင်လာနောက်သားများအတွက် အသီးကို စည်သွတ်ဘူး၊ အရည်ကို ထန်းလျက်၊ အပင်ကို နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ပါကြောင်း၊ သစ်သီးဝလံစိုက်ပျိုးပြီးလျှင် နိုင်ငံခြားအထိ တင်ပို့နိုင်ရမည်ဖြစ်ပါကြောင်း၊ တင်ပို့သည့်အခါ သစ်သီးဝလံ စစ်ဆေးခံသည့် Gamar Ray Machine စသည့် နည်းလမ်းများရှိရန်လည်း လိုအပ်ပါကြောင်း၊ Gamar နည်းစနစ်မရှိလျှင် မိမိတိုင်းပြည်မှ ပစ္စည်းကောင်းသော်လည်း လက်ခံမည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် ဥယျာဉ်ခြံ သစ်သီးဝလံဈေးကွက် မြင့်မားလာစေရန်အတွက် နိုင်ငံတော်မှ ပံ့ပိုးရေးအဆိုအား အကြံပြုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်းက မြန်မာသစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဈေးကွက်ကောင်းရရန်ဖန်တီးရမည်ဖြစ်ပါကြောင်း၊ အရည်အသွေးမြှင့်ရန်၊ မျိုးကောင်းမျိုးသန့်ရရန်၊ နည်းပညာရရန်၊ အခြားနိုင်ငံသို့ တင်ပို့ရန် ထုပ်ပိုးမှုကောင်းရန်တို့ လိုအပ်ပါကြောင်း၊ အရေးကြီးဆုံးသည် အရင်းအနှီးဖြစ်ပါကြောင်း၊ နိုင်ငံတော်ဘက်မှလည်း တောင်သူများအား အရင်းအနှီးလုံလောက်စွာ ထုတ်ပေးနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်စပ်၍ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

စီမံကိန်းများဆောင်ရွက်ရာတွင်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခွဲခြားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဒေသအလိုက်၊ ဇုန်အလိုက်ဖြစ်ထွန်းနိုင်မည့် သီးနှံများ ရွေးချယ်၍ မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးနိုင်ရေး၊ နည်းပညာများပေးနိုင်ရေး၊ စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ စက်ကိရိယာများ အသုံးပြုနိုင်ရေး၊ အရင်းအနှီးရနိုင်မည့် နည်းလမ်းများ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေး၊ ပြည်တွင်း ပြည်ပ ဈေးကွက်ရှာဖွေဖန်တီးပေးနိုင်ရေး စသည့်အချက်များပါဝင်သည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ ဒေသအလိုက်၊ ဇုန်အလိုက် ရေးဆွဲဆောင်ရွက်ခြင်းဖြင့် နှစ်ရှည်ပင် သစ်သီးဝလံများသာမက အခြားသောသီးနှံစိုက်ပျိုးသူ တောင်သူလယ်သမားများပါ အာမခံချက်ရှိ၍ တောင်သူလယ်သမားများ ဘဝမြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ တွန်းဇံ မဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ကျိုက်လတ် မဲဆန္ဒနယ်မှ ဦးရန်လင်းနှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

## စားသုံးမှုအန္တရာယ်ကင်းစေရေးနှင့် ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် အရည်အသွေးပြည့်ဝစေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP စနစ်နှင့် စိုက်ပျိုးထုတ်လုပ်နိုင်စေရန် နည်းပညာပေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိ

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မျိုးစေ့၊ ပျိုးပင်ထုတ်လုပ်မှုအပိုင်းတွင် မျိုးကောင်း၊ မျိုးသန့်များကို ဌာနပိုင်ခြံများမှ ဖြန့်ဖြူးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကပျိုးဥယျာဉ်များမှလည်း ထုတ်လုပ်ဖြန့်ဖြူးပါကြောင်း၊ ပြည်တွင်း၌ လက်ရှိစိုက်ပျိုးထုတ်လုပ်လျက်ရှိသော မျိုးများအပြင် ပြည်ပမှ မျိုးသစ်များတင်သွင်းမည်ဆိုပါက မျိုးစေ့ဥပဒေအရ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စားသုံးမှုအန္တရာယ်ကင်းစေရေးနှင့် ပြည်ပဈေးကွက်သို့တင်ပို့ရာတွင် အရည်အသွေးပြည့်ဝစေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP စနစ်နှင့် စိုက်ပျိုးထုတ်လုပ်နိုင်စေရန် နည်းပညာပေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

GAP စနစ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းက အဆိုတင်သွင်းခဲ့မှုအပေါ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် အတည်ပြုပြီးဖြစ်သည့်အတွက် ဌာနအနေဖြင့် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ နည်းပညာပေးလုပ်ငန်းများ၊ သင်တန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ တောင်သူများ ကြုံတွေ့ရသည့်အခက်အခဲကို အချိန်မီဖြေရှင်းပေးနိုင်ရန်အတွက်လည်း သိရှိလိုသည့် စိုက်ပျိုးရေးဆိုင်ရာ မေးမြန်းချက်များကို Call Center ဖုန်းနံပါတ် ၀၆၇ - ၄၁၀၁၃၉၉နှင့် ၀၁ - ၂၃၉၉၅၅၅တို့မှ အချိန်မီ ဖြေကြားပေးနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်မည့် အရေးပေါ်ပြန်လည်ထူထောင်ရေး အစီအစဉ် စီမံကိန်းဆောင်ရွက်ရာတွင် ဥယျာဉ်ခြံသီးနှံများအတွက် မျိုးစေ့ပျိုးပင်ထောက်ပံ့ခြင်း၊ စံပြပျိုးရုံများ တည်ထောင်၍ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အအေးခန်းသိုလှောင်အိမ်များ ပံ့ပိုးမည့် အစီအစဉ်၊ မျိုးစေ့သိုလှောင်ရုံ တည်ဆောက်မည့် အစီအစဉ်များကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သစ်သီးဝလံ၊ ဥယျာဉ်ခြံသီးနှံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် စီမံကိန်း အသွင်သဏ္ဌာန်ထက် လက်တွေ့အကျိုးရှိ ထိရောက်မည့် လုပ်ငန်းအစီအမံများဖြင့် သစ်သီးဝလံ၊ ဥယျာဉ်ခြံသီးနှံများ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်တွင်းအတွက်သာမက ပြည်ပတင်ပို့မှုအတွက်ပါ အလားအလာကောင်းရှိသော အရည်အသွေးမီ သစ်သီးဝလံ၊ ဥယျာဉ်ခြံသီးနှံများကို ဦးစားပေးအစီအစဉ်ဖြင့် အောင်မြင်ဖြစ်ထွန်းသည့် ဒေသအလိုက် အစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အဆိုကို အတည်ပြုနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဩဂုတ် ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခုဖတ်ကြားခြင်း၊ တံတားကြီးများဥပဒေကြမ်းကို တင်သွင်းခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် ပါချန်မြစ်ကူး ထိုင်း - မြန်မာကုန်သွယ်ရေးတံတားတစ်စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ မရှိ** သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ကော့သောင်းမြို့နယ်အတွင်း ပါချန်မြစ်ကူး ထိုင်း - မြန်မာကုန်သွယ်ရေးတံတားကို တည်ဆောက်ရန်အတွက် ထိုင်းနှင့်မြန်မာ သဘောတူညီထားမှုမရှိသေးသည့်အတွက် လတ်တလောအခြေအနေတွင် တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

## ဗန်းမော်၊မြစ်ကြီးနား၊ ကန်ပိုင်တီးလမ်းမပေါ်ရှိ တံတားများ ပျက်စီးမှုမဖြစ်ပေါ်စေရန်အတွက် မိုးတွင်းကာလ ၁၀ ဘီးနှင့် အထက်ယာဉ်များဖြတ်သန်းသွားလာမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားမည်

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ **အိမ်နီးချင်းနိုင်ငံမှ ငှက်ပျောသယ်ဆောင်သည့် ၂၂ ဘီးကားကြီးများ အခေါက်ရေ ရာထောင်မက အဆမတန် တန်ပိုဖြတ်သန်းသွားလာမှုကြောင့် ကချင်ပြည်နယ်၊ ဗန်းမော်၊ မြစ်ကြီးနား၊ ကန်ပိုင်တီးလမ်းမပေါ်ရှိ တံတားကြီးများ၏ အရည်အသွေးကျဆင်းနေမှုအပေါ် စစ်ဆေးကြပ်မတ်ပြုပြင်ရန် လိုအပ်နေသည်များကို အချိန်မီပြုပြင်ရန်နှင့် စည်းကမ်းဖောက်ဖျက်မှုတို့ကို ထိရောက်စွာ တားဆီးအရေးယူပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက လမ်း/တံတားများ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် နှစ်စဉ်မိုးတွင်းကာလတွင် ၁၀ ဘီးနှင့်အထက် ယာဉ်ကြီးများ ဖြတ်သန်းသွားလာခွင့် ပိတ်ပင်တားဆီးရေး ဆောင်ရွက်ထားရန် ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ ညှိနှိုင်းထားပါကြောင်း၊ ယခုနှစ်မိုးတွင်း ကာလတွင်လည်း ၁၀ ဘီးနှင့် အထက်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုမရှိစေရန် စစ်ဆေးတားမြစ်နိုင်ရေးအတွက် သတိပေးဆိုင်းဘုတ်များ စိုက်ထူတားဆီးသွားမည်ဖြစ်ပြီး တန်ပိုတားဆီးရေးအဖွဲ့များ စနစ်တကျဖွဲ့စည်း၍ စည်းကမ်းဖောက်ဖျက်မှုများ မရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဆမီး - ပီဝ - အလုံဘွေ - ဖောင်ပိုက်ကုန်း - ထလုံကုန်း - တပ်ချောင်းရွာကြား ကားလမ်းဖောက်လုပ်ပေးရန် ရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့ ရပ်ကွက်(၃)၊ ပီဝ - အလုံဘွေ - ဖောင်ပိုက်ကုန်း - ထလုံကုန်း - တပ်ချောင်းရွာကြား ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိမရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဆမီး - ပီဝလမ်းပိုင်း ၆မိုင်နှင့်ပါထန်း - တပ်ချောင်းလမ်းပိုင်း ၈မိုင် ၃ဖာလုံတို့ကို မြေသားလမ်းဖောက်လုပ်ရာတွင် လမ်းတာချဲ့ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ပီဝ - အလုံဘွေ - ပါထန်းရွာလမ်းပိုင်း ၅မိုင် ၅ ဖာလုံအား ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းနိုင်ရေးအတွက် စတင် တင်ပြသွားရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လမ်းစာရင်းတွင် သိမ်းသွင်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရန်ပုံငွေများတင်ပြတောင်းခံ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။


ဒုတိယဝန်ကြီး ဦးကျော်လင်း


ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်

## မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူ

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်** စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအောင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက **တံတားကြီးများ ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင်က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန်ရေးဆွဲပြဋ္ဌာန်း အကောင်အထည် ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဆွေးနွေး

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန်လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန်လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်းစသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန်ရေးဆွဲပြဋ္ဌာန်း အကောင်အထည် ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရသည့် ပြဿနာသည် လက်ရှိတွင် ကြိုးပမ်းဖြေရှင်းနေရဆဲဖြစ်ပါကြောင်း၊ မြေနေရာသိမ်းဆည်းမှုပြဿနာအပြင် နောက်ဆက်တွဲ ပေါ်ပေါက်လာသည်မှာ စိုက်ပျိုးရေးဆိုင်ရာမြေနှင့် အခြားမြေအမျိုးမျိုးကို ဥပဒေနှင့်မညီဘဲ ပြောင်းလဲအသုံးချလာခြင်း ဖြစ်ပါကြောင်း၊ တစ်ချိန်တွင် အဆိုပါ ပြဿနာသည် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရသည့် ပြဿနာကဲ့သို့ ကြီးထွားလာနိုင်ပါကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေးကို မှီခိုနေရသည့် နိုင်ငံအနေဖြင့် အဆိုပါ ပြဿနာ၏ အကျိုးဆက်ကို ရင်ဆိုင်လာရမည် ဖြစ်ပါကြောင်း။

လယ်ယာမြေ၊ ခြံမြေ၊ အခြားမြေများကို ဥပဒေနှင့်မညီဘဲ အနာဂတ်မြေအသုံးချမှုဆိုင်ရာ လိုအပ်ချက်များ၊ သက်ဆိုင်ရာ ဒေသဖွံ့ဖြိုးမှုနှင့် အများပြည်သူများ၏ ဆန္ဒကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ဆောင်ရွက်ရန်မသင့်ပါကြောင်း၊ ထို့ကြောင့် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ပိုမိုအားကောင်းလာစေရန်အတွက် သက်ဆိုင်ရာမြေယာနှင့် ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များအနေဖြင့် အစီအမံများကို ဆောင်ရွက်သည့်အခါတွင် ဥပဒေနှင့်အညီ ပြင်ဆင်သင့်ပြီး ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သင့်ပါကြောင်း၊ အဆိုရှင် တင်ပြခဲ့သည့်အတိုင်း လယ်ယာမြေနှင့် ပတ်သက်သည့် အစီအမံများ၊ နောင်အနာဂတ်အတွက် သေချာစနစ်ကျသည့် မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်သင့်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ထိရောက်စွာပြောင်းလဲစေလိုပါက အဆိုတွင်ပါဝင်သည့် အဆင့်ဆင့်သော ကော်မတီများတွင် ဖွဲ့စည်းပုံနှင့် တာဝန်အပ်နှင်းမှုပုံစံများကို ပြောင်းလဲရမည် ဖြစ်ပါကြောင်း၊ မိမိမြို့နယ် မိမိဒေသအကျိုးကို အမှန်တကယ်လိုလားစွာ ဆောင်ရွက်မည့် ဒေသခံပြည်သူအရေအတွက် ပိုမိုပါဝင်သည့် ဖွဲ့စည်းပုံနှင့် ခေါင်းဆောင်မှု တာဝန်ပေးအပ်မှုမျိုးကို ပြောင်းလဲသင့်သည်ဟု အကြံပြုလိုပါကြောင်း၊ တာဝန်ရှိသူများ၏ ဥပဒေနှင့်မညီသည့် လုပ်ရပ်များအပေါ်တွင် အရေးယူရန် လိုအပ်နေပါကြောင်း၊ အကျင့်ပျက်ခြစားမှု အမြင့်ဆုံးထိပ်ပိုင်းနိုင်ငံများတွင် ပါဝင်နေသည့် မိမိတို့ နိုင်ငံသည် အရေးယူမှုနှင့် ကြပ်မတ်မှုများသည် အနိမ့်ဆုံးအဆင့်တွင် ရှိနေပါကြောင်း။

ယခုအချိန်တွင် မိမိတို့နိုင်ငံ၏ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကို တာဝန်ယူ တာဝန်ခံကြရသည့် ပုဂ္ဂိုလ်များသည် ဘတ်ဂျက်များကို စီမံခန့်ခွဲခြင်းအားဖြင့် ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန် တာဝန်ရှိသကဲ့သို့ တာဝန်ယူထားကြသည့် ဝန်ကြီးဌာနများအောက်တွင် နှစ်ပေါင်းများစွာ ခေါက်ရိုးကျိုးနေမှုများ၊ ဥပဒေလက်တစ်လုံးခြား လုပ်နေမှုများနှင့် အကျင့်ပျက်ခြစားမှုများကိုပါ ထိထိရောက်ရောက် ကြပ်မတ်ကိုင်တွယ်စီမံခြင်းအားဖြင့် ပြုပြင်ပြောင်းလဲမှုကိုပါ တစ်ပြိုင်တည်း တာဝန်ယူလုပ်ဆောင်ရမည်ကို အကြံပြုလိုပါကြောင်း၊ လွှတ်တော်တွင် ဆွေးနွေးနေသည့် အဆိုကိုလည်း အစိုးရအဖွဲ့ဝန်ကြီးများအနေဖြင့် ခေါင်းစဉ်လောက်သာမကြည့်ဘဲ ကိုယ်စားလှယ်များ တစ်ဦးချင်းဆွေးနွေးနေသည့် အကြောင်းအရာများကို သေချာလေ့လာ၍ လေးလေးနက်နက် သုံးသပ်ဆောင်ရွက်စေလိုပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးအေးဗိုလ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဩဂုတ် ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# နယ်စပ်ဒေသများတွင် တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ကုန်သွယ်မှုကို ထိရောက်စွာ ဟန့်တားမည်

**ရန်ကုန် ဩဂုတ် ၂၁**

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေအတည်ပြုပြဋ္ဌာန်းပြီးပါက နယ်စပ်ဒေသများတွင် တောရိုင်းတိရစ္ဆာန်ထွက် ပစ္စည်းများ တရားမဝင်ကုန်သွယ်မှုကို ထိရောက်စွာ ဟန့်တားနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ပြောသည်။

ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံရှိ Hotel Yangon တွင် ပြုလုပ်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာနည်းဥပဒေ ပြင်ဆင်ပြုစုရေးအတွက် ရန်ကုန်မြို့အကျိုးသက်ဆိုင်သူများ၏ အကြံပြုချက်များရယူခြင်းဆိုင်ရာ ဆွေးနွေးပွဲတွင် သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ၎င်းက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

“အရင်ဥပဒေက ပြစ်မှုပြစ်ဒဏ်တွေ ဆီလျော်မှုမရှိတော့ဘူး။ ဥပဒေသစ်မှာတော့ ပြစ်မှုပြစ်ဒဏ်တွေက တော်တော်လေးကို ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်မျိုး ဖြစ်လာတဲ့အတွက် ဒီအပေါ်မှာ ကျူးလွန်တဲ့ ပြစ်မှုအပေါ်မူတည်ပါတယ်။ သာမန်ကာကွယ်ထားတဲ့ တိရစ္ဆာန်တွေအပေါ် ကျူးလွန်ရင်တစ်မျိုး၊ လုံးဝကာကွယ်ထားတဲ့ တောတွင်းတိရစ္ဆာန်တွေအပေါ် ကျူးလွန်ရင်တစ်မျိုး ဒီအပေါ်မှာ ထိရောက်ဟန့်တားထားတဲ့ ပြစ်ဒဏ်တွေ ရှိလာပြီး ဖြစ်တဲ့အတွက် နယ်စပ်တွေမှာလည်း တရားမဝင်ရောင်းချနေတာတွေကို ဟန့်တားဖို့ အထောက်အကူပြုလာမှာ ဖြစ်ပါတယ်” ဟု သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ပြောသည်။

တောရိုင်းတိရစ္ဆာန်ထွက် ပစ္စည်းများ ဝယ်လိုအား များလာသဖြင့် မြန်မာနိုင်ငံသည် တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ကုန်ကူးရာ အချက်အချာနေရာတစ်ခု ဖြစ်လာခဲ့ပြီး ရွှေတြိဂံဒေသဟုခေါ်သည့် တရုတ်၊ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံနယ်စပ်ဒေသများတွင် သားငှက်တိရစ္ဆာန်များ တရားမဝင် ကုန်သွယ်မှုပြုလုပ်ရာ ဈေးကွက် ကြီးကြီးမားမားရှိနေကြောင်း WWF မှ သိရသည်။

သစ်တောဦးစီးဌာန အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဈေးများ၊ ဘုရားတန်ဆောင်းများနှင့် လေဆိပ်တို့တွင် တောရိုင်းတိရစ္ဆာန်တို့၏ အစိတ်အပိုင်းများဖြင့် ပြုလုပ်ထားသည့် အမှတ်တရပစ္စည်းများနှင့် တောရိုင်းတိရစ္ဆာန်အသားဟင်းလျာများ တရားမဝင်သယ်ယူခြင်း၊ရောင်းချခြင်းများ မပြုလုပ်ရန် အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိသည်။

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄)ကို ပြောင်းလဲလာသည့် အခြေ



အနေများနှင့် လျော်ညီစေရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဥပဒေရေးဆွဲရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုပြင်ရေးဆွဲ၍ ၂၀၁၈ ခုနှစ် မေ ၂၁ ရက်တွင် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။

**မင်းသစ်**(MNA)၊ **ဓာတ်ပုံ** (WWF)

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ စီးပွားရေးစကားဝိုင်းကျင်းပ

## ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ် (၂၀၁၆)၏ အကာအကွယ်ပေးမှု ၊ မြေယာအသုံးချခွင့်၊ ဥပဒေအရတားမြစ်ထားသည့် လုပ်ငန်းများ၊ ဝင်ငွေခွန်ကင်းလွတ်သက်သာခွင့်ရသည့် ဦးစားပေးကဏ္ဍများ

**ရဲခေါင်ညွန့်၊ ဇော်ကြီး၊ ဓာတ်ပုံ - ဖိုးဇော်**

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည်များကို ဆက်လက်ဖော်ပြအပ်ပါသည်။**

*(ယမန်နေ့မှအဆက်)*

**မေး ။ ။ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်တွေကို အကာအကွယ်ပေးတာနဲ့ ပတ်သက်ပြီး တချို့မသိသေးတဲ့ အချက်တွေရှိပါတယ်။ ဘယ်လို အကာအကွယ်ပေးနေသလဲ။ ဘယ်လို အကာအကွယ်ပေးထားသလဲဆိုတာလေး သိချင်ပါတယ်။**

**ဦးသန်းအောင်ကျော်** ။ ။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုရဲ့ အခြေခံသဘောတရား၊ ကျွန်တော်တို့ ဒေသတွင်းမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်တဲ့ သဘောတူညီချက်တွေဆိုရင် နှစ်ဖက်သဘောတူညီချက်တွေ၊ ဒေသတွင်း သဘောတူညီမှုတွေ ရှိတယ်။ အဲဒီမှာ ရင်းနှီးမြှုပ်နှံမှု လာလုပ်မယ့်သူတွေအတွက် သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံတွေက အကူအညီပေးဖို့ တာဝန်ရှိတယ်။ ကျွန်တော်တို့ ဥပဒေတွေထဲမှာလည်း အဲဒီကိစ္စကို အတိအလင်းပြဋ္ဌာန်းထားတယ်။ ရင်းနှီးမြှုပ်နှံမှု ဥပဒေတစ်ခုတည်းမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေမှာကိုက နိုင်ငံတော်ရဲ့အခြေခံမူ ပုဒ်မ ၃၆ (ဃ)ကို ကြည့်ရင် နိုင်ငံတော်က စီးပွားရေးလုပ်ငန်းတွေကို ဘယ်တော့မှ ပြည်သူပိုင်မသိမ်းဘူးလို့ ပြဋ္ဌာန်းထားပြီးသား။ ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ဘာကို ပြထားသလဲဆိုရင် ရင်းနှီးမြှုပ်နှံမယ့်သူ ဝင်လာတယ်။ သူတင်ပြတဲ့အတိုင်း အနှစ် ၂၀၊ ၃၀၊ ၅၀ စသည်ဖြင့် ခွင့်ပြုလိုက်တယ်။ ခွင့်ပြုထားတဲ့ ကာလအတွင်းမှာ သူက ဥပဒေအတိုင်း လုပ်နေသရွေ့ သူ့ကိုသွယ်ဝိုက်ပြီး သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း အဲဒီလုပ်ငန်းကို ရပ်စေ၊ သိမ်းစေမလုပ်ဘူးလို့ အာမခံထားတယ်။ ဒါပေမယ့် နိုင်ငံအတွက်၊ တိုင်းပြည်အတွက် လိုလာပြီ။ မဖြစ်မနေ ဒီလုပ်ငန်းကို ပိတ်သိမ်းဖို့ လိုအပ်လာရင် ပြည်သူ့အတွက် ပိတ်သိမ်းနိုင်တယ်။ ဒါပေမယ့် စည်းကမ်းချက်တွေ ရှိတယ်။ အဲဒီလို ပိတ်သိမ်းမှုတွေ လုပ်တဲ့အခါ ဘက်မလိုက်ရဘူး။ ဥပဒေနဲ့အညီ လုပ်ရမယ်။ အဲဒီလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်အားလုံးကို နစ်နာမှုမရှိအောင် အမြန်ဆုံးပေးလျော်ပြီးမှ ပိတ်သိမ်းနိုင်တယ်။ ဒါဟာ ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံသူတွေအတွက် ပေးထားတဲ့ ကတိကဝတ်နဲ့ ကာကွယ်မှုပါ။

**ဦးအေးလွင်** ။ ။ ကျွန်တော် ဖြည့်ပြောချင်တာက အစိုးရကပဲ၊ တာဝန်ရှိတဲ့ ဌာနတွေကပဲ ပြေလည်အောင် လုပ်ပေးမယ်၊ ဖြေလျှော့ပေးမယ်၊ လွယ်ကူအောင် လုပ်ဆောင်ပေးမယ်ဆိုတာတွေကို လုပ်ဖို့လိုသလို ပြည်တွင်းရင်းနှီးမြှုပ်နှံမှုပဲဖြစ်ဖြစ်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုပဲဖြစ်ဖြစ်၊ တိုင်းရင်းသားဖြစ်ဖြစ်၊ နိုင်ငံခြားသားဖြစ်ဖြစ် ဥပဒေအတိုင်း စနစ်တကျလုပ်ဖို့ လိုပါတယ်။ ကျင့်ဝတ်ကောင်းတဲ့၊ ကျင့်ဝတ်လိုက်နာတဲ့ စီးပွားရေးလုပ်ငန်းရှင်ဖြစ်ဖို့ လိုပါတယ်။ အကာအကွယ်ပေးတယ်ဆိုတာ ရင်းနှီးမြှုပ်နှံမှုကို အကာအကွယ်ပေးတာပါ။ ရင်းနှီးမြှုပ်နှံသူကို အကာအကွယ်ပေးတာ မဟုတ်ဘူး။ ရင်းနှီးမြှုပ်နှံမှုက တိုင်းပြည်အတွက် အင်မတန်အရေးကြီးတယ်ဆိုရင် အားပေးမယ်။ စောင့်ကြည့်မယ်။ ကာကွယ်ပေးမယ်။ လိုအပ်တာတွေ ကူညီပေးမယ်။ လုပ်ငန်းရှင်က ဥပဒေချိုးဖောက်နေရင်တော့ သူ့ကို အကာအကွယ်ပေးလို့ မရဘူး။ ချိုးဖောက်တဲ့ ဥပဒေအတိုင်းကို အရေးယူခွင့်ရှိပါတယ်။

### ရင်းနှီးမြှုပ်နှံမှုမှာ နှစ်ဦးနှစ်ဖက် ရိုးသားစွာ ကြိုးစားလုပ်ဖို့လို

ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ် ပုဒ်မ ၅၅ မှာ ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်ရန် တာဝန်ရှိသည်ဆိုတာပါတယ်။ ဒါပေမယ့် အောက်ပါအချက်အလက်လေးခုမှအပ ဆိုတာပါတယ်။ နံပါတ်(တစ်)နိုင်ငံတော်နှင့် ပြည်သူအတွက် အဲဒီလုပ်ငန်းကို အမှန်တကယ်လိုအပ်တဲ့အခါမှာ၊ (နှစ်)ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီအဖွဲ့ဝင်တွေထဲမှာ တည်ဆဲဥပဒေတွေကို ကျော်လွှားချိုးဖောက်ထားမယ်ဆိုရင် ကာကွယ်ပေးလို့ မရပါဘူး။ (သုံး) ရင်းနှီးမြှုပ်နှံသူနဲ့ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ လုပ်ငန်းရှင်အချင်းချင်း နှစ်ဖက်သဘောတူချုပ်ဆိုထားတဲ့ ကတိကဝတ်တွေကို ဖောက်ဖျက်ခဲ့ရင် ကာကွယ်ပေးလို့ မရပါဘူး။ (လေး) ဆက်စပ်နေတဲ့ ဝန်ကြီးဌာနတွေ အပါအဝင် ကျင့်ဝတ်ကောင်းတယ်၊ ပတ်ဝန်းကျင်မထိခိုက်ဘူး၊ ပြည်သူတွေကို မထိခိုက်ဘူးဆိုတဲ့ အချက်တွေကို ချိုးဖောက်ထားရင် ကာကွယ်လို့ မရပါဘူး။ ကာကွယ်ရင် တရားစွဲခွင့် ရှိပါတယ်။ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ပေးပါ။ လျော်ကြေးပေးသင့်တာကို ပေးပါမယ်။ မပေးသင့်ဘူးဆိုရင်လည်း ပေးစရာမလိုဘူးလို့ ဥပဒေမှာ ဖော်ပြထားပါတယ်။ ကျွန်တော်ဆိုလိုတာက ရင်းနှီးမြှုပ်နှံမှုအပေါ်မှာ နှစ်ဦးနှစ်ဖက် အစိုးရရော ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်အားလုံးကရော ရိုးသားစွာ ကျင့်ဝတ်ကောင်းကောင်းနဲ့ ကြိုးစားလုပ်ဖို့ လိုတယ်ဆိုတဲ့အကြောင်း၊ ဥပဒေအတိုင်းလိုက်နာဖို့ လိုတယ်ဆိုတဲ့အကြောင်း ဖြည့်စွက်ပြောကြားတာပါ။

**မေး ။ ။ ရင်းနှီးမြှုပ်နှံတဲ့နေရာမှာ မြေနဲ့ ပတ်သက်ပြီး ဘယ်လိုအသုံးပြုခွင့်ပေးထားလဲဆိုတာကို ဆွေးနွေးပေးစေချင်ပါတယ်။**

**ဒေါ်မြသူဇာ** ။ ။ မြေနဲ့ပတ်သက်ပြီးတော့ ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းတစ်ခုလုပ်မယ်ဆိုရင် လုပ်ငန်းအမျိုးအစား၊ လုပ်ကိုင်မယ့်နေရာဒေသအပေါ် မူတည်ပြီးတော့ ငှားရမ်းဆောင်ရွက်ခွင့်ရှိတယ်။ အရင်ကတော့ ပုဂ္ဂလိကမြေမှာ ငှားရမ်းဆောင်ရွက်ခွင့် မရှိပါဘူး။ နိုင်ငံတော်မြေပဲ ငှားရမ်းဆောင်ရွက်ခွင့် ရှိတာကြောင့် ၂၀၁၁ မှာ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အမိန့်ကြော်ငြာစာ အမှတ် ၃၉/၂၀၁၁ ဆိုပြီးတော့ ထုတ်တယ်။ ၁၉၈၇ မရွှေ့မပြောင်းနိုင်တဲ့ ကန့်သတ်ဥပဒေပုဒ်မ ၁၄၊ ၁၅ အရ သတ်မှတ်ထားတာက နိုင်ငံခြားသားကို ငှားရမ်းရင် ၁၀ နှစ်ထက် ပိုမငှားရဘူး။ အဲဒါကို ဖောက်ထွက်ဖို့အတွက် အမိန့်ကြော်ငြာစာ ထုတ်ပေးတယ်။ အဲဒီ အမိန့်ကြော်ငြာစာအရဆိုရင် ပုဂ္ဂလိကမြေကို ငှားရမ်းဆောင်ရွက်ခွင့်ရှိတယ်။ ဒါကြောင့် ၂၀၁၂ ဥပဒေပြဋ္ဌာန်းတာနဲ့ ပုဂ္ဂလိကမြေကို ငှားရမ်းဆောင်ရွက်ခွင့်ရှိတာနဲ့ သဟဇာတဖြစ်သွားတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုက တိုးတက်လာပါတယ်။ အခု ဥပဒေမှာဆို အတိအလင်း ဖော်ပြထားပါတယ်။ မြေငှားရမ်းမယ်ဆို ပုဂ္ဂလိကကဖြစ်စေ၊ နိုင်ငံတော်အဖွဲ့အစည်းက ငှားရမ်းသည်ဖြစ်စေ သက်တမ်းပြည့်ငှားရမ်းခွင့် နှစ် ၅၀ နဲ့ နောက်ထပ် ၁၀ နှစ်စီ နှစ်ကြိမ် သက်တမ်းတိုးနိုင်တယ်လို့ ပြဋ္ဌာန်းခဲ့ပါတယ်။

**မေး ။ ။ ရင်းနှီးမြှုပ်နှံတာနဲ့ ပတ်သက်ပြီး ဥပဒေအရ တားမြစ်ထားတဲ့ လုပ်ငန်းတွေရှိလား ဆိုတာကိုလည်း ဆွေးနွေးပေးစေချင်ပါတယ်။**

**ဦးသန်းအောင်ကျော်** ။ ။ နိုင်ငံတိုင်းက ရင်းနှီးမြှုပ်နှံတာနဲ့ ပတ်သက်ပြီး ခွင့်ပြုတဲ့အခါ ကိုယ့်နိုင်ငံသားတွေ လုပ်နိုင်တဲ့ အလုပ်တွေ၊ ကိုယ့်အစိုးရကပဲ လုံခြုံရေးအရ အရေးကြီးတယ်၊ တိုင်းပြည်အတွက် မဟာဗျူဟာကျတယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ယဉ်ကျေးမှုတွေနဲ့ ပတ်သက်တယ်၊ အဲဒီလို လုပ်ငန်းမျိုးတွေဆို နိုင်ငံခြားသားတွေကို မပေးပါဘူး။ ကျွန်တော်တို့က ဥပဒေအရ အမိန့် ၁၅/၂၀၁၇ ဆိုတာကို ထုတ်ပြန်လိုက်တယ်။ ဒါကတော့ ဘယ်နိုင်ငံမဆို ရင်းနှီးမြှုပ်နှံမှု ဥပဒေထွက်ပြီးရင် နိုင်ငံခြားသားတွေကို ဘယ်လုပ်ငန်းတွေ ခွင့်ပြုမယ်။ ဘယ်လုပ်ငန်းကိုတော့ ဖက်စပ်လုပ်ပိုင်ခွင့်ပြုမယ်။ ဘာကိုတော့ ရာနှုန်းပြည့် ခွင့်ပြုတယ်ဆိုတဲ့အမိန့်ကို အားလုံးသိအောင် ကြေညာရတယ်။ ဒီသဘောတိုင်းပဲ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

နံပါတ်တစ် အစိုးရကပဲ လုပ်ရမယ့် လုပ်ငန်းတွေ နိုင်ငံတိုင်းမှာရှိတယ်။ ဥပမာ- ကာကွယ်ရေးနဲ့ ပတ်သက်ရင် အစိုးရကပဲ လုပ်ရမယ်။ လေယာဉ်ပျံ၊ လေကြောင်းပျံသန်းမှုတွေကို ထိန်းသိမ်းကြပ်မတ်တာတွေ၊ ဒီလိုအရာမျိုးတွေကို အစိုးရကပဲ ကိုင်တွယ်ဆောင်ရွက်ပါတယ်။ ပြည်တွင်းလည်းမပေးဘူး။ ပြည်ပလည်း မပေးပါဘူးလို့ တိတိလင်းလင်းကြေညာထားတယ်။ လုပ်ငန်းအမျိုးအစား ၉ ခုပဲ ရှိတယ်။

### ခွင့်မပြုတဲ့ လုပ်ငန်းတွေကို တိတိကျကျ ထုတ်ပြန်ထား

ဒုတိယတစ်ခုကတော့ နိုင်ငံခြားသား လုပ်ငန်းရှင်ကို လုံးဝမပေးဘဲ ပြည်တွင်းက လုပ်ငန်းရှင်ကိုပဲ ခွင့်ပြုထားတာရှိတယ်။ ဥပမာ- ရေချိုငါးဖမ်းတာမျိုး၊ ကျွန်တော်တို့ဆီမှာရှိတဲ့ သာမန်တံငါလုပ်သူ၊ စီးပွားရေးလုပ်ငန်းရှင်အသေးစားတွေကို နိုင်ငံခြားသား သွားထည့်လိုက်ရင် ကျွန်တော်တို့ ပြည်တွင်းက သူတွေမှာ အခက်အခဲ ဖြစ်လာနိုင်တယ်။ နောက်ရေနံတွင်းတိမ်လက်ယက်တွင်းလေးတွေ တူးတာမျိုး ကျွန်တော်တို့ ခွင့်မပြုဘူး။ သစ်တောတွေကို ထိန်းကျောင်းဆောင်ရွက်တဲ့ ကိစ္စတွေလည်း နိုင်ငံခြားသားကို ခွင့်မပေးပါဘူး။ ကျောက်မျက်တူးတဲ့ကိစ္စတွေ နိုင်ငံခြားသားတွေကို ခွင့်မပေးပါဘူး။ ဒီလို မပေးဘူးဆိုတဲ့ လုပ်ငန်းတွေကိုလည်း သေသေချာချာ တိတိကျကျ ထုတ်ပြန်ထားတယ်။

နောက်တစ်ခုကတော့ နိုင်ငံခြားသားနဲ့ မြန်မာနိုင်ငံသား ဖက်စပ်လုပ်လို့ ရပါတယ်ဆိုတဲ့ လုပ်ငန်းကိုလည်း အသေးစိတ် ထုတ်ပြန်ထားပါတယ်။ ဖက်စပ်လုပ်ငန်းမှာ လုပ်ငန်းတော်တော်များများပါတယ်။ အဓိက က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးမှာ ကိုယ့်နိုင်ငံသားတွေချည်းပဲ မလုပ်နိုင်တဲ့ကိစ္စတွေ ရှိတယ်။ အရင်းအနှီးမရှိဘူး၊ နည်းပညာမရှိဘူး။ ဒီလုပ်ငန်းကို ဖွံ့ဖြိုးစေချင်တယ်။ ဒါမျိုးဆိုရင် ကျွန်တော်တို့က ဖက်စပ်လုပ်ငန်းထဲမှာ ထည့်ထားတယ်။ ဖက်စပ်လုပ်ငန်းဆိုရင် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ၈၀ ရာခိုင်နှုန်းအထိ ထည့်လို့ရတယ်။

နောက်တစ်ခုကတော့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုကို ၁၀၀ ရာခိုင်နှုန်း ခွင့်ပြုနိုင်တယ်။ ဖက်စပ်နဲ့လည်း ခွင့်ပြုနိုင်တယ်။ ဒါပေမယ့် သက်ဆိုင်ရာဝန်ကြီးဌာနက ဒီလုပ်ငန်းကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့လုပ်ငန်း ဟုတ်/မဟုတ်။ ဒါ့အပြင် နည်းပညာနဲ့ ပတ်သက်မှုပိုင်းအရရော သူကကျွမ်းကျင်တဲ့ အတွေ့အကြုံရှိတဲ့လုပ်ငန်း ဟုတ်/မဟုတ်၊ ဝန်ကြီးဌာနက သေသေချာချာစစ်ဆေးပြီး ခွင့်ပြုမယ့်လုပ်ငန်းဆိုပြီး သေသေချာချာ ခွဲထားတယ်။ ပြန်ချုံ့ပြောရရင် ကန့်သတ်တဲ့ လုပ်ငန်းဆိုတာ အစိုးရနိုင်ငံတော်ကပဲ လုပ်ရမယ့် လုပ်ငန်းတွေကို ကျွန်တော်တို့ ကန့်သတ်ထားပါတယ်။ ပြီးတော့မှ နိုင်ငံသားတွေအတွက်ပဲ သီးခြားထားရမယ့် လုပ်ငန်းတွေကို ကာကွယ်ပြီး ကန့်သတ်ထားပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံခြားသားနဲ့ ကျွန်တော်တို့တစ်တွေ ဖက်စပ်လုပ်ဖို့ ခွင့်ပြုထားတဲ့ လုပ်ငန်းတွေလည်း ရှိပါတယ်။ ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ နိုင်ငံခြားသားတွေ ၁၀၀ ရာခိုင်နှုန်း လုပ်နိုင်တဲ့ လုပ်ငန်းတွေလည်း ခွင့်ပေးထားပါတယ်။

### နိုင်ငံဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းရမယ့် အလုပ်တွေ တံခါးဖွင့်ဆောင်ရွက်

စိုက်ပျိုးရေးကဏ္ဍဆိုရင် ကျွန်တော်တို့မှာ မျိုးကောင်းမျိုးသန့်ရှားတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ထုတ်လုပ်တဲ့ ကုမ္ပဏီတွေနည်းတယ်။ ဒါမျိုးဆိုရင် မျိုးထုတ်တာနဲ့ ပတ်သက်ပြီး နိုင်ငံခြားသားကို ၁၀၀ ရာခိုင်နှုန်း ခွင့်ပြုထားတယ်။ စိုက်ပျိုးရေးကဏ္ဍမှာလည်း နိုင်ငံခြားသားကို ၈၀ ရာခိုင်နှုန်းအထိ လုပ်ခွင့်ပေးထားတယ်။ ကန့်သတ်မှု ရှိပေမယ့် ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းလုပ်ရမယ့် အလုပ်တွေဆိုရင် တံခါးဖွင့်ပြီး ဆောင်ရွက်နေတယ်ဆိုတာကို ပြောလိုပါတယ်။

**မေး ။ ။ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး တိုးမြှင့်ပြီး သတ်မှတ်ထားတဲ့ ဆောင်ရွက်မှုတွေရှိလား။ သီးခြားတိုးမြှင့်ခွင့် ပေးထားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ရှိတယ်ဆိုရင် နိုင်ငံအတွက် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလဲဆိုတာလေး ဆွေးနွေးပေးစေလိုပါတယ်။**




*စာမျက်နှာ ၉ သို့*

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်



ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးတို့ကို ရည်သန်၍ ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်းတွင် ရွှေပါရမီတောရဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက၏ မတည်လှူဒါန်းမှု၊ ၇ ရက်သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ထာဝရငြိမ်းချမ်းရေး စေတီတော်ကြီးကို တည်ထားလျက်ရှိပါသည်။

ယင်းသို့တည်ထားကိုးကွယ်ရာတွင် ထေရဝါဒသာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ မဟာမင်္ဂလာအခမ်းအနား ၉ မျိုးနှင့်အညီ ဖြစ်စေရေးအတွက် ထာဝရငြိမ်းချမ်းရေးစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါမဟာမင်္ဂလာ ၉မျိုးအနက် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ၊ ရတနာပန္နက်တော်တင် တွင်းတော်ဝန်းမဟာမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာနှင့် သတ္တဌာနမူလဌာပနာတော်သွင်း မဟာမင်္ဂလာတို့ကို သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ဖြစ်သောကြောင့် ၁.၉.၂၀၁၈ ရက်နေ့တွင် အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာနှင့် အတွင်းစေတီတော် ရွှေစင် ရွှေသား ရွှေထီးတော်တင် မဟာမင်္ဂလာတို့ကို ကျင်းပမည်ဖြစ်ပြီး အောက်ဖော်ပြပါ မဟာမင်္ဂလာ ၄ မျိုးတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ၊

( ခ ) အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊

( ဂ ) ရွှေထီးတော်တင် မဟာမင်္ဂလာ၊

(ဃ) မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ။

သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာကို မျက်မှောက်မျက်မြင် ရရှိနိုင်စေရန်၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးတွင် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါနေရာများနှင့် တန်ခိုးကြီးဘုရားများရှိ အလှူခံနေရာများသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | အမည်/ရာထူး | နေရာ | ဖုန်းနံပါတ် |
|---|---|---|---|
| (၁) | ဦးသောင်းဝင်း ညွှန်ကြားရေးမှူး | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ဝန်ကြီးရုံး)၊ရုံးအမှတ်(၃၁)၊ နေပြည်တော် | ၀၆၇-၃၄၀၆၂၇၆ ၀၉-၄၂၀၇၀၁၄၆၃ |
| (၂) | ဦးမောင်မောင်မျိုး ညွှန်ကြားရေးမှူး၊ နေပြည်တော် သာသနာရေးမှူး | ထာဝရငြိမ်းချမ်းရေးစေတီတော်ပရိဝုဏ်၊ နေပြည်တော် | ၀၆၇-၃၅၅၀၁၈၃ ၀၉-၂၁၃၂၁၉၁ |
| (၃) | ဦးကြင်ခိုင် ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ကမ္ဘာအေးဘုရားဝင်း၊ ရန်ကုန်မြို့ | ၀၁-၆၆၁၂၇၅ ၀၉-၈၆၀၀၁၁၃၊ ၀၉-၅၁၈၃၄၇၁ |
| (၄) | ဦးကျော်စိန်ဝင်း ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ၆၂ လမ်း၊ မန္တလေးမြို့ | ၀၂၄၀-၆၁၁၁၃ ၀၉-၂၀၀၀၁၀၀၊၀၉-၄၃၁၂၅၃၇၃ |
| (၅) | ဦးရဲအောင်နိုင် စီမံဌာနမှူး | ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး၊ ရန်ကုန်တိုင်းဒေသကြီး | ၀၉-၃၃၀၅၂၂၅၈ |
| (၆) | ဦးထွန်းအောင်ငွေ ရုံးအဖွဲ့မှူး | ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး၊ ရန်ကုန်တိုင်းဒေသကြီး | ၀၉-၇၃၂၄၄၃၄၇ ၀၁-၃၇၀၀၈၉ |
| (၇) | ဦးကျော်နိုင်ထွန်း ရုံးအဖွဲ့မှူး | ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့ရုံး၊ ရန်ကုန်တိုင်းဒေသကြီး | ၀၉-၂၅၀၀၀၃၁၈၀ ၀၁-၂၉၂၁၆၉ |
| (၈) | ဦးမြင့်အုန်း ရုံးအဖွဲ့မှူး | ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ရုံး၊ ရန်ကုန်တိုင်းဒေသကြီး | ၀၉-၂၅၀၆၇၇၂၈၉ ၀၁-၆၆၀၀၀၂ |
| (၉) | ဦးမောင်မောင်ဦး အတွင်းရေးမှူး | ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီး | ၀၉-၇၇၇၀၃၅၄၉၈ |
| (၁၀) | ဦးချစ်ကိုကို ရုံးအဖွဲ့မှူး | ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီး | ၀၉-၇၉၇၁၃၁၈၇၃ |
| (၁၁) | ဦးစိုးလင်း ဥက္ကဋ္ဌ | မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီး | ၀၉-၂၀၀၁၇၆၇ |
| (၁၂) | ဦးသိန်းထွန်း ရုံးအဖွဲ့မှူး | မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီး | ၀၉-၄၄၄၀၄၄၄၇၅ |
| (၁၃) | ဦးသိန်းထွန်း ဥက္ကဋ္ဌ | မန္တလေးတောင်တော်ဂေါပကအဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီး | ၀၉-၂၀၁၂၄၀၂ |

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

*စာမျက်နှာ ၈ မှ*

**ဦးဌေးချွန်** ။ ။ အခုရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်မှာ ပွင့်လင်းမြင်သာမှုရှိတယ်ဆိုတဲ့ အပိုင်းမှာ တစ်ခုပါဝင်တာက ဦးစားပေးသတ်မှတ်တဲ့ကဏ္ဍကို သီးခြားဖော်ပြထားပါတယ်။ ဥပဒေပုဒ်မ ၄၃ မှာ ပါပါတယ်။ အမိန့်ကြော်ငြာစာ ၁၃/၂၀၁၇ မှာဆိုလည်း ဦးစားပေးမြှင့်တင်မည့် ကဏ္ဍများဆိုပြီး သတ်မှတ်ထားပါတယ်။ အဲဒီကဏ္ဍထဲမှာပါတဲ့ လုပ်ငန်းတွေကိုပဲ ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပေးပါတယ်။

အဲဒီကဏ္ဍတွေက လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်လုပ်ငန်းများ၊ လယ်ယာကဏ္ဍထွက်ကုန်များ၊ လယ်ယာကဏ္ဍထုတ်လုပ်မှုလုပ်ငန်းများ၊ လယ်ယာထုတ်လုပ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုများ အဲဒီလယ်ယာထွက်ကုန်တွေကို ထပ်ပြီးအဆင့်မြှင့်တဲ့ value-added Industry ကို ခွင့်ပြုပါတယ်။ value-added Industry တွေတိုးလာရင် နိုင်ငံဝင်ငွေကို ပိုမိုရအောင်နဲ့ တန်ဖိုးအရည်အသွေးမြင့်ကုန်တွေ ထွက်လာပါတယ်။

**ဦးစားပေးမြှင့်တင်မယ့် လုပ်ငန်း ၁၀ မျိုး ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးထား**

နောက်တစ်ခုက တိရစ္ဆာန်မွေးမြူရေးနဲ့ ရေထွက်ပစ္စည်းလုပ်ငန်းပါ။ အဲဒါလည်း ဦးစားပေးမြှင့်တင်မယ့်အထဲမှာ ပါပါတယ်။ နောက်ထပ် ပို့ကုန်မြှင့်တင်တဲ့လုပ်ငန်း (Export Promotion) နဲ့ သွင်းကုန်အစားထိုး လုပ်ငန်းတွေကလည်း ဦးစားပေးထဲမှာ ပါပါတယ်။ လျှပ်စစ်ဓာတ်အားပေးရေး ကဏ္ဍဆိုင်ရာလုပ်ငန်းတွေ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းတွေ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းတွေ၊ တန်ဖိုးနည်းအိမ်ရာ တည်ဆောက်မှုလုပ်ငန်း၊ စက်မှုမြို့တော် တည်ဆောက်မှု လုပ်ငန်းတွေပါ။ ဦးစားပေးမြှင့်တင်မယ့် လုပ်ငန်းက ၁၀ မျိုး ဖြစ်ပါတယ်။ အဲ့ဒီထဲမှာပါမှသာလျှင် ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးမယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ပြောထားပါတယ်။

**▌စက်မှုလက်မှုအခြေခံတွေ ဖွံ့ဖြိုးတိုးတက်မယ်၊ ကုန်ထုတ်စွမ်းအားတွေ ဖွံ့ဖြိုးတိုးတက်မယ်၊ ဒါမှ ကျွန်တော်တို့ တိုင်းပြည်စီးပွားရေး တကယ်ဖွံ့ဖြိုးတိုးတက်မှာ။ စက်မှုလက်မှုအခြေခံတွေ ဖွံ့ဖြိုးတိုးတက်ဖို့က အခြေခံအဆောက်အအုံ (Infrastructure)ဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားကောင်းမွန်ရေး၊ အခြားအခြေခံအဆောက်အအုံ ကောင်းမွန်ရေး၊ အရင်းအနှီးတွေကအစ နိုင်ငံတော်က တည်ဆောက်ပေးဖို့နဲ့ ဆောင်ရွက်ပေးဖို့ တာဝန်ရှိတယ်။▌**

**မေး** ။ ။ **ပြည်သူတွေအတွက် အခြေခံအကျဆုံး ဦးစားပေးရင်းနှီးမြှုပ်နှံမှုက ဘာတွေဖြစ်မလဲဆိုတာလည်း ဖြည့်စွက်ဆွေးနွေးပေးပါဦး။**

**ဦးအေးလွင်** ။ ။ ၁၉၈၈ နောက်ပိုင်း ပေါ်ပေါက်လာတဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အစိုးရအဖွဲ့ကနေ ၁၉၈၉-၉၀ မှာ ပုဂ္ဂလိကလုပ်ငန်းတွေ ပေးလုပ်ပါတယ်။ အဲဒီအချိန်မှာကတည်းက တော်တော်များများကို ပွင့်ပွင့်လင်းလင်း ပေးလိုက်တယ်။ ၁၉၉၄ ကစပြီး နောက်ထပ်မူဝါဒတွေ ပါတယ်။ ပုဂ္ဂလိကတွေ ပေးတယ်။ စက်မှုဇုန်တွေ တည်ထောင်ခဲ့တယ်။ ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း ၁၊ ၂၊ ၃ စသည်ဖြင့် ရန်ကုန်မှာ အများကြီး ပေါ်ပေါက်ခဲ့ပါတယ်။ အစိုးရက မြေပေးတော့ပေးတယ်။ အဲဒီမှာ နိုင်ငံခြားသားတွေ ပြည်တွင်းက အချို့နဲ့ပေါင်းပြီး တရားမဝင်မြေယာဝယ်ယူမှုတွေလုပ်ပြီး မြေကိုကစားတယ်။ အဲဒါတွေက နှစ် ၂၀ လောက် ဖွံ့ဖြိုးတိုးတက်လာတယ်။ တကယ်တမ်းရင်းနှီးမြှုပ်နှံမှု အချိန်ကျရောက်တဲ့အခါမှာ မြေဈေးကြီးတာတွေကြုံရတယ်။ ဒါဟာ နစ်နာသွားတဲ့ အချက်တစ်ချက်ပါ။ မူလကတည်းက ဒါကို စနစ်တကျမကာကွယ်ခဲ့လို့ ဖြစ်တာလို့ ယူဆတယ်။

**စက်မှုလက်မှုအခြေခံဖွံ့ဖြိုးဖို့ နိုင်ငံတော်က ဆောင်ရွက်ပေးဖို့ တာဝန်ရှိ**

စက်မှုလက်မှုအခြေခံတွေ ဖွံ့ဖြိုးတိုးတက်မယ်၊ ကုန်ထုတ်စွမ်းအားတွေ ဖွံ့ဖြိုးတိုးတက်မယ်၊ ဒါမှ ကျွန်တော်တို့ တိုင်းပြည်စီးပွားရေး တကယ်ဖွံ့ဖြိုးတိုးတက်မှာ။ စက်မှုလက်မှုအခြေခံတွေ ဖွံ့ဖြိုးတိုးတက်ဖို့က အခြေခံအဆောက်အအုံ (Infrastructure)ဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား ကောင်းမွန်ရေး၊ အခြားအခြေခံအဆောက်အအုံ ကောင်းမွန်ရေး၊ အရင်းအနှီးတွေကအစ နိုင်ငံတော်က တည်ဆောက်ပေးဖို့နဲ့ ဆောင်ရွက်ပေးဖို့ တာဝန်ရှိတယ်။ ဈေးကွက်ရဖို့၊ နည်းပညာမြင့်မားတိုးတက်ဖို့ နည်းပညာတွေဝယ်ယူဖို့က ပုဂ္ဂလိကတွေနဲ့ဆိုင်တယ်။ အဲဒီနှစ်ခုက ယှဉ်တွဲပြီး အတူတူတက်နိုင်အောင် တက်ညီလက်ညီရှိခဲ့ဖို့ လိုတယ်။ ဒါတွေအားနည်းခဲ့လို့ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းတွေ အားနည်းခဲ့တာပါ။

အရင်ခေတ်က ကျွန်တော်တို့မှာ တီဗွီလာတာနဲ့ စီးပွားရေးမူဝါဒ လေးရပ်လာတယ်။ စိုက်ပျိုးရေးကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းကို အားပေးမယ်ဆိုတာ ပါတယ်။ အရင်ခေတ်က ကုန်ကြမ်းကိုပဲ နိုင်ငံခြားဝင်ငွေရရှိအောင် ပြည်ပကို တင်ပို့တယ်ဆိုတဲ့ အရာကိုပဲ ရာခိုင်နှုန်း တော်တော်များများကို အခြေခံခဲ့ပေမယ့် ဒီဘက်ခေတ်မှာတော့ နည်းပညာကိုအခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန်တွေကို ထုတ်ဖို့သွားရပါပြီ။ အဲဒီလို သွားတဲ့အခါမှာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတွေနဲ့ ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေ ပူးပေါင်းဖို့ လိုပါတယ်။ ပြည်ပကလူတွေ ဖိတ်ခေါ်တဲ့အခါ ရဲရဲဝံ့ဝံ့ စနစ်တကျ လွယ်ကူမယ်၊ မှန်ကန်မယ်၊ မြန်ဆန်မယ်ဆိုတဲ့ စနစ်အပြင် စည်းကမ်းပါ ပါရမယ်။ ပြည်တွင်းစည်းကမ်းကို ပွင့်ပွင့်လင်းလင်းပြောပြဖို့ လိုသလို ပြည်တွင်းကသူတွေကလည်း လိုက်နာဖို့လိုမယ်။ ပြည်တွင်းကို အားပေးတဲ့ ဥပဒေတွေထုတ်ပြီး ပြည်ပကို အားပေးတဲ့ဥပဒေထုတ်ဖို့ နှောင့်နှေးကြန့်ကြာနေရင်လည်း မလွယ်ဘူး။ ဥပမာ- သီလဝါ အထူးစီးပွားရေးဇုန်ကြီး ပေါ်လာတယ်။ ကျွန်တော်တို့အတွက် အများကြီး ကောင်းပါတယ်။ အထူးစီးပွားရေးဇုန်မပေါ်ခင် အထူးစီးပွားရေးဇုန် ဥပဒေထွက်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ နှစ်ပေါင်း ၂၀ လောက်ရှိပြီ။ ပြည်တွင်းစက်မှုဇုန် အမြောက်အမြားကို တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာလည်း ဖော်ပါတယ်။ မြေကွက်တွေ ဖော်ထားပြီးတော့ ဒီနေ့အထိ တိုးတက်ဖွံ့ဖြိုးမှုမရှိတဲ့ စက်မှုဇုန်တွေ ရန်ကုန်မှာလည်း အများကြီးရှိနေပါတယ်။ အဲဒီစက်မှုဇုန်အတွက် ဥပဒေတွေကို အစိုးရအဆက်ဆက်ပြီးအောင် မရေးဆွဲနိုင်သလို ဒီနေ့အထိလည်း ပြီးအောင် မရေးဆွဲနိုင်သေးဘူး။

**အရာအားလုံး စနစ်တကျလုပ်ဖို့အရေးကြီး လုပ်ငန်းရှင်နဲ့ ပြည်သူများ တစ်သားတည်းပါ**

စနစ်ကျတဲ့ ဘောင်ထဲမှာ ပြည်တွင်းလုပ်ငန်းရှင်တွေလည်း ရပ်တည်နိုင်ရင်းနဲ့ တစ်ဆင့်နိမ့်လုပ်ငန်းတွေ ထုတ်နိုင်အောင် လျှပ်စစ်မီးရရှိရေး၊ မလိုလားအပ်တဲ့ အနှောင့်အယှက်တွေ မဖြစ်ပေါ်ရေး၊ နောက်ဆုံး အလုပ်သမား အလုပ်ရှင်ဥပဒေမှာ တရားမျှတတဲ့ ဥပဒေဖြစ်ရေး ဒါတွေအားလုံးကို ဒီဘက်ခေတ်မှာ စနစ်တကျဖြစ်အောင် တော်တော်လေး လုပ်လာပါတယ်။ ခြုံပြောရရင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ အဆင်ပြေချောမွေ့အောင် နိုင်ငံတော်အဖွဲ့အစည်းတွေက ပံ့ပိုးကူညီပြီး ဆောင်ရွက်ရမယ်။ ဝန်ကြီးဌာနအချင်းအချင်း (Conflict) ဖြစ်နေတာတွေ၊ ညှိနှိုင်းဆောင်ရွက်မှု အားနည်းနေတာတွေ ရှိနေတယ်။ ခေတ်အဆက်ဆက် အားနည်းနေတာက တိကျသေချာတဲ့ အောက်ခြေသတင်းအချက်အလက်တွေ ရရှိမှုပါ။ ဒီကနေ့အထိလည်း မူလက ခနိုနဲ့နေတဲ့ရွာတွေ သွပ်နဲ့နေနိုင်တယ်။ မီးမရှိတဲ့ရွာတွေ ရာခိုင်နှုန်း တော်တော်များများ ဆိုလာမီးကအစ ရနေပေမယ့် စနစ်ကျတဲ့ ဖွံ့ဖြိုးမှုအားနည်းနေပါသေးတယ်။ ဘဏ်စနစ်အပါအဝင် အရာအားလုံးကို စနစ်တကျလုပ်ဖို့ အခုအချိန်က အင်မတန်အရေးကြီးနေတဲ့ အချိန်ပါ။ အဲဒီရဲ့ အဓိကကတော့ လုပ်ငန်းရှင်နဲ့ ပြည်သူများ တစ်သားတည်း ပါရပါမယ်။ *(ဆက်လက်ဖော်ပြပါမည်)*

# အနာဂတ် နိုင်ငံတော်နှင့် လူငယ်များ၏ အနာဂတ်

မင်းသန်းနိုင်(မုဒုံ)

**ယနေ့ ဒီမိုကရေစီအစိုးရလက်ထက်တွင် လူငယ်များနှင့် သက်ဆိုင်သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်များနှင့် ပြည်သူ့စကားဝိုင်းများကို နိုင်ငံတော်မှ ဦးဆောင်ကျင်းပလျက်ရှိသလို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်များအလိုက် ကျင်းပနေကြသည့် သတင်းများကို မီဒီယာများတွင် တွေ့မြင်နေရပါသည်။**

ခေတ်အဆက်ဆက် မကျင်းပနိုင်ခဲ့သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးများနှင့် ပြည်သူ့စကားဝိုင်းများ၊ လူငယ်စကားဝိုင်းများ ကျင်းပနေမှုမြင်ကွင်းများကို တွေ့မြင်ကြားသိနေရသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများနှင့် မိဘတိုင်း၏ ရင်တွင်းတွင် ဖော်မပြနိုင်သော ကြည်နူးခံစားမှုများနှင့်အတူ မိမိနိုင်ငံ၏ အနာဂတ်နှင့် မိမိတို့၏ ရင်သွေးလူငယ်များအတွက် တောက်ပလာမည့် ရွှေရောင် အနာဂတ်များကို စိတ်ကူးများဖြင့် ပုံဖော်ရင်း ဝမ်းသာပီတိ ဖြစ်ကြရပါသည်။

## အနာဂတ်နိုင်ငံတော်

ယနေ့ မြန်မာပြည်သူများ၏ တူညီသော ယုံကြည်ချက်နှင့် အနာဂတ်မျှော်လင့်ချက်မှာ မိမိတို့၏ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးပင် ဖြစ်သည်။ မိမိတို့နိုင်ငံ၏ အနာဂတ်သည် ယနေ့ လူငယ်များ၏ လက်ထဲတွင်ရှိသလို လူငယ်များအပေါ်တွင် များစွာ တည်မှီလျက်ရှိနေပါသည်။ ယနေ့ နိုင်ငံတော်ကို ဦးဆောင်နေသူများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ နယ်ပယ်အသီးသီးတွင်ရှိကြသော ကျွမ်းကျင်လုပ်သားကြီးများနှင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အတွက် လက်ရှိ ပစ္စုပ္ပန်အခြေအနေကို အကောင်းဆုံး ကြိုးပမ်းဖော်ဆောင်တည်ဆောက်ကြရမည်ဖြစ်သကဲ့သို့ နောင်လာမည့် အနာဂတ်နိုင်ငံတော်အတွက် ယနေ့လူငယ်များထံ မိမိတို့၏ တာဝန်များကို လက်ဆင့်ကမ်း၍ တစ်ဖန်လွှဲပြောင်းပေးကြရမည် ဖြစ်သည်။ တစ်နည်းဆိုသော် လူငယ်များအတွက် အမွေကောင်းများကို ချန်ထားပေးခဲ့ကြရမည် ဖြစ်သည်။

## အနာဂတ်နိုင်ငံတော်၏ မောင်းနှင်အား

ယနေ့အချိန်တွင် အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတိုးတက်ရေးအတွက် လူငယ်များသည် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးကို ကြည့်လျှင် လူငယ်များ၏ စွမ်းပကား မြင့်မားလာစေရန်အတွက် ဘက်ပေါင်းစုံမှ မြှင့်တင်ဆောင်ရွက်နေသည်ကို တွေ့မြင်နေကြရပါသည်။ စွမ်းရည်ပြည့်ဝသော လူငယ်များ၏ အင်အားစုသည် အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လူသားအရင်းအမြစ်များ ဖြစ်သည်။ ဆိုရလျှင် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လမ်းခရီးတွင် လူငယ်အင်အားစုများ၏ စုပေါင်းစွမ်းပကားများသည် အဓိကကျသည့် မောင်းနှင်အားများဖြစ်သည်ဟု ဆိုရပါမည်။

မြန်မာ့လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့်ဗလငါးတန် မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား လူငယ်များ၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်တွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကို ရည်ရွယ်ကျင်းပလျက်ရှိပါသည်။



ဩဂုတ် ၁၃ ရက်က မန္တလေးမြို့၌ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ကျောင်းသား ကျောင်းသူလူငယ်များ လွန်ဆွဲအားကစားပြုလုပ်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-မင်းထက်အောင်

ယနေ့မြန်မာ့လူ့အဖွဲ့အစည်းကို လွတ်လပ်မှု (Freedom)၊ ဖွံ့ဖြိုးတိုးတက်မှု (Development)နှင့် ကြွယ်ဝချမ်းသာမှု (Prosperity)ဆိုသည့် အခြေခံတန်ဖိုးများဖြင့် ဖန်တီးတည်ဆောက်လျက်ရှိရာ အနာဂတ်လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များ၏ စွမ်းပကားကို မြှင့်တင်အားပေးဆောင်ရွက်ကြရမည် ဖြစ်သည်။ လူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးများနှင့် စွမ်းဆောင်ရည် အစဉ်တိုးတက်မြင့်မားနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကြီးကို အသိပညာ၊ အတတ်ပညာကြွယ်ဝသော စာရိတ္တကောင်းမွန်သည့် လူငယ်ထုစွမ်းအားများဖြင့် ခိုင်မာတောင့်တင်းအောင် တည်ဆောက်နိုင်မည် ဖြစ်သည်။

ယနေ့လူငယ်များသည် ကိုယ်စီကိုယ်စီ ရည်မှန်းချက်များ၊ အနာဂတ်အိပ်မက်များ၊ မျှော်လင့်ချက်များဖြင့် ရှင်သန်တက်ကြွနေကြပေသည်။ လူငယ်များ၏ ရည်မှန်းချက်၊ လူငယ်များ၏ အနာဂတ် အိပ်မက်၊ လူငယ်များ၏ မျှော်လင့်ချက်များကို ပိုမိုတောက်ပ လမ်းစများပွင့်လာစေရန် ယနေ့လူကြီးများကို ဖန်တီးပေးကြရပေမည်။ လူငယ်များသည် ကိုယ်ခန္ဓာအားဖြင့် သန်စွမ်းပြီးသား၊ စိတ်ပိုင်းအားဖြင့် နိုးကြားတက်ကြွပြီးသား ဖြစ်သည်အလျောက် လူငယ်များ၏ ကိုယ်စိတ်နှလုံး အစဉ်သန်စွမ်း နိုးကြားလာစေရန် ကောင်းမွန်သည့် အစီအမံများကို စနစ်တကျ ချမှတ်ပုံဖော်ကာ အားပေးပျိုးထောင်ကြရမည် ဖြစ်သည်။

> **“ ယနေ့ ဒီမိုကရေစီအစိုးရလက်ထက်တွင် လူငယ်များ၏ စွမ်းဆောင်ရည်များကို အားပေးမြှင့်တင်ခြင်းနှင့် လူငယ်များ၏ အတွေးအခေါ် အယူအဆများကို ပွင့်လင်းမြင်သာစွာ ပြောဆိုဖွင့်ဟခွင့်ရရှိစေရေးအတွက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များတွင် လူငယ်စကားဝိုင်းများကို ထည့်သွင်းပေးလျက်ရှိရာ လူငယ်များအတွက် အလေ့အကျင့်ကောင်းများနှင့် မှန်ကန်သော အတွေးအခေါ်ကောင်းများကို ရရှိနိုင် ”**

## မှန်ကန်သော အတွေးအခေါ်ကောင်းများရရှိ

ယခုအခါ လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်များကို အားပေးမြှင့်တင်ရင်း၊ လူငယ်များ၏ ပွင့်လင်းလွတ်လပ်သော အယူအဆအတွေးအခေါ်များကို ဆွေးနွေးဖလှယ်နိုင်စေရန် လူငယ်စကားဝိုင်းများ၊ ပြည်သူ့စကားဝိုင်းများနှင့်အတူ လူငယ်များ၏ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းပါဝင်မှု၊ စွမ်းရည်ပြသခွင့်ရရှိစေရေးအတွက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကို နိုင်ငံတော်မှ စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့်အတွက် ပြည်သူများဝမ်းမြောက်နေသည်ကို ကြားသိနေရပါသည်။

ယနေ့ ဒီမိုကရေစီအစိုးရလက်ထက်တွင် လူငယ်များ၏ စွမ်းဆောင်ရည်များကို အားပေးမြှင့်တင်ခြင်းနှင့် လူငယ်များ၏ အတွေးအခေါ် အယူအဆများကို ပွင့်လင်းမြင်သာစွာ ပြောဆိုဖွင့်ဟခွင့်ရရှိစေရေးအတွက် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်များတွင် လူငယ်စကားဝိုင်းများကို ထည့်သွင်းပေးလျက်ရှိရာ လူငယ်များအတွက် အလေ့အကျင့်ကောင်းများနှင့် မှန်ကန်သော အတွေးအခေါ်ကောင်းများကို ရရှိနိုင်မည်ဖြစ်သည်။

## အနာဂတ်ကိုဦးတည်

နိုင်ငံတော်မှ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (ရန်ကုန်) ကို ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ်တွင် ကျင်းပခဲ့သလို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)ကိုလည်း ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၁ ရက်မှ ၁၃ ရက်နေ့အထိ မန္တလေးတက္ကသိုလ်တွင် ကျင်းပခဲ့ပေသည်။ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) ဖွင့်ပွဲအခမ်းအနားနှင့် လူငယ်စာပေစကားဝိုင်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပေသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်၏ ရည်ရွယ်ချက်မှာ မိမိတို့၏အနာဂတ်ကို ပိုပြီးခိုင်မာအောင် လုပ်ရန် ဖြစ်ကြောင်း၊ လူငယ်များကို ပြုစုပျိုးထောင်ခြင်းသည် အနာဂတ်ကို ဦးတည်ပြီး လုပ်ရခြင်းဖြစ်ကြောင်း၊ လူကြီးများ ခင်းခဲ့သည့်လမ်းကို ပို၍ကောင်းသွားအောင်၊ ပို၍ ရှေ့မှာ ဖြောင့်ဖြူးအောင် လူငယ်များက ဆက်လုပ်ရန် တာဝန်ရှိကြောင်း” ပြောကြားသွားခဲ့သည်။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “လူကြီးနဲ့ လူငယ်ပူးပေါင်းမှ အောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ လူငယ်များ အတွေးအခေါ်ဘက်တွင် အားသာမှ နောင်လူကြီးဖြစ်လာသည့်အခါ အတွေးအခေါ်နှင့် အတွေ့အကြုံ ပူးပေါင်းပြီး တန်ဖိုးရှိသည့် လူတွေ ဖြစ်လာမည်ဖြစ်ကြောင်း၊ လူငယ်များကို ပြုပြင်ပေးဖို့၊ ပိုပြီးတိုးတက်အောင် လုပ်ပေးဖို့သည် လူကြီးများ၏ တာဝန်ပင် ဖြစ်ကြောင်း၊ လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်သည် လူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ ဦးနှောက်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးအရ ခင်မင်မှု၊ မိတ်ဆွေပိုင်းဆိုင်ရာ ကိစ္စများအားလုံး ပြည့်စုံမှုရှိမည်ဆိုပါက မိမိတို့၏ လူငယ်များသည် နိုင်ငံ့အကျိုးတင်မက ကမ္ဘာပေါ်ရှိ လူသားများ၊ သတ္တဝါများအားလုံး၏ အကျိုးကို ထမ်းဆောင်နိုင်သည့် လူသားကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ပြီးပြည့်စုံသည့် လူသားကောင်းများဖြစ်လာပြီဆိုပါက မိမိတို့နိုင်ငံသည်လည်း တိုးတက်လာမည့်အပြင် မိမိတို့နိုင်ငံမှတစ်ဆင့် ကမ္ဘာကြီး ပိုမိုချမ်းမြေ့ရေး၊ ငြိမ်းချမ်းရေး၊ တိုးတက်ရေးအတွက်လည်း အများကြီးအားတွေ ပေးနိုင်မည်ဟု ယုံကြည်ကြောင်း” ပြောကြားသွားခဲ့ပေသည်။

## လူငယ်များ၏ အနာဂတ်

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကြီးသည် **“ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ပွဲတော် နွှဲပျော်စို့”** ဆိုသည့် ဆောင်ပုဒ်အတိုင်း လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ပြီး လူငယ်များ၏ အနာဂတ် ပိုမိုတောက်ပလာအောင် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် လူငယ်အချင်းချင်း အမြင်ချင်းဖလှယ်၊ ပေါင်းစည်းယှက်နွယ်သည့် စည်းလုံးညီညွတ်မှုအင်အားကို ပြသနိုင်ခဲ့သည့် ပွဲတော်ကြီး ဟုလည်း ဆိုနိုင်ပါသည်။

ပွဲတော်ကြီးတွင် လူငယ်များ၏ စာပေဆိုင်ရာလှုပ်ရှားမှုအဖြစ် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲ၊ အနုပညာလိုက်စားလူငယ်များ ဆွေးနွေးပွဲ၊ လူငယ်ဖွံ့ဖြိုးမှုကဏ္ဍ ဆွေးနွေးပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်များ၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုများ၊ အားကစားဆိုင်ရာလှုပ်ရှားမှုများ၊ IT ဆိုင်ရာ လှုပ်ရှားမှုများ၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းပြခန်းများ၊ အသိပညာပေးပြခန်းများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပနေသည့် သတင်းမြင်ကွင်းများကို ကြားသိတွေ့မြင်နေရသည့် ပြည်သူများမှာ ကြည်နူးပီတိဖြာရင်း မိမိတို့၏ ရင်သွေးငယ်များ အနာဂတ်တွင် တောက်ပနေမည့် သားသမီးလူငယ်များအတွက် ပျော်ရွှင်မဆုံး ဖြစ်နေကြရပေသည်။

အချုပ်ဆိုရလျှင် နိုင်ငံတော်၏ အနာဂတ်သည် လူငယ်များ၏ လက်ထဲတွင်ရှိသည်ဆိုသည့်အတိုင်း ယနေ့လူငယ်များ၏ အနာဂတ်ကို တောက်ပလာအောင် ဖန်တီးပေးနိုင်ရေးသည် အလွန်အရေးကြီးပေသည်။ နိုင်ငံတော်၏ အနာဂတ်ထုဆစ်ပုံဖော်ဖန်တီးပေးကြမည့် ယနေ့လူငယ်များ၏ စွမ်းဆောင်မှု စွမ်းရည်မြင့်မားမှသာလျှင်၊ ဘက်ပေါင်းစုံထူးချွန်ထက်မြက်သည့် လူငယ်များကို ပြုစုပျိုးထောင် မွေးထုတ်လေ့ကျင့်ပေးမှသာလျှင် မိမိတို့နိုင်ငံ၏ အနာဂတ်သည်လည်း လှပလာနိုင်မည် ဖြစ်သည်။

ယနေ့လူငယ်များအတွက် ကောင်းမွန်သော အနာဂတ်ကောင်းများ ဖန်တီးနိုင်မည့် အခွင့်အလမ်းများကို ပုံဖော်ရင်း မိမိတို့နိုင်ငံတော်၏ အနာဂတ်အတွက် လူငယ်များ၏ အနာဂတ်ကို ဖန်တီးပေးနိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

---



## ကန့်ဘလူ၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကန့်ဘလူ ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာပေချစ်မြတ်နိုးသူများအသင်းတို့ပူးပေါင်း၍ ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။ (ဓါတ်ပုံ)

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် စာအုပ်စာပေ ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ ဦးခင်မောင်ရည်က အမှာစကားပြောကြားပြီး ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ခင်မိုးခက်က စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စာဖတ်ဝိုင်းပြုလုပ်ဆွေးနွေးရာ စာရေးဆရာအောင်သင်း၏ နှလုံးသားကို လေးပေါ်တင်၍ ပစ်သောအခါ စာအုပ်ပါ ခေါင်းစဉ် ၂၀ ကို စာအုပ်စာပေချစ်မြတ်နိုးသူ အသင်းဝင်များ၊ စာပေချစ်မြတ်နိုးသည့် စာပေဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူ ၂၈ ဦး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

---

## တောင်ကုတ်မြို့နယ် ဘက်စုံနည်းပညာသုံး စံပြကျေးရွာ၌ ကွင်းပြပွဲပြုလုပ်

**တောင်ကုတ် ဩဂုတ် ၂၁**

သံတွဲခရိုင် တောင်ကုတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကွင်းပြပွဲကို မိုးစပါးဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ(ကင်းတောင်)၌ ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးဝေက မိုးစပါး ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာပြုလုပ်ရသည့် ရည်ရွယ်ချက် ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းသိန်းက ဘက်စုံစံပြစိုက်ခင်း၌ GAP စိုက်ပျိုးနည်းစနစ်၊ SRI စမ်းသပ်ကွင်း စံပြကွက် စိုက်နည်းစနစ်စမ်းသပ်ကွက်များ၊ မျိုးစေ့ထုတ်စိုက်ကွင်းများနှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ အချိန်ကိုက်အချိုးကျ ရောနှောသုံးစွဲမှုများကို လက်တွေ့ပြုလုပ်ပြသပြီး GAP စိုက်ပျိုးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း




**ရန်ကုန် ဩဂုတ် ၂၁**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်း၌ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး(ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် အလှူရှင် သုဓမ္မမဏိဇောတဓရ ဦးထွန်းဖေ + သုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့် (နိုင်မိသားစု အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)က ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများသို့ သွားရောက်ထောက်ပံ့



**မြိတ် ဩဂုတ် ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည့် မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူများအား ထောက်ပံ့ကြေး ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ထားဝယ်ခရိုင်နှင့် မြိတ်မြို့နယ်အတွင်းရှိ မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူ ၄၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၉၄ သိန်းကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တနင်္သာရီမြို့သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေး ရှင်းလင်းဆောင်၌ ကျင်းပသည့် မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကာ အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားရေးမှူးတို့က တနင်္သာရီမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ဖြည့်စွက်ရှင်းလင်းကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ တနင်္သာရီမြို့နယ်အတွင်းရှိ မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူ ၃၉ ဦးအတွက် ထောက်ပံ့ငွေကျပ် ၇၈ သိန်းနှင့် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၃၀၀ ကျော်ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး မြို့မိမြို့ဖ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တနင်္သာရီမြို့အတွင်းရှိ ရေကြီးနစ်မြုပ်မှုအခြေအနေများအား လှည့်လည်ကြည့်ရှုပြီး တနင်္သာရီခန်းမနှင့် ချောင်းငယ်ရပ်ကွက် ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်ကာ အားပေးစကားပြောကြားခဲ့ကာ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များနှင့် ကလေးငယ်များအတွက် မုန့်များထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ချောင်းကြီးရပ်ကွက် ယာယီရေဘေးကယ်ဆယ်ရေးစခန်းတွင် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များနှင့် ကလေးများအတွက် မုန့်များထောက်ပံ့ပေးကာ ကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသည့်ကလေးပျော်နေရာကို ကြည့်ရှုသည်။

ယင်းနောက် ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပြီး ကယ်ဆယ်ရေးစခန်းအဖြစ် အသုံးပြုနေရသည့် ချောင်းကြီးကျောင်းတိုက်အတွင်း ငါးခန်းတွဲ သန့်စင်ခန်း ဆောက်လုပ်ရန်အတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၀ ကို ပေးအပ်ခဲ့ရာ ကျောင်းအကျိုးတော်ဆောင်က လက်ခံရယူသည်။

ညနေပိုင်းတွင် မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ရေဘေးသင့်ဒေသများ ကူညီထောက်ပံ့နိုင်ရေးနှင့် အမြန်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဒေါပုံတံတားသစ် ဩဂုတ် ၂၅ ရက်တွင် ဖွင့်လှစ်ရန် စီစဉ်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်သို့ ပုဇွန်တောင်ချောင်းကို ဖြတ်သန်းကာတည်ဆောက်နေသော ဂျပန်နည်းပညာသုံး ဒေါပုံတံတားသစ် တည်ဆောက်ရေးစီမံကိန်းသည် ယခုအခါတွင် မီးရထားလမ်းခုံးကျော်တံတားနှင့် ကားလမ်းခုံးကျော် တံတားချဉ်းကပ်တံတားတို့ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်၍ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒေါပုံတံတားမှာ ရန်ကုန်မြို့နှင့် နောင်ဖြစ်ပေါ်လာမည့် ဆိပ်ကမ်းဒေသဖြစ်သော သီလဝါစက်မှုဇုန်နေရာတို့ကို ဆက်စပ်ပေးမည့် လမ်းမပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ဂျပန်ယန်း ၄၂၁၆ သန်း အကုန်အကျခံကာ ဂျပန်နိုင်ငံ၏ အကူအညီအထောက်အပံ့ငွေဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်းနှင့် တံတားသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းပိုင်း၌ ဂျပန်နိုင်ငံမှ အင်ဂျင်နီယာများအပြင် မြန်မာအင်ဂျင်နီယာများ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ အင်ဂျင်နီယာများ ပါဝင်ပြီး လုပ်သားအင်အားအမြောက်အမြားဖြင့် နေ့၊ ည ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တံတားကြီး၏ အရှည်မှာ ပေ ၈၃၀ (၂၅၃ မီတာ)ရှိပြီး ၂၁ ဒသမ ၅ မီတာကျယ်ကာ ကြိုးတင်အားဖြည့်သံကူကွန်ကရစ်ကြိုးဆိုင်း တံတားအမျိုးအစား ဖြစ်သည်။ လေးလမ်းသွားဖြစ်ပြီး ကားလမ်းဘေးတွင် တစ်ဖက်လျှင် နှစ်မီတာ အကျယ်အဝန်းရှိ လူသွားလမ်းပလက်ဖောင်း အသွား၊ အပြန် ပါရှိကြောင်း တံတားကြီးကို တာဝန်ယူတည်ဆောက်နေသည့် ဂျပန်နိုင်ငံ NIPPON KOEI Engineering Consultants မှ သိရသည်။

ယခုအခါ ဒေါပုံတံတားသစ်ကြီးနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာနကတာဝန်ယူတည်ဆောက်နေသော ကားလမ်းကူးခုံးကျော်တံတားနှင့် မီးရထားလမ်းကူးခုံးကျော်တံတားများလည်း ပြီးစီးနေပြီဖြစ်၍ တစ်ဆက်တစ်စပ်တည်း ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိသည်။ ယခုအခါ အဆိုပါတံတား သုံးစင်း အနီးဝန်းကျင်တွင် ပလက်ဖောင်းများခင်းခြင်း၊ လမ်းမီးတိုင်ကြီးများ စိုက်ထူခြင်း၊ မြေယာရှုခင်းများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဒေါပုံတံတားသစ်ကြီးကို ပြီးခဲ့သော ဇွန် ၁၀ ရက်က မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုထားပြီး ယခု ဩဂုတ် ၂၅ ရက်တွင် အခမ်းအနားဖြင့် ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**

# ရထားစီးခရီးသည်များနှင့် ရန်ကုန်ဘူတာကြီးတို့၏ လုံခြုံရေးနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်လာသည့် ရထားများပေါ်၌ စီးနင်းလိုက်ပါလာသည့် ခရီးသည်များ၏ လုံခြုံရေး၊ ရန်ကုန်မြို့ပတ်ရထား စီးနင်းကြသည့် ခရီးသည်များ၏ လုံခြုံရေး၊ ရန်ကုန်ဘူတာကြီး လုံခြုံရေးတို့နှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်ဘူတာကြီး၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ ရှင်းလင်းပွဲတွင် မြန်မာ့မီးရထားအထွေထွေမန်နေဂျာ (အောက်မြန်မာပြည်) ဦးထွန်းအောင်သင်းက သတင်းစာရှင်းလင်းပွဲနှင့် ပတ်သက်၍ အကျဉ်းချုပ်ပြောကြားပြီး သွားလာပို့ဆောင်ရေးဌာန တိုင်း(၇) မန်နေဂျာ ဦးဇော်လွင်နှင့် ရထားရဲတပ်ဖွဲ့ အမှတ်(၃) ရထားရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်) ယာယီဒုတိယရဲမှူးကြီး စိုးနိုင်အောင်တို့က ရန်ကုန်ဘူတာကြီးတွင် လက်ရှိဆောင်ရွက်လျက်ရှိသော လုံခြုံရေးအခြေအနေများ၊ ထပ်မံဆောင်ရွက်မည့် အစီအမံများနှင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါရှိသော အကြောင်းအရာတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

မြန်မာ့မီးရထား သွားလာပို့ဆောင်ရေးဌာန တိုင်းအမှတ် (၇)မှ မန်နေဂျာဖြစ်သူ ဦးဇော်လွင်က ရန်ကုန်ဘူတာကြီးမှ လမ်းပိုင်းအသီးသီး၊ မြို့အသီးသီးသို့ ပြေးဆွဲလျက်ရှိသော ရထားစင်းရေသည် နေ့စဉ် ၂၈ စင်းရှိပါကြောင်း၊ ရန်ကုန်ဘူတာကြီးသို့ နေ့စဉ်ဝင်/ထွက်နေသော ခရီးဝေးသွားလာသည့် ခရီးသည် ၆၄၃၄ ဦးရှိကြောင်း၊ ရန်ကုန်ဘူတာကြီးသို့ နေ့စဉ်ဝင်/ထွက်နေသော မြို့ပတ်ရထားစင်းရေသည် ၂၁၈ စင်း ရှိပါကြောင်း၊ ရန်ကုန်မြို့ပတ်ခရီးသည် စုစုပေါင်းသည် တစ်ရက်လျှင် နှစ်သောင်းရှိကြောင်း၊ ၁၈-၈-၂၀၁၈ ဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများကို ဩဂုတ် ၁၉ ရက်တွင်ပင် ဖမ်းဆီးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရထားရဲတပ်ဖွဲ့ အမှတ် (၃) ရထားရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်) တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး စိုးနိုင်အောင်က အမှတ်(၃) ရထားရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)အနေဖြင့် အပိုင်း သုံးပိုင်းခွဲကာ လုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်ဘူတာကြီးရပ်ဝန်းနှင့် စင်္ကြံများတွင် လုံခြုံရေးဆောင်ရွက်ခြင်း၊ မြို့ပတ်ရထားများပေါ်တွင် လုံခြုံရေးဆောင်ရွက်ခြင်း၊ အဝေးပြေးရထားများပေါ်တွင် လုံခြုံရေးလိုက်ပါဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်ဘူတာကြီး ယာ့ဒ်ဝင်းအတွင်းနှင့် စင်္ကြံများတွင် လုံခြုံရေးဆောင်ရွက်ရာ၌ နေ့ည ကင်း ၁၆ ကင်းနှင့် ခေတ်မီစီစီတီဗွီ ၁၈ လုံး တပ်ဆင်စောင့်ကြည့်လျက်ရှိပါကြောင်း ပြောကြားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ- ထိန်လင်း**



## မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၇ ဇူလိုင်လထိ | ၂၀၁၈ ဇူလိုင်လထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်လာရောက်သူများ | ၇၃၈၅၇၄ | ၇၄၅၁၆၀ | ၆၅၈၆ | (+) ၁ % |
| ၂ | အပျော်စီးသင်္ဘောဖြင့်ဝင်ရောက်သူများ | ၃၉၈၄ | ၆၉၃၆ | ၂၉၅၂ | (+) ၇၄ % |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိလာရောက်သူများ | ၂၂၉၈၅ | ၂၅၂၈၇ | ၂၃၀၂ | (+) ၁၀ % |
| | ဗီဇာဖြင့်လာရောက်သူပေါင်း | ၇၆၅၅၄၃ | ၇၇၇၃၉၃ | ၁၁၈၅၀ | (+) ၂ % |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ | ၁၂၅၄၂၀၉ | ၁၁၉၂၆၂၀ | -၆၁၅၈၉ | (-) ၅ % |
| | စုစုပေါင်း | ၂၀၁၉၇၅၂ | ၁၉၇၀၀၁၃ | -၄၉၇၃၉ | (-) ၂ % |

## VISITOR ARRIVALS BY NATIONALITY (Compare)

| No | NATIONALITY | 2017(Up to July) | 2018(Up to July) | difference | % |
|---|---|---|---|---|---|
| | NORTH AMERICA | 52349 | 44629 | -7720 | -15% |
| 1 | AMERICA | 38345 | 37901 | -444 | -1% |
| 2 | CANADA | 14004 | 6728 | -7276 | -52% |
| | OTHER AMERICAS | 7957 | 6455 | -1502 | -19% |
| | WEST EUROPE | 139519 | 102601 | -36918 | -26% |
| 1 | FRANCE | 35940 | 25513 | -10427 | -29% |
| 2 | U.K | 28513 | 22194 | -6319 | -22% |
| 3 | GERMANY | 23307 | 15748 | -7559 | -32% |
| 4 | ITALY | 9227 | 7962 | -1265 | -14% |
| 5 | SWITZERLAND | 7498 | 5330 | -2168 | -29% |
| 6 | NETHERLANDS | 8078 | 5500 | -2578 | -32% |
| 7 | BELGIUM | 4233 | 3124 | -1109 | -26% |
| 8 | AUSTRIA | 2488 | 1839 | -649 | -26% |
| 9 | SPAIN | 6175 | 5014 | -1161 | -19% |
| 10 | OTHERS | 14060 | 10377 | -3683 | -26% |
| | EAST EUROPE | 12051 | 10209 | -1842 | -15% |
| 1 | RUSSIA | 3318 | 3014 | -304 | -9% |
| 2 | OTHERS | 8733 | 7195 | -1538 | -18% |
| | AFRICA | 2757 | 2432 | -325 | -12% |
| | MIDDLE EAST | 3806 | 2946 | -860 | -23% |
| | ASIA | 526656 | 590438 | 63782 | 12% |
| 1 | THAILAND | 150985 | 175095 | 24110 | 16% |
| 2 | CHINA | 114792 | 153707 | 38915 | 34% |
| 3 | JAPAN | 56674 | 56847 | 173 | 0% |
| 4 | KOREA | 38005 | 37794 | -211 | -1% |
| 5 | SINGAPORE | 33407 | 32060 | -1347 | -4% |
| 6 | VIETNAM | 33059 | 31570 | -1489 | -5% |
| 7 | TAIWAN | 21333 | 20951 | -382 | -2% |
| 8 | INDIA | 23792 | 25324 | 1532 | 6% |
| 9 | MALAYSIA | 24140 | 26989 | 2849 | 12% |
| 10 | PHILIPPINE | 10543 | 9704 | -839 | -8% |
| 11 | OTHERS | 19926 | 20397 | 471 | 2% |
| | OCEANIA | 20448 | 17683 | -2765 | -14% |
| 1 | AUSTRALIA | 17743 | 15247 | -2496 | -14% |
| 2 | NEWZEALAND | 2601 | 2284 | -317 | -12% |
| 3 | OTHERS | 104 | 152 | 48 | 46% |
| | TOTAL | 765543 | 777393 | 11850 | 2% |



ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန် အာရှ အားကစား ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်သည့် မြန်မာ မြားပစ် အားကစား သမားများအား တွေ့ဆုံ အားပေးစဉ်။

❍ *ကျော့ဖုံးမှ*

ဝူရှူးအားကစား ထောက်လုအမျိုးသား ထိုက်ချိချွမ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ငြိမ်းချမ်းကိုကို ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမနေ့ ရမှတ် ၉ ဒသမ ၆၉ မှတ်ဖြင့် အဆင့် ၇၊ ခန့်မင်းထက်က ၉ ဒသမ ၄၁ မှတ်ဖြင့် အဆင့် ၁၄ တွင် ရရှိခဲ့ပြီး ဒုတိယနေ့တွင် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ အမျိုးသား နန်းချွမ်+နန်းကွန့် ပြိုင်ပွဲတွင် မြန်မာမှ သိန်းသန်းဦး ဒုတိယနေ့အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရာ ၉ ဒသမ ၀ မှတ် ရရှိခဲ့ပြီး နှစ်ရက်ပေါင်း ရမှတ် ၁၈ ဒသမ ၆၈ မှတ်ဖြင့် အဆင့် ၁၆ ရရှိ ခဲ့သည်။

ဆက်လက်၍ ပလန်ဘန်းမြို့ရှိ Jakabaring Lake Rowing တွင် ကျင်းပသည့် အမျိုးသမီး နှစ်ယောက်တွဲ မီတာ ၂၀၀၀ နှင့် အနောက်တိုင်း လှေလှော်ပြိုင်ပွဲတွင် မြန်မာအသင်းမှ ရွှေဇင်လတ်နှင့် နီလာဝင်း အတွဲက စံချိန် ၈း၃၃း၈၀ စက္ကန့် ပထမအဆင့်ဖြင့် ပန်းဝင်ခဲ့သောကြောင့် ဗိုလ်လုပွဲ တက်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အမျိုးသား ၁၀ မီတာ လေပစ္စတိုပြိုင်ပွဲတွင် မြန်မာမှ ရဲထွန်းနောင်နှင့် ကျော်စွာဝင်းတို့ ယှဉ်ပြိုင်ရာ ရမှတ် ၅၇၇ မှတ်ဖြင့် အဆင့် ၁၁ ရရှိခဲ့ပြီး ကွာလီဖိုင်းဝင်ရန် ရမှတ် နှစ်မှတ်အလိုဖြင့်သာ ကျေနပ်လိုက်ရကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာရှအားကစားပြိုင်ပွဲ၏ ဝူရှူးပြိုင်ပွဲတွင် မြန်မာကစားသမားများ ယှဉ်ပြိုင်

**ဂျကာတာ ဩဂုတ် ၂၁**

အာရှအားကစားပြိုင်ပွဲ၏ ဝူရှူးပြိုင်ပွဲ တတိယနေ့ကို ယနေ့ နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ဝူရှူးကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ယနေ့ကျင်းပသည့် ဝူရှူးပြိုင်ပွဲ ထောက်လု(သရုပ်ပြ)တွင် ပြိုင်ပွဲလေးမျိုးထည့်သွင်းကျင်းပခဲ့ပြီး မြန်မာဝူရှူးအဖွဲ့သည် ပြိုင်ပွဲနှစ်မျိုး ယှဉ်ပြိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင် သိန်းသန်းဦးသည် နန်းချွမ်နှင့် နန်းကွန့်ပြိုင်ပွဲနှစ်ခုပေါင်း၏ ဒုတိယပြိုင်ပွဲဖြစ်သော နန်းကွန့်ပြိုင်ပွဲ ယှဉ်ပြိုင်ရာ ၉ ဒသမ ၀၅ မှတ်ရရှိပြီး ပြိုင်ပွဲနှစ်ခုပေါင်းတွင် ၁၈ ဒသမ ၇၃ မှတ်သာရကာ ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

သိန်းသန်းဦးသည် ပထမနေ့တွင် ရမှတ်ကောင်းသော်လည်း ဒုတိယနေ့တွင် ပြိုင်ပွဲယှဉ်ပြိုင်နေစဉ် ဟန်ချက်ပျက်ခဲ့သောကြောင့် အမှတ်လျော့သွားခြင်းဖြစ်သည်။ ထို့အပြင် ငြိမ်းချမ်းကိုကိုနှင့် ခန့်မင်းထက်တို့ယှဉ်ပြိုင်သည့် ထိုက်ချိချွမ်နှင့် ထိုက်ချိကျန့်ပြိုင်ပွဲနှစ်ခုပေါင်း၏ ပထမနေ့ဖြစ်သော ထိုက်ချိချွမ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရာ ငြိမ်းချမ်းကိုကိုက ၉ ဒသမ ၆၉ မှတ်၊ ခန့်မင်းထက်က ၉ ဒသမ ၄၁ မှတ်ရရှိသည်။

ဒုတိယနေ့ဖြစ်သော ထိုက်ချိကျန့်ပြိုင်ပွဲကို ဩဂုတ် ၂၂ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည် ဖြစ်သည်။ မြန်မာဝူရှူးအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲအမျိုးအစားများမှာ ယနေ့ပြီးဆုံးတော့မည်ဖြစ်ပြီး အမျိုးသား ထိုက်ချိကျန့်ပြိုင်ပွဲတွင် ခန့်မင်းထက်နှင့် ငြိမ်းချမ်းကိုကို၊ အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲတွင် စန္ဒီဦးတို့ ယှဉ်ပြိုင်မည် ဖြစ်သည်။ စန္ဒီဦး ယှဉ်ပြိုင်မည့်ပြိုင်ပွဲမှာ ပြိုင်ပွဲတစ်ခုတည်းဖြင့် ဆုတံဆိပ်ထွက်ပေါ်မည် ဖြစ်သည်။





မြန်မာ့လက်ရွေးစင် ဝူရှူးကစားသမား ခန့်မင်းထက် ယှဉ်ပြိုင်နေစဉ်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွှန့် (ခေတ္တ ဂျကာတာ)**

# နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော ကရာတေးအားကစားသမားများအား ဂုဏ်ပြု

**ရန်ကုန် ဩဂုတ် ၂၁**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် Thailand Open Karate Championships 2018 ကရာတေးပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော ကရာတေးအားကစားသမားများအား ဂုဏ်ပြုပွဲကို ဩဂုတ် ၂၀ ရက် ညပိုင်းက ရန်ကုန်မြို့ ကျိုက္ကဆံ Western Park(polo club) ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ Thailand Open Karate Championships 2018 ပြိုင်ပွဲတွင် အမျိုးသမီးအသင်းလိုက် ခတ ရွှေတံဆိပ်ဆုရ ငွေကျပ် ငါးသိန်း၊ အမျိုးသားအသင်းလိုက် ခတ ကြေးတံဆိပ်ဆုရ ငွေကျပ်သုံးသိန်း၊ ကုမိတဲ့-၅၀ကီလိုတန်းတွင် ငွေတံဆိပ်ဆုရ နေခြည်ထွန်းအား ငွေကျပ် သုံးသိန်း၊ ခတ ကြေးတံဆိပ်ဆုရ မပိုးမြဲအား ငွေကျပ် သုံးသိန်း၊ ကုမိတဲ့-၅၅ကီလိုတန်းတွင် ကြေးတံဆိပ်ဆုရ မပေရယ်ဖောအား ငွေကျပ် သုံးသိန်း၊ အသက် ၁၄ နှစ် ခတကြေးတံဆိပ်ဆုရ မဆုမြတ်သူအား ငွေကျပ်တစ်သိန်း၊ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အမျိုးသမီးကုမိတဲ့အသင်းလိုက် ကြေးတံဆိပ်ဆုရအသင်းအား ငွေကျပ် ငါးသိန်း၊ ခတ ကြေးတံဆိပ်ဆုရ မောင်မင်းဟိန်းခန့်အား ငွေကျပ်သုံးသိန်း၊ ကုမိတဲ့- ၆၀ ကီလိုတန်း ကြေးတံဆိပ်ဆုရ မောင်မြင့်မောင်မောင်ဟိန်းအား ငွေကျပ် သုံးသိန်းနှင့် ကုမိတဲ့-၆၁ကီလိုတန်း ကြေးတံဆိပ်ဆုရ မမေသူချိုအား ငွေကျပ် သုံးသိန်းတို့ကို မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးအောင်ဒင်၊ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် (ES4E) မှ Mr. Arima Shinji က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်မှ အားကစားသမားများသည် အကြိမ် (၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲများအတွက် အောင်မြင်မှုများရရှိရန် အောင်ဆန်းအားကစားပြိုင်ဝင်း ကရာတေးလေ့ကျင့်ရေးရုံ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။



အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးအောင်ဒင်က ထိုင်းအလွတ်တန်းချန်ပီယံ ခတအသင်းလိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ အမျိုးသမီးအသင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**အေးကေလင်း**

# နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ယူအီးအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံးကစားသမား ဆန်ခါတင်သုံးဦးကို ဩဂုတ် ၂၀ ရက်က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ အမျိုးသား ဆန်ခါတင်သုံးဦးတွင် လူကာမိုဒရစ်၊ စီရိုနယ်ဒိုနှင့် ဆာလာတို့ပါဝင်လာပြီး အမျိုးသမီး ဆန်ခါတင်သုံးဦးတွင် ဟာဒါ၊ ဟီဂါဘတ်ဂ်နှင့် ဟင်နရီတို့ ပါဝင်လာကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက်တွင် မိုနာကို၌ ချန်ပီယံလိဂ် အုပ်စုအဆင့် မဲခွဲပွဲကျင်းပနေစဉ်အတွင်း ချီးမြှင့်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။
- ရီးရဲမက်ဒရစ်အသင်း၏ စိတ်ဝင်စားလာမှုကြောင့် ကွင်းလယ်ကစားသမား အီဒင်ဟာဇက်အား ချယ်လ်ဆီးအသင်း၌ ထိန်းထားနိုင်ရန်အတွက် တစ်ပတ်ပေါင်သုံးသိန်းဖြင့် ငါးနှစ်သက်တမ်းတိုး ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- မန်စီးတီးအသင်းမှ ယူကရိန်းကွင်းလယ်ကစားသမား ဇင်ချန်ကို (၂၁ နှစ်) သည် စပိန်ကလပ် ရီးရဲဘက်တစ်အသင်းသို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- အာဆင်နယ်နှင့် ပြင်သစ်တိုက်စစ်ကစားသမားဟောင်း သီယာရီ ဟင်နရီ (၄၁နှစ်) သည် ပြင်သစ်ကလပ် ဘော်ဒိုးအသင်းကို တာဝန်ယူ ကိုင်တွယ်ရန် စိတ်ဝင်စားနေကြောင်း အာဆင်နယ်နည်းပြဟောင်း အာစင်ဝင်းဂါးက ပြောကြားလိုက်ကြောင်း corsematin တွင် ဖော်ပြထားသည်။

**အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "စီးပွားရေးစကားဝိုင်း" (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ ) (ဒုတိယပိုင်း)
၁၀း၅၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၇၁)

**ညပိုင်း**

၁၇း၀၅ - အနုပညာခန်းရိပ်သာ "ဆရာချစ်ဦးညိုနှင့် တွေ့ဆုံခြင်း" (ပထမပိုင်း)
၁၇း၃၅ - MRTV Travelogue
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၇) ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ (ဒါရိုက်တာ-အောင်ဩဘာ)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "စီးပွားရေးစကားဝိုင်း" (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊စိန်ခေါ်မှုများ) (တတိယပိုင်း)
- "စမ်းချောင်းဆစ်ကွန်၊ ဆစ်ကွန်စမ်းချောင်း" (အပိုင်း-၆)"မနောမြေမှ ဆားဗစ်ချာ့တ်" (မေသဥ္ဇာဦး၊သန်းသန်းစိုး၊ ဇော်ဝင်းနိုင်၊ညီနိုင်း (ဒါရိုက်တာ-ရှင်ဒေဝီ)
- ဂီတသမား၊ဂီတစကား "ခေါင်းစဉ်လွဲသီချင်း" (ဂီတစာဆိုဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
- နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း-၁၀)



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၁**

မောင်တောမြို့နယ် နယ်မြေ (၂) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးရန့်ချောင်းကင်းစခန်းမှ ဒုတိယရဲမှူး အောင်ကျော်ကျော် ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) BGB တပ် Mongjoypara ကင်းစခန်းမှ Naib Subedar Md. Shahidul Islam ဦးစီး ၁၅ ဦးတို့သည် ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီ ၅၅ မိနစ်မှ ၁၁ နာရီ ၅၅ မိနစ်အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၄၁/၂)မှ (၄၂) အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်လမ်းတွင် ကျွန်းသစ်များ တင်ဆောင်ထားသည့် ယာဉ်တစ်စီးဖမ်းဆီးရမိ

**ရေတာရှည် ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီကာလ တရားမဝင်သစ်များ ထုတ်လုပ်ခြင်း မရှိစေရန် သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများနှင့် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော် ကားလမ်းတစ်လျှောက် စောင့်ကြည့်လျက်ရှိရာ ဩဂုတ် ၂၁ ရက် နံနက် ၄ နာရီခွဲခန့်က သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း ၂၃/၅ မိုင်တွင် တရားမဝင်ကျွန်းသစ်များတင်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မြို့နယ်သစ်တောဦးစီး အရာရှိဦးကျော်ဆန်းမိုး ဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင် ၂၃/၅ အနီးတွင် တရားမဝင် ကျွန်းသစ်များတင်ဆောင်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးဆောင်ရွက်စဉ် YGN-5D/---- ELGRAND (လိုင်စင်စိစစ်ဆဲ) ယာဉ်ငယ်အား တွေ့ရှိရပြီး ယာဉ်မောင်းမှာထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ဆက်လက်၍ ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားမဝင်ကျွန်းသစ်ခွဲသားဆိုက်စုံ ၂၈ ချောင်း (၁ ဒသမ ၂၇၅၈ တန်) ကို ဖမ်းဆီးရမိခဲ့သည်။ အဆိုပါဖမ်းဆီးရမိသည့် မော်တော်ယာဉ် ယာဉ်မောင်းနှင့်သစ်ပိုင်ရှင်အား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆွာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မိုးညှင်း၌ ရထားလမ်းအလံတိုင်သံကြိုးသွယ်တန်းရန် မြေတူးဖော်စဉ် အမြောက်ကျည်အဟောင်းနှင့် ကျည်ဆန်ခွံများတွေ့ရှိ

**မိုးညှင်း ဩဂုတ် ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း ဩဂုတ် ၂၀ရက်က ရထားလမ်း အလံတိုင်သံကြိုးသွယ်တန်းရန် မြေတူးဖော်စဉ် အမြောက်ကျည်အဟောင်းနှင့် ကျည်ဆန်ခွံများ တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၃ နာရီက မြစ်ကြီးနား-မန္တလေးရထားလမ်းအပိုင်း မိုးညှင်းမြို့နယ် မိုးညှင်းဘူတာ ယာဒ်ဝင်း ရထားလမ်းမိုင်တိုင်အမှတ် (၆၃၃/၁၈) သံလမ်းအမှတ်(၁)နှင့် (၂)အကြား မြန်မာ့မီးရထားသံလမ်းလုပ်သားအဖွဲ့ခေါင်းဆောင် ဦးငြိမ်းချမ်းနှင့်အဖွဲ့က အလံတိုင်သံကြိုးအား မြေမြှုပ်ရန် မြေတူးဖော်နေစဉ် အမြောက်ကျည်ဟောင်းများ တူးဖော်တွေ့ရှိကြောင်း သတင်းအရ မိုးညှင်းတပ်နယ်မှ တပ်မတော်သားများ၊ မိုးညှင်းဘူတာ လုံခြုံရေးရဲတပ်စုမှ ရဲအုပ်သိန်းလွင်နှင့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အမြောက်ကျည်အဟောင်းနှစ်လုံး၊ အမြောက်ကျည်အခွံတစ်ခုနှင့် ၇ ဒသမ ၆၂ ကျည်ခွံခုနစ်ခုတို့ကို တွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တွေ့ရှိရသည့် အမြောက်ကျည်ဟောင်းနှင့် ကျည်ခွံများအား နယ်မြေခံတပ်မတော်သားများက အများပြည်သူ အန္တရာယ်မရှိစေရေး စနစ်တကျ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

မူးယစ်တပ်ဖွဲ့စု (၁၀၁) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် မြစ်ငယ်လမ်းမပေါ်တွင် မျိုးမင်းစိုး (ခ) ကိုမျိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာမှ ဘိန်းဖြူ သုည ဒသမ ၆၈ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား၊ ငွေကျပ် ၇၅၀၀၀ ကို လည်းကောင်း။

ဩဂုတ် ၁၉ ရက် ည ၉ နာရီ မိနစ် ၅၀ က စစ်တွေခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဦးမြို့ တောင်ရပ်ရပ်ကွက်နေ အောင်သန်းထွန်း၏ နေအိမ်ကို ရှာဖွေရာ အောင်သန်းထွန်းနှင့်အတူ ဇနီးဖြစ်သူ မစုချေ(ခ)မသန်းနုဆွေ၊ ကျော်ဆန်းဝင်းနှင့် စိုးစိုးကျော်တို့ကို တွေ့ရှိပြီး သံသေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၁၅ ပြား၊ ငွေကျပ် ၁၁၅၀၀၀ နှင့် ဆိုင်ကယ်လေးစီးတို့ကိုလည်းကောင်း။

ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် လမ်းထောင့်တွင် စိုင်းထွန်းမောင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူဘလောက်တုံးတစ်တုံး (ဘိန်းဖြူအလေးချိန် ၃၅၀ ဂရမ်) နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း ဖမ်းဆီးရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂုတ်တွင်းကားလမ်း၌ ဒီဇယ်တင်ဆောင်လာသည့်ယာဉ် တိမ်းမှောက်

**နောင်ချို ဩဂုတ် ၂၁**

မန္တလေး-လားရှိုးပြည်ထောင်စုကားလမ်းမကြီး ဂုတ်တွင်းကားလမ်းကွေ့မိုင်တိုင်အမှတ် ၈၃/၈၄ ဒေသအခေါ် ကုလားမကွေ့ကြီး၌ ဩဂုတ် ၂၁ ရက် ညနေ ၄ နာရီက ယာဉ်မောင်းမျိုးမင်းဦး အသက်(၃၂ နှစ်) မောင်းနှင်လာသည့် ဒီဇယ်ဆီဂါလံ ၈၇၅၀ တင်ဆောင်လာသော ၂၂ ဘီးတွဲယာဉ်သည် အခင်းဖြစ်နေရာတွင် ကွေ့အားချိုးကွေ့လိုက်ရာ ဂုတ်တွင်းတံတားဘက်ဆင်းရာ ကားလမ်းယာဘက်သို့ တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်ရာသို့ ဂုတ်တွင်းတံတားရဲကင်းမှ ရဲအုပ်တင်ဆန်းဦး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းလွင်ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ် (၁၂၀) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်ခင်မောင်မြင့် ဦးစီးသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ အိုရီယမ်တယ်လမ်းစီမံကိန်းမှ တာဝန်ရှိသူများက မန္တလေး-လားရှိုး ကားလမ်းပိုင်း အဆက်အသွယ်မပြတ်တောက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ဒဂုံမြို့သစ် (ဆိပ်ကမ်း) ၌ အထည်ချုပ်စက်ရုံအလုပ်သမားများ ဆန္ဒထုတ်ဖော်

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကနောင်မင်းသားကြီးလမ်း စက်မှုဇုန်(၁)ရှိ ဖုယွင် (FUYUEN) အထည်ချုပ်စက်ရုံတွင် ယနေ့ နံနက် ၇ နာရီမှ စတင်ကာ စက်ရုံအလုပ်သမား ၁၀၀ခန့်က စက်ရုံရှေ့တွင် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အထည်ချုပ်စက်ရုံ မန်နေဂျာက ဩဂုတ် ၂၀ ရက်တွင် စက်ရုံလုပ်သား ၃၀ ကို အလုပ်မှ ရပ်စဲခဲ့သည့်အတွက် စက်ရုံအလုပ်သမားများက မကျေနပ်၍ ယနေ့တွင် အလုပ်ခွင်သို့မဝင်ကြဘဲ စက်ရုံရှေ့တွင် ဆန္ဒဖော်ထုတ်ရခြင်းဖြစ်သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ အလုပ်သမားရေးရာဝန်ကြီး ဦးဇော်အေးမောင်က "အလုပ်ရှင်၊ အလုပ်သမားပြဿနာတွေကတော့ မကြာခဏလည်း ဖြစ်ပွားပါတယ်။ ရန်ကုန်ဟာ အဓိက စီးပွားရေးအချက်အချာ နေရာမို့ စက်ရုံအလုပ်ရုံတွေ ပေါများသလို ဒီလိုပြဿနာတွေကလည်း မကြာခဏ ဖြစ်ရပါတယ်။ ကျွန်တော်တို့ဘက်ကတော့ ဒီလိုပြဿနာတွေ၊ ဖြစ်စဉ်တွေ၊ ဆန္ဒဖော်ထုတ်မှုတွေ ဖြစ်လာရင် အဆင့်ဆင့်တိုင်ကြားနိုင်တဲ့ ၊ ဖြေရှင်းညှိနှိုင်းနိုင်တဲ့ ယန္တရားတွေကို အကောင်အထည်လည်း ဖော်ထားပြီးဖြစ်ပါတယ်။ ပြဿနာတွေကြုံလာတိုင်း၊ ဆန္ဒပြတိုင်း ညှိနှိုင်းပြေလည်မှုရရှိသည်အထိ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနေတဲ့ဌာနဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော့်သဘောအရပြောရရင် ဆန္ဒဖော်ထုတ်တာထက် စားပွဲမှာ ထိုင်ဆွေးနွေးကြတာဟာ ပိုပြီးထိရောက်မှုလည်းရှိ၊ အကျိုးလည်းများပါတယ်" ဟု ပြောကြားသည်။

ထို့ပြင် ဆန္ဒဖော်ထုတ်ခြင်းများ ဖြစ်ပွားမှုကို ဌာနအနေဖြင့် ကိုင်တွယ်ဖြေရှင်းသည့်အခါ ကြုံတွေ့နေရသည့် အခက်အခဲမှာ ဆိုရှယ်မီဒီယာများပေါ်တွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား စသည်ဖြင့် ဘက်ပေါင်းစုံကို စေ့ငုအောင် မေးမြန်းပြီးဆုံးခြင်း မတိုင်မီ ဆန္ဒပြသည့်သတင်းများကို ဖော်ပြခြင်းဖြင့် ပြဿနာများ ပိုမိုကြီးထွားလာတတ်သည်ကို ကြုံတွေ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ယင်းဖုယွင် အထည်ချုပ်စက်ရုံမှ အလုပ်ရှင်၊ အလုပ်သမားဆန္ဒဖော်ထုတ်မှုမျိုးကို လွန်ခဲ့သည့် ၂၀၁၇ ခုနှစ် စက်တင်ဘာလကလည်း ဖြစ်ပွားခဲ့ဖူးပြီး အလုပ်ရှင်၊ အလုပ်သမားနှင့်အစိုးရ ညှိနှိုင်းဖျန်ဖြေမှုများ ပြုလုပ်ခဲ့ရဖူးကြောင်း သိရသည်။ **မင်းမင်း(ဆိပ်ကမ်း)၊ ခင်ရတနာ**

# မြန်မာအလုပ်သမားတစ်ဦး ထိုင်းနိုင်ငံ၌ လုပ်ငန်းခွင်အတွင်း သေဆုံး

**ဗန်ကောက် ဩဂုတ် ၂၁**

ထိုင်းနိုင်ငံ ချွန်ဘူရီခရိုင် ချွန်ဘူရီမြို့နယ် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခု၌ အလုပ်လုပ်ကိုင်နေသည့် CI လက်မှတ်ကိုင်ဆောင်ထားသော မြန်မာအလုပ်သမားသုံးဦးသည် ဩဂုတ် ၁၈ ရက် မွန်းတည့် ၁၂ နာရီခန့်က ငြမ်းပေါ်မှပြုတ်ကျ၍ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အလုပ်သမားတစ်ဦးဖြစ်သူကိုနိုင်ဦး၏ ပြောကြားချက်အရ ပြုတ်ကျခဲ့သည့် အလုပ်သမားသုံးဦးတို့သည် နေ့စဉ်ပုံမှန်အလုပ်လုပ်ကိုင်နေရာမှ ယခုကဲ့သို့ မတော်တဆဖြစ်ကာ ပြုတ်ကျခဲ့ပြီး ဦးခေါင်းကွဲဒဏ်ရာများဖြင့် အလုပ်သမားနှစ်ဦးမှာ သတိလစ်ခဲ့၍ အလုပ်သမားခေါင်းဆောင်ထံ သွားရောက်သတင်းပို့ခဲ့ကြောင်း သိရသည်။

အဆိုပါ ငြမ်းပေါ်မှပြုတ်ကျ၍ ဒဏ်ရာရရှိခဲ့သူများမှာ အောင်စိုးဝင်း(၄၄ နှစ်)၊ ဇေယျာအောင်(၂၉ နှစ်)နှင့် နိုင်နိုင်(၂၁ နှစ်)တို့ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို ထိုင်းကယ်ဆယ်ရေးအဖွဲ့များက ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုပေးခဲ့ရာ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အလုပ်သမား သုံးဦးအနက် နိုင်နိုင်(၂၁ နှစ်)သည် ရရှိခဲ့သည့် ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်းသိရသည်။

**ကျော်စိုး (ကော့သောင်း)**

# အီရန်နျူကလီးယားအစီအစဉ်ကို တားဆီးခြင်းသည် အမေရိကန်၏ ထိပ်တန်းဦးစားပေးကိစ္စဖြစ်ကြောင်း ကန်အမျိုးသားလုံခြုံရေးအကြံပေး ပြောကြား

**ဂျေရုဆလင် ဩဂုတ် ၂၂**

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင် နေတန်ယာဟုအား အီရန်ကို နျူကလီးယားလက်နက် ပိုင်ဆိုင်သည့်နိုင်ငံအဖြစ်မှ တားဆီးခြင်းသည် အမေရိကန်ပြည်ထောင်စုအတွက် ထိပ်တန်းဦးစားပေးကိစ္စရပ်တစ်ခုဖြစ်ကြောင်း ဩဂုတ် ၂၀ ရက်က ပြောခဲ့သည်။

ဂျေရုဆလင်၌ ကျင်းပသော အစည်းအဝေးအစတွင် အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က အီရန်နိုင်ငံ၏ စစ်ရေးဆိုင်ရာ စွမ်းဆောင်နိုင်မှုသည် အမေရိကန်ပြည်ထောင်စုအတွက် အရေးအကြီးဆုံး မေးခွန်းတစ်ခုဖြစ်ကြောင်း ပြောခဲ့သည်။

ထို့ကြောင့် အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရန်နျူကလီးယားလက်နက်ပိုင်ဆိုင်မှုကို ဆန့်ကျင်ရန် ဥရောပမဟာမိတ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က ပြောခဲ့သည်။

အီရန် နျူကလီးယားသဘောတူညီချက်သည် စိတ်ပျက်စရာကောင်းကြောင်း၊ ထို့ကြောင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် လွန်ခဲ့သည့်လက အဆိုပါသဘောတူညီချက်မှ ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

နေတန်ယာဟုကလည်း အဆိုပါ သဘောတူညီချက်သည် ဆိုးရွားသော သဘောတူညီချက်ဖြစ်ကြောင်း သဘောတူခဲ့ပြီး အီရန်နိုင်ငံကို အရေးယူပိတ်ဆို့မှုများ ထပ်မံပြုလုပ်ခဲ့သည့်အတွက် ဒေါ်နယ်ထရန့်အား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်နှင့် တွေ့ဆုံဆွေးနွေးရခြင်းသည် နည်းဗျူဟာများကို ချိန်ညှိရာ၌ အီရန်၊ ဆီးရီးယားနှင့် ဂါဇာတို့ထက် ပို၍ နီးကပ်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း နေတန်ယာဟုက ပြောကြားခဲ့သည်။

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်သည် အစ္စရေးသို့ ဩဂုတ် ၂၀ရက်မှစတင်ကာ နှစ်ရက်ကြာ အလည်အပတ်ခရီးရောက်ရှိလာခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၁ ရက်တွင် ၎င်းသည် အစ္စရေးကာကွယ်ရေးဝန်ကြီး အဗစ်ဒေါလီဘာမင်းန်နှင့် တွေ့ဆုံခဲ့သည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ရုတ်သိမ်းရန် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်နိုင်ငံတို့ကြား နျူကလီးယားသဘောတူညီချက်တစ်ခုကို ၂၀၁၅ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ရာ အဆိုပါ သဘောတူညီချက်နှင့်ပတ်သက်ပြီး အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က သဘောထားတင်းမာခဲ့ကြောင်း သိရသည်။



အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် ရှေ့တိုးမလုပ်နိုင်စေရန်နှင့် ဒုံးကျည်အစီအစဉ်များ ရပ်တန့်စေရန်၊ အီရန်နိုင်ငံအပေါ် တင်းမာသော စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ရန် အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က တိုက်တွန်းခဲ့သည်။

အီရန်နိုင်ငံကလည်း ၎င်းအနေဖြင့် နျူကလီးယားအစီအစဉ်ကို ဖွံ့ဖြိုးအောင် လုပ်ဆောင်ခြင်းမရှိဟု ဆိုကာ ငြင်းဆိုခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် ထပ်မံတွေ့ဆုံဖွယ်ရှိ

**ဝါရှင်တန် ဩဂုတ် ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မိမိအနေဖြင့် မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်းနှင့် တွေ့ဆုံဆွေးနွေးမှု ထပ်မံပြုလုပ်သွားဖွယ်ရှိကြောင်း မကြာသေးမီက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားစမ်းသပ်မှုကို ရပ်ဆိုင်းလိုက်ပြီဖြစ်သောကြောင့် နျူကလီးယားကင်းစင်ရေးအတွက် အထူးဆောင်ရွက်မှုများ ပြုလုပ်နေသည်ကို ယုံကြည်ကြောင်း၊ ထို့အပြင် မိမိနှင့် ကင်ဂျုံအန်းကြား ဆက်ဆံရေးမှာလည်း အလွန်ကောင်းမွန်လျက်ရှိကြောင်း မီဒီယာနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့သည်။

သို့သော်လည်း ဒေါ်နယ်ထရန့်အနေဖြင့် ကင်ဂျုံအန်းနှင့် ထပ်မံတွေ့ဆုံမည့် နေရာနှင့် အချိန်ကို အတိအကျ ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။



ဒေါ်နယ်ထရန့်နှင့် ကင်ဂျုံအန်းတို့သည် ယခုနှစ် ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ ထိပ်သီးဆွေးနွေးပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့ပြီး ပူးတွဲကြေညာချက်စာတမ်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ကြေညာချက်တွင် ခေတ်သစ် အမေရိကန်-မြောက်ကိုရီးယား ဆက်ဆံရေးအား တည်ထောင်ရန်၊ ကိုရီးယားကျွန်းဆွယ် ရေရှည်တည်တည်ငြိမ်ငြိမ်အေးချမ်းရေးအတွက် မူဘောင်တစ်ခု တည်ဆောက်ရန်တို့ ပါဝင်ခဲ့ကြောင်း သိရသည်။

ဒေါ်နယ်ထရန့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား လုံခြုံရေးအာမခံချက် ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့သလို အပြန်အလှန်အနေဖြင့် ကင်ဂျုံအန်းကလည်း ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် ထပ်မံကတိပြုခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်သမ္မတကတော် ဆိုက်ဘာခြိမ်းခြောက်အနိုင်ကျင့်ခြင်းအပေါ် ဖြေရှင်းရန် လှုပ်ရှားမှုစတင်

**ဝါရှင်တန် ဩဂုတ် ၂၁**

အမေရိကန်သမ္မတကတော် မယ်လနီယာထရန့်သည် ဆိုက်ဘာခြိမ်းခြောက်အနိုင်ကျင့်မှုများကို ကိုင်တွယ်ဖြေရှင်းရန် လှုပ်ရှားမှုတစ်ခုစတင်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြခဲ့သည်။

ဝါရှင်တန်မြို့ပြင် ကျန်းမာရေးအဆောက်အအုံတစ်ခုတွင် ဆလိုဗေးနီးယားနွယ်ဖွားသမ္မတကတော်က အွန်လိုင်းခြိမ်းခြောက်အနိုင်ကျင့်ခြင်းဆိုင်ရာ ကိစ္စရပ်များ၌ နည်းပညာကုမ္ပဏီများအနေဖြင့် ကလေးများ၏ စိတ်ကူးဉာဏ်နှင့် စိုးရိမ်မှုများအပေါ် ဂရုတစိုက် နားထောင်သင့်ကြောင်း ပြောကြားခဲ့သည်။

ကလေးအများစုသည် လူမှုမီဒီယာများ၏ အကျိုးအမြတ်များနှင့် ချိန်ခါမရွေး ကျရောက်လာတတ်သော ဘေးအန္တရာယ်များကို အရွယ်ရောက်ပြီးသူများထက် ပို၍ အာရုံစိုက်တတ်ကြကြောင်း သမ္မတကတော် မယ်လနီယာထရန့်က ပြောခဲ့သည်။

ယနေ့ ကမ္ဘာ့လူ့ဘောင်၌ လူမှုမီဒီယာများသည် ကလေးငယ်များ၏ နေ့စဉ်ဘဝအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုပါဝင်သည်ဆိုခြင်းမှာ မလွဲဧကန် အမှန်ဖြစ်ကြောင်း သမ္မတကတော်က ဆက်လက်ပြောကြားခဲ့သည်။

ထို့ကြောင့် လူမှုမီဒီယာများကို ကောင်းသောနည်းလမ်းများဖြင့် အသုံးပြုနိုင်သလို မမှန်မကန်အသုံးပြုပါကလည်း အပျက်သဘောနှင့် အန္တရာယ်ဖြစ်စေနိုင်ကြောင်း မယ်လနီယာက ဆက်လက်ပြောကြားခဲ့သည်။

သမ္မတကတော်ဖြစ်ကတည်းက မယ်လနီယာထရန့်သည် ပြည်သူသို့ မိန့်ခွန်းမကြာခဏ ပြောတတ်သူမဟုတ်ဘဲ ရံဖန်ရံခါမှသာ ပြောတတ်သူဖြစ်ကြောင်း သိရသည်။

အကောင်းဆုံးဖြစ်အောင်လုပ်မည်ဆိုသည့် သူမ၏ ဆိုက်ဘာခြိမ်းခြောက်အနိုင်ကျင့်မှုများနှင့် ပတ်သက်ပြီး လှုပ်ရှားမှုသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ နေ့စဉ် တွေးဆပြောကြားမှုများအပေါ် လွှမ်းမိုးလျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**



# အိန္ဒိယအနောက်တောင်ပိုင်းရေဘေး ၄၁၀ ထက်မနည်းသေဆုံး၊ တစ်သန်းကျော် ရေဘေးစခန်းများတွင်ခိုလှုံ

**နယူးဒေလီ ဩဂုတ် ၂၁**

အိန္ဒိယနိုင်ငံအနောက်တောင်ပိုင်း ကီရာလာပြည်နယ်တွင် မိုးရာသီရေကြီးမှုများကြောင့် လူပေါင်း ၄၁၀ ထက်မနည်း သေဆုံးခဲ့သလို ကျန်ရှိသည့် လူပေါင်း တစ်သန်းကျော်လည်း ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေထိုင်ကြကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ဩဂုတ် ၂၁ ရက်တွင် ပြောသည်။

ရေဘေးကြောင့် အိမ်ပေါင်း ၅၀၀၀၀ ခန့် ပျက်စီးခဲ့ကြောင်း ကီရာလာပြည်နယ် မှတ်တမ်းအရာရှိတစ်ဦးက ပြောခဲ့သည်။ ထို့အတူ ရေများမကျသေးဘဲ မြင့်တက်လျက်ရှိသောကြောင့် အဆိုပါဒေသများမှာလည်း တိတ်ဆိတ်ခြောက်ကပ်လျက်ရှိကာ ဒေသခံပြည်သူများမှာလည်း ရေဘေးကယ်ဆယ်ရေးစခန်းများသို့ အများအပြားလာရောက်ခိုလှုံကြကြောင်း သိရသည်။

ကြည်းတပ်၊ ရေတပ်နှင့် လေတပ်များမှ တပ်မတော်သားထောင်ပေါင်းများစွာ ကီရာလာပြည်နယ်တစ်ဝန်း ဖြန့်ကြက်လျက်ရှိပြီး ဝေးလံခေါင်သီသောဒေသများနှင့် တောင်ပေါ်ဒေသများရှိ လိုအပ်နေသောသူများကို အကူအညီပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကီရာလာပြည်နယ်တစ်ဝန်း ရေဘေးကယ်ဆယ်ရေးစခန်း ၃၂၀၀ တွင် စုစုပေါင်းရေဘေးဒုက္ခသည် ၁၀၂၈၀၀၀ ခန့် ခိုလှုံလျက်ရှိကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသတင်းဌာနသို့ ပြောခဲ့သည်။

ဩဂုတ် ၂၀ ရက်က ရေဘေးကြောင့် နောက်ထပ်သေဆုံးသူ ခြောက်ဦး၏ ရုပ်အလောင်းများကို ထပ်မံတွေ့ရှိခဲ့ပြီး ဇွန်လ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးသည့်အချိန်မှစ၍ သေဆုံးသူဦးရေမှာ ၄၁၀ ထက်ကျော်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းနှစ်ခု ဂျပန်သို့ ဝင်ရောက်တော့မည်

**တိုကျို ဩဂုတ် ၂၁**

အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းနှစ်ခု ဂျပန်သို့ ဦးတည်ရွေ့လျားလျက်ရှိကြောင်း သိရပြီး မုန်တိုင်းကြောင့် ဒေသအတော်များများ ထိခိုက်မှုများ ဖြစ်ပွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုလစ်တိုင်ဖွန်းမုန်တိုင်းသည် ယခုအခါ ကာဂိုရှီးမားစီရင်စုရှိ အမာမီအိုရှီမာကျွန်း အရှေ့ဘက် ၁၇၀ ကီလိုမီတာအကွာတွင် တည်ရှိနေပြီး ယင်းမုန်တိုင်းသည် အနောက်-အနောက်မြောက်ယွန်းယွန်းသို့ တစ်နာရီလျှင် ၂၀ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားနေကြောင်း သိရသည်။ အဆိုပါမုန်တိုင်းသည် နောက် ၂၄ နာရီအတွင်း အမာမီဒေသသို့ ဝင်ရောက်နိုင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီအရာရှိများက ခန့်မှန်းထားသည်။ မုန်တိုင်းကျစဉ် အဆိုပါဒေသ၌ ၂၄ နာရီအတွင်း မိုးရေချိန် ၄၀၀ မီလီမီတာခန့်အထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ မုန်တိုင်းအရှိန်ကြောင့် ကျူရှူးကျွန်းနှင့် ဂျပန်နိုင်ငံအနောက်ပိုင်း ပစိဖိတ်ကမ်းခြေတို့တွင် မိုးကြီးပြီး ရာသီဥတုဆိုးရွားနိုင်ကြောင်း သိရသည်။

ထို့အတူ အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်း ဆိုင်မာရွန်သည်လည်း တိုကျိုတောင်ဘက် အတော်ဝေးဝေးရှိ အိုဂါဆာဝါရာကျွန်းအနီးတွင် ဖြစ်ပေါ်လျက်ရှိကာ အဆိုပါမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ တစ်နာရီလျှင် ၂၅ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားလျက်ရှိကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် မကြာမီအချိန်အတွင်း ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းသို့ တိုက်ခတ်နိုင်ကြောင်း သိရသည်။ မုန်တိုင်းနှစ်ခု၏ အရှိန်ကြောင့် ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မိုးပိုနိုင်ကြောင်း မိုးလေဝသအရာရှိများက သတိပေးပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ပါကစ္စတန်ဝန်ကြီးချုပ်အသစ်အတွက် ဝမ်းမြောက်ကြောင်း အိန္ဒိယဝန်ကြီးချုပ် ပြော

**နယူးဒေလီ ဩဂုတ် ၂၁**

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် ပါကစ္စတန်ဝန်ကြီးချုပ်အသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုထားသော အင်မရန်ခန်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့ခဲ့ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက ပြောသည်။

ပါကစ္စတန်အစိုးရသည် ပြည်သူများ၏ လိုလားချက်ဖြစ်သော ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် ချောချောမွေ့မွေ့ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း မိုဒီက ပြောကြားခဲ့သည်။ နှစ်နိုင်ငံ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် အကြမ်းဖက်သမားများ နှိမ်နင်းရေးတို့အတွက် အမြင်များဖလှယ်နိုင်လိမ့်မည်ဟုလည်း တယ်လီဖုန်းဖြင့် ဆက်သွယ်စဉ်က ပြောကြားခဲ့ကြောင်း သိရသည်။

သဝဏ်လွှာထဲတွင် အိန္ဒိယသည် ပါကစ္စတန်နှင့် အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံရေးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိ ပြည်သူများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားပါရှိသည်။ ဇူလိုင် ၃၀ ရက်ကလည်း မိုဒီသည် အင်မရန်ခန်းထံ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့်အတွက် ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ

### အန်ကာရာရှိ အမေရိကန်သံရုံး တိုက်ခိုက်ခံရမှုအတွက် တူရကီ ရှုတ်ချ

**အန်ကာရာ ဩဂုတ် ၂၁**

တနင်္လာနေ့က တူရကီမြို့တော် အန်ကာရာရှိ အမေရိကန်သံရုံး သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရသဖြင့် တူရကီအဆင့်မြင့်အရာရှိကြီးများနှင့် ထိပ်ပိုင်းခေါင်းဆောင်များသည် အဆိုပါ တိုက်ခိုက်မှုကို ရှုတ်ချကြောင်း ကြေညာခဲ့သည်။ အမေရိကန်သံရုံးတိုက်ခိုက်ခံရသည်ကို ရှုတ်ချကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ကျူးလွန်သူတရားခံကို ဖမ်းဆီးမိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗ်လက်ကာဗိုဆိုကလူ ကလည်း အဆိုပါ တိုက်ခိုက်မှုကို ရှုတ်ချကြောင်း ၎င်း၏ တွစ်တာအကောင့်တွင် ရေးသားထားသည်။

အမေရိကန်သံရုံး တိုက်ခိုက်ခံရမှုသည် ဆိုးရွားသောဖြစ်ရပ်များကို ဖန်တီးရန် ကြိုးပမ်းမှုပင်ဖြစ်ကြောင်း၊ တူရကီနိုင်ငံသည် လုံခြုံစိတ်ချရသည့် နိုင်ငံဖြစ်ပြီး နိုင်ငံအတွင်း နိုင်ငံရပ်ခြားမှ တာဝန်ထမ်းဆောင်နေကြသူများအတွက် တရားဥပဒေအောက်တွင် လုံခြုံစိတ်ချရမှုရှိကြောင်း သမ္မတရုံးပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဆင်ဟွာ

# ဗင်နီဇွဲလားရဲ့ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ခံစားနေရသည့် အိမ်နီးချင်းနိုင်ငံများ

ခြူးစန္ဒီနွေး

ဗင်နီဇွဲလားနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံရေးတွေ မတည်ငြိမ်တဲ့အခါ တိုင်းပြည်အတွင်းက လူတွေဟာ ထွက်ပြေးဖို့ ကြိုးစားကြပါတော့တယ်။ အခြေခံစားသောက်ကုန်ပြတ်လပ်မှု၊ ငွေကြေးဖောင်းပွမှုတွေ အဆမတန်မြင့်တက်လာမှုတို့အပြင် နောက်ဆုံးနိုင်ငံရဲ့သမ္မတကိုတောင် လုပ်ကြံဖို့ကြိုးစားလာကြတဲ့အခါမှာတော့ တိုင်းပြည်ရဲ့ နိုင်ငံရေးအခြေအနေဟာ ဆိုးရွားသထက် ဆိုးရွားလာပါတယ်။ တိုင်းပြည်အတွင်းမှာ အသက်ရှင်နေထိုင်ဖို့ ခဲယဉ်းလာတဲ့ပြည်သူတွေဟာ အိမ်နီးချင်းနိုင်ငံတွေကို ထွက်ပြေးကြပါတယ်။ ဗင်နီဇွဲလားနိုင်ငံရဲ့ မတည်ငြိမ်မှုကနေ ဖြစ်ပေါ်လာတဲ့ ရိုက်ခတ်မှုတွေကို အိမ်နီးချင်းနိုင်ငံတွေက ကောင်းကောင်းခံစားရပါတော့တယ်။ ဘရာဇီး၊ အီကွေဒေါ၊ ကိုလံဘီယာနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံတွေဟာ ဗင်နီဇွဲလားဒုက္ခသည် အမြောက်အမြားကို လက်ခံထားရပါတယ်။




### နယ်စပ်ဂိတ်ပြန်လည်ဖွင့်ပေး

အိမ်နီးချင်း ဘရာဇီးနိုင်ငံဟာဆိုရင် ဗင်နီဇွဲလားနဲ့ ထိစပ်နေတဲ့ မြောက်ပိုင်းနယ်စပ်ကို ခေတ္တခဏပိတ်ထားရပါတယ်။ ဗင်နီဇွဲလားက စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာ ပဋိပက္ခတွေကြောင့် ထွက်ပြေးလာရတဲ့ ဒုက္ခသည်တွေ အလုံးအရင်းနဲ့ လှိမ့်ဝင်လာလို့ပါ။ ဒီလို ခေတ္တပိတ်ထားတာလည်း သိပ်တော့မကြာပါဘူး။ မကြာသေးခင်ကပဲ ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဝင်ရောက်ခိုလှုံလာမယ့် လူပေါင်းများစွာအတွက် လက်ခံနိုင်မယ့်အခြေအနေ ပြင်ဆင်လို့ မပြီးမချင်း နယ်စပ်ကို ပိတ်ထားမယ်ဆိုတဲ့အမိန့်ကို ဘရာဇီးတရားရုံးချုပ်ကနေ ရုပ်သိမ်းခဲ့ပြီး နယ်စပ်ကို ပြန်ဖွင့်ပေးဖို့ အမိန့်ပေးခဲ့ပါတယ်။ ဘရာဇီးနိုင်ငံ မြောက်ပိုင်းရှိ ရိုရေမာပြည်နယ် အာဏာပိုင်တွေကတော့ တစ်နေ့ကို ဗင်နီဇွဲလားနိုင်ငံသား ၅၀၀ ခန့်ဟာ ဘရာဇီးနိုင်ငံအတွင်း ဝင်ရောက်နေကြတယ်လို့ ပြောပါတယ်။ နယ်စပ်ဂိတ်ပိတ်ထားတဲ့အခါ နယ်စပ်မှာ ဒုက္ခသည်တွေ စုပြုံခဲ့ပြီးတဲ့နောက်မှာတော့ ဩဂုတ် ၆ ရက်မှာ နယ်စပ်ကို ပြန်ဖွင့်ပေးဖို့ ဆုံးဖြတ်ခဲ့တာပဲ ဖြစ်ပါတယ်။

### ဒေသခံများက မကျေနပ်

ဘရာဇီးနိုင်ငံကို ဖြတ်ကျော်ဝင်ရောက်လာတဲ့ ဗင်နီဇွဲလားခိုလှုံသူတွေဟာ ရိုရေမာပြည်နယ်မှာ စုပုံနေခဲ့ပြီး ခက်ခဲကြမ်းတမ်းတဲ့ဘဝတွေကို ဖြတ်ကျော်နေရပါတယ်။ နဂိုကတည်းက ဆင်းရဲပြီး စီးပွားရေးအင်အားမတောင့်တင်းတဲ့ ရိုရေမာပြည်နယ်မှာ ဝန်ထုပ်ဝန်ပိုးတွေ များလာတယ်။ ဒါကြောင့် ရိုရေမာပြည်နယ်အာဏာပိုင်တွေဟာ ဗင်နီဇွဲလားနိုင်ငံသားတွေ အလုံးအရင်းနဲ့ ဝင်ရောက်လာတဲ့ဒဏ်ကို မခံနိုင်တော့တဲ့အတွက် နယ်စပ်ကိုပိတ်ပေးဖို့ တောင်းဆိုခဲ့ကြပါတော့တယ်။ ဗင်နီဇွဲလားက ရွှေ့ပြောင်းလာတဲ့ လူတွေကြောင့် လူမှုဝန်ဆောင်မှုစနစ်တွေ ပျက်စီးရတယ်လို့ စွပ်စွဲကြပါတယ်။ ဒါပေမယ့် ဘရာဇီးဗဟိုအစိုးရကတော့ ဗင်နီဇွဲလားမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲတွေ ကြုံလာရတဲ့အတွက် နယ်စပ်ကို ပိတ်ပေးဖို့ မဖြစ်နိုင်ဘူးလို့ ငြင်းဆိုခဲ့ပါတယ်။ ဘာပဲပြောပြော ဘရာဇီးနိုင်ငံသား ဒေသခံတွေဟာ ဗင်နီဇွဲလားနိုင်ငံသားတွေ ဝင်ရောက်နေထိုင်မှုကို မနှစ်မြို့ကြပါဘူး။

အခုဆိုရင်လည်း ဘရာဇီးနယ်စပ်မြို့ဖြစ်တဲ့ ပါကရေမီးရားမှာရှိတဲ့ ဗင်နီဇွဲလားရွှေ့ပြောင်းနေထိုင်သူများစခန်းမှာ ပဋိပက္ခတွေ ပေါ်ပေါက်နေပါတယ်။ အဲဒီအတွက် နယ်စပ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေကို ထပ်တိုးချထားရပါတယ်။ ဘရာဇီးသမ္မတ မိုက်ကယ်တင်မာဟာ တနင်္ဂနွေနေ့ကပဲ အရေးပေါ်အစည်းအဝေး ခေါ်ယူခဲ့ရပါတယ်။ ဗင်နီဇွဲလားနိုင်ငံကလည်း ဘရာဇီးမှာ ရောက်နေတဲ့ သူ့နိုင်ငံသားတွေ လုံခြုံစိတ်ချရမှုရှိ မရှိ မေးမြန်းခဲ့ပါတယ်။ အီကွေဒေါနိုင်ငံကဆိုရင် ကိုလံဘီယာကနေလာတဲ့ ဗင်နီဇွဲလားနိုင်ငံသားတွေ သူ့နိုင်ငံအတွင်းကို ဖြတ်ကျော်မယ်ဆိုရင် အထောက်အထားခိုင်လုံတဲ့ ပတ်စ်ပို့ကို ပြသနိုင်မှသာ ဖြတ်သန်းခွင့်ပြုပါတယ်။ ထောက်ခံစာတစ်ခုတည်းနဲ့တော့ အလုပ်မဖြစ်ပါဘူး။ တချို့ဗင်နီဇွဲလားတွေဟာ ချီလီနဲ့ ပီရူးမှာရှိတဲ့ မိသားစုဝင်တွေဆီ သွားရောက်ဖို့ ကြိုးစားကြပါတယ်။ ပိုမိုကောင်းမွန်တဲ့ဘဝတစ်ခု ရရှိပိုင်ဆိုင်ကြဖို့ ကြိုးပမ်းကြတာပဲ ဖြစ်ပါတယ်။

### ဒေသခံများနဲ့ ဖြစ်ပွားသည့် ပဋိပက္ခ

ပါကရေမီးရားမှာရှိတဲ့ ဗင်နီဇွဲလားရွှေ့ပြောင်းနေထိုင်သူများ အခြေချရာစခန်း တိုက်ခိုက်ခံရမှုကတော့ စနေနေ့ကပဲ ဖြစ်ပွားခဲ့တာပါ။ ဒေါသကြီးနေတဲ့ ဒေသခံတွေက ဝင်ရောက်တိုက်ခိုက်ခဲ့တာပဲဖြစ်ပါတယ်။ ဖြစ်ရပ်တွေရဲ့ ဇာစ်မြစ်ကတော့ ဒေသခံတစ်ဦးပိုင်တဲ့ စားသောက်ဆိုင်မှာ ပိုင်ရှင်ကို ဗင်နီဇွဲလားနိုင်ငံသားက ကိုယ်ထိလက်ရောက် ရိုက်နှက်တာကို မကျေနပ်လို့ ပြန်လည်လက်တုံ့ပြန်ရင်း ဖြစ်ပေါ်လာတဲ့ ပဋိပက္ခပဲဖြစ်ပါတယ်။ ဗင်နီဇွဲလားနိုင်ငံသားတွေ ရိုရေမာပြည်နယ်ထဲကို ဝင်ရောက်လာကတည်းက ဒေသခံတွေရဲ့ မကျေနပ်မှုတွေဟာ တစ်စတစ်စ တိုးလို့လာပါတယ်။ ဒေါသကြီးနေတဲ့ လူအုပ်ကြီးဟာ ကျောက်တုံးကျောက်ခဲတွေ၊ မီးတုတ်တွေနဲ့ ဗင်နီဇွဲလားစခန်းတွေကို ပစ်ခတ်ခဲ့ပါတယ်။ အဲဒီအတွက်ကြောင့် ဗင်နီဇွဲလားရွှေ့ပြောင်းနေထိုင်သူ ၁၀၀၀ ခန့်ဟာ နယ်စပ်ကိုဖြတ်ပြီး မိမိတိုင်းပြည်ဘက်ကို ပြန်ပြေးခဲ့ကြရတယ်လို့ သိရပါတယ်။ ဗင်နီဇွဲလားနိုင်ငံဘက်ခြမ်းမှာလည်း ဘရာဇီးလူမျိုးပိုင် ကားတွေ ဖျက်ဆီးခံနေရတယ်လို့ သိရပါတယ်။ ဘရာဇီး လုံခြုံရေးဝန်ကြီးဌာနကတော့ လုံခြုံရေးတပ်ဖွဲ့ဝင် ၆၀ ခန့်ကို နယ်စပ်စခန်းတွေမှာ ထပ်တိုးချထားဖို့ အမိန့်ပေးခဲ့ရပါတယ်။

### အီကွေဒေါနိုင်ငံရဲ့သဘောထား

တစ်ချိန်တည်းမှာပဲ ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာနက ဗင်နီဇွဲလားနိုင်ငံသားတွေရဲ့ လုံခြုံရေးအတွက် အာမခံချက်ပေးပါဆိုပြီး တောင်းခံလာခဲ့ပါတယ်။ ဗင်နီဇွဲလားရဲ့ ရိုက်ခတ်မှုကိုခံရတဲ့ နိုင်ငံတွေထဲမှာ အီကွေဒေါလည်း ပါပါတယ်။ ကိုလံဘီယာကိုဖြတ်ပြီး အီကွေဒေါကို ဝင်ရောက်ကြမယ့် ဗင်နီဇွဲလားနိုင်ငံသားတွေအတွက် ဥပဒေအသစ်တွေ ထပ်ထုတ်လာပါတယ်။ အီကွေဒေါနယ်စပ်ကို အလွယ်တကူ ဖြတ်သန်းခွင့်မပြုပါဘူး။ ဒါကြောင့်လည်း အီကွေဒေါနယ်စပ်ဂိတ်မှာ ရွှေ့ပြောင်းနေထိုင်သူတွေ ပိတ်မိနေပါတယ်။ နယ်စပ်မှာ ပိတ်မိနေတဲ့ ရွှေ့ပြောင်းအခြေချနေထိုင်သူ ကျောင်းဆရာဟောင်းဖြစ်တဲ့ မာရာလီအီဆာဂူရာကတော့ "ကျွန်တော်တို့မှာ ပိုက်ဆံလည်း မရှိတော့ပါဘူး။ ဒီတော့ နယ်စပ်မှာ သောင်တင်နေလို့ မရပါဘူး" လို့ ပြောခဲ့ပါတယ်။ ပရဟိတလုပ်သားတွေကတော့ နယ်စပ်ကို တရားမဝင်ဖြတ်ကျော်ခြင်း မပြုကြဖို့၊ ဒီလိုတရားမဝင်ဖြတ်ကျော်ကြရင် ပီရူးနယ်စပ်ရောက်တဲ့အခါ ဒဏ်ငွေဆောင်ရမှာပဲဖြစ်တယ်လို့ ဗင်နီဇွဲလားရွှေ့ပြောင်းနေထိုင်သူတွေကို သတိပေးခဲ့ပါတယ်။

ဒီလို သတိပေးလို့သာ ပေးရတယ် ဒီလူတွေဆီမှာလည်း ပိုက်ဆံမရှိတော့ပါဘူး။ စနေနေ့မတိုင်ခင်အထိ ဗင်နီဇွဲလားတွေက ကိုလံဘီယာကနေ တစ်ဆင့် အီကွေဒေါကို ဖြတ်ကျော်ဝင်ရောက်တဲ့အခါ အိုင်ဒီကတ်နဲ့ပဲ သွားလာခွင့် ပြုခဲ့တာပါ။ အခုမှ ပတ်စ်ပို့ပါ ပြရမယ်ဆိုပြီး အမိန့်အသစ်ထုတ်လိုက်တော့ အကုန်လုံး အံ့အားသင့်ကုန်ကြပါတယ်။ ဒါပေမယ့်လည်း မိဘနဲ့အတူလာတဲ့ ကလေးငယ်တွေနဲ့ ဆယ်ကျော်သက် အရွယ်တွေကိုတော့ ပတ်စ်ပို့မပါလည်း ဖြတ်သန်းခွင့်ပြုထားပါတယ်။

### အိမ်နီးချင်းနိုင်ငံများကို ရိုက်ခတ်မှု

ပီရူးအစိုးရကလည်း ဗင်နီဇွဲလားနိုင်ငံသားတွေကို ဩဂုတ် ၂၅ ရက်ကစပြီး ပတ်စ်ပို့ပါမှ ဝင်ခွင့်ပြုတော့မယ်ဆိုပြီး အမိန့်ထုတ်ထားပါတယ်။ ဖေဖော်ဝါရီလကစပြီး ကိုလံဘီယာနိုင်ငံဟာလည်း ဗင်နီဇွဲလားနိုင်ငံသားတွေကို ဆက်လက်လက်ခံနိုင်ခြင်း မရှိတော့လို့ နယ်စပ်မှာတင်းကျပ်မှုတွေ ပြုလုပ်ခဲ့ရပါတယ်။

ဗင်နီဇွဲလားနိုင်ငံရေးအခြေအနေဟာလည်း အားရစရာမရှိပါဘူး။ သမ္မတမာဒူရိုကို နုတ်ထွက်စေချင်ကြပေမယ့် မေလရွေးကောက်ပွဲမှာပဲ ထပ်မံရွေးကောက်ခံလိုက်ရပါတယ်။ နိုင်ငံရေးအရ တင်းမာမှုတွေဟာ ပိုပိုတိုးလာနေပါတယ်။ ဒါကြောင့်လည်း ပြည်သူတွေဟာ ပိုမိုကောင်းမွန်တဲ့ဘဝ ပိုင်ဆိုင်ရဖို့ အိမ်နီးချင်းနိုင်ငံတွေဆီ ဖြတ်ကျော် ဝင်ရောက်ခဲ့ရပါတယ်။ လက်ရှိအချိန်မှာတော့ ဗင်နီဇွဲလားနိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေးမတည်ငြိမ်မှုတွေကြောင့် ဖြစ်လာတဲ့ အကျိုးဆက်တွေဟာ အိမ်နီးချင်းနိုင်ငံတွေကို ရိုက်ခတ်နေပါတော့တယ်။ ။

ကိုးကား - ဘီဘီစီ

> "ဗင်နီဇွဲလားနိုင်ငံရဲ့ မတည်ငြိမ်မှုကနေ ဖြစ်ပေါ်လာတဲ့ ရိုက်ခတ်မှုတွေကို အိမ်နီးချင်းနိုင်ငံတွေက ကောင်းကောင်းခံစားရပါတော့တယ်။ ဘရာဇီး၊ အီကွေဒေါ၊ ကိုလံဘီယာနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံတွေဟာ ဗင်နီဇွဲလားဒုက္ခသည် အမြောက်အမြားကို လက်ခံထားရ"

# လူမျိုးဘာသာမခွဲခြားဘဲ ရင်ခွင်မဲ့ကလေးများအား ကာကွယ်စောင့်ရှောက်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ပြောကြား

**ပဲခူး ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ရင်ခွင်မဲ့ကလေးငယ်များ လျော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ယမန်နေ့က တွေ့ဆုံပွဲကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ရင်ခွင်မဲ့ကလေးများသည် အဓိကအားဖြင့် မိဘမှစွန့်ပစ်ခြင်း၊ မိဘရှိလျက်နှင့် စီးပွားရေးအဆင်မပြေမှုများကြောင့် မိဘမဲ့ဂေဟာများသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ ယင်းကလေးငယ်များ၏ ဘဝနေထိုင်မှု၊ ရှင်သန်မှုများ ပြီးပြည့်စုံမှု မရရှိနိုင်ကြောင်း၊ ရင်ခွင်မဲ့ကလေးငယ်များအား လူမျိုးဘာသာ မခွဲခြားဘဲ ဝန်းဝိုင်းကူညီစောင့်ရှောက်ပေးရမည်ဖြစ်ကြောင်းနှင့် ရင်ခွင်မဲ့ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများကို အစိုးရ၊ ပြည်သူနှင့် ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ပိုမိုပြီးပြည့်စုံသည့်ဘဝများ ပိုင်ဆိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရင်ခွင်မဲ့ကလေးငယ်များ လျော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းနှင့် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာတို့က မိဘမဲ့၊ ပရဟိတဂေဟာအများစုသည် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူမှုဖူလုံရေးဦးစီးဌာနတို့တွင် မှတ်ပုံတင်ထားရှိခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်မှ ပံ့ပိုးပေးသည့် ငွေကြေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ရပိုင်ခွင့်များဆုံးရှုံးနေရကြောင်း၊ ယင်းအခြေအနေမျိုးကို ကျော်ဖြတ်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များတွင် လူမှုရေးပရဟိတအဖွဲ့အစည်းများ၊ CSO များ၊ မြို့မိ၊ မြို့ဖများ ပူးပေါင်းပါဝင်သော ရင်ခွင်မဲ့ကလေးငယ်များ လျော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းများဖွဲ့စည်းရန် ရည်ရွယ်ရခြင်းဖြစ်ကြောင်း၊ ပြည်သူမှ ပြည်သူဆီသို့ ကူညီစောင့်ရှောက်ခြင်းကို အကောင်အထည် ဖော်ဆောင်ရွက်မည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဝန်ကြီးချုပ်၊ ဝန်ကြီးတို့၏ ဇနီးများက ထောက်ပံ့ဆောင်ရွက်ရမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့ ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ တက်ရောက်

**ပွင့်ဖြူ ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ်ကျေးရွာအုပ်စု ရွှေဘိုရွာမကျေးရွာနှင့် ရွှေဘိုရွာသစ်ကျေးရွာတို့ရှိ ဆောင်ရွက်ပြီးစီးသည့် ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါကျေးရွာများရှိ ထရန်စဖော်မာများအနီး ယာယီမဏ္ဍပ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းက ကျေးလက်နေပြည်သူများ ၂၄ နာရီ လျှပ်စစ်မီး အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပေးမှု အခြေအနေများနှင့် လျှပ်စစ်မီး သုံးစွဲရာတွင် လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေး သတိပြုလိုက်နာ ဆောင်ရွက်ရမည့် လျှပ်စစ်အန္တရာယ်နှင့် ပတ်သက်သည့် ဆောင်ရန် ရှောင်ရန် အချက်များကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းအတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ၁၁ ကေဗွီ လိုင်း ပေ ၁၄၀၀ နှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ အလားတူ ရွှေဘိုရွာသစ်ကျေးရွာတွင်လည်း ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ၁၁ ကေဗွီ လိုင်း ပေ ၂၁၆၀ နှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး ထောက်ပံ့ပေးမှုတို့ဖြင့် ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သဖြင့် ပွင့်ဖြူမြို့နယ် ရွှေဘိုရွာမကျေးရွာနှင့် ပွင့်ဖြူမြို့နယ် ရွှေဘိုရွာသစ်ကျေးရွာရှိ ပြည်သူများအား ၂၄ နာရီ လျှပ်စစ်မီးအသုံးပြုခွင့် ရရှိနေပြီဖြစ် ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်း ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**ဘားအံ ဩဂုတ် ၂၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေခဲ့သည်မှာ တစ်လကျော်ကြာမြင့်လာခဲ့ပြီး ဘားအံမြို့နှင့် မြစ်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာအုပ်စု ၂၂ အုပ်စုအပြင် အတွင်းပိုင်းကျေးရွာအုပ်စုအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခံစားနေကြ၍ ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များ၊ လူမှုရေးပရဟိတအဖွဲ့များမှ ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ရုံးခန်း၌ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါရေဘေးသင့်ပြည်သူများအတွက် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ Local Resource Centre မှ Executive Director ဒေါ်တိုးတိုးရီနှင့်အဖွဲ့က ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ Gender Equality Network Director ဒေါ်မေစပယ်ဖြူနှင့်အဖွဲ့က ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ချမ်းမြေ့ရိပ်သာကျောင်း ဆရာတော် ဦးရေဝတက ငွေကျပ် ၃၆ သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဦးသန်းနိုင်နှင့် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဦးမင်းတင်ဝင်းတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ရေကြီးရေလျှံမှုများကြောင့် တာဝန်ရှိသူများသည် လူနှင့် တိရစ္ဆာန်များအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရပြီး တိရစ္ဆာန်အစားအစာရှားပါးသည့် အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြောင်း၊ ဘားအံမြို့တွင် ဩဂုတ် ၁၉ ရက် ညနေ ၆ နာရီထိ ရေဘေးရှောင်စခန်း ၁၁ ခု၊ အိမ်ထောင်စု ၁၆၁၄ စု၊ လူဦးရေ ၈၂၁၄ ဦး ပြောင်းရွှေ့နေထိုင်လျက်ရှိခဲ့ရာမှ သံလွင်မြစ်ရေတိုးသည့်အတွက် ရေဘေးရှောင်စခန်း ထပ်မံဖွင့်လှစ်ပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်

**ရှောင် ဩဂုတ် ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှောင်မြို့နယ် သိမ်ကုန်းကျေးရွာအုပ်စု အင်းကြီး (မ)ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် ဩဂုတ် ၂၀ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတိုးဝင်းတို့က အခြေခံပညာ အထက်တန်းကျောင်းအဆင့် ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားကာ စာအုပ် ဒါဇင် ၁၀၀ နှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အလှူငွေကျပ် တစ်သိန်းနှင့် ထက်/လယ်/မူအဆင့် အသုံးပြုရန် ရှေးဦးသူနာပြုဆေးပုံးသုံးပုံး လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူ့နီတိပြိုင်ပွဲ အထောက်အကူပြုစာအုပ် ကျောင်းများဖြန့်ဝေ

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ်မြောက် မြို့တော်ဝန်ဆု ပြည်သူ့နီတိ အသိပညာပေးပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအား အထောက်အကူအဖြစ် မှတ်ရန် ကဗျာပုံပြင်နှင့်ဝတ္ထုစာအုပ်များပါသည့် စာအုပ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း(ကိုကိုးကျွန်းမြို့နယ်မှအပ)မြို့နယ်ပေါင်း ၄၃ မြို့နယ်ရှိ ကျောင်းပေါင်း ၃၈၁၆ ကျောင်းကို ဖြန့်ဝေထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ကျောင်းအဆင့်ပြိုင်ပွဲ၊ မြို့နယ်အဆင့်ပြိုင်ပွဲနှင့် ဗဟိုအဆင့်ပြိုင်ပွဲဟူ၍ အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောင်းအဆင့်ပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်တွင် လည်းကောင်း၊ မြို့နယ်အဆင့်ပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်တွင် လည်းကောင်း၊ ဗဟိုအဆင့်ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းအဆင့်ပြိုင်ပွဲကို မိမိတက်ရောက်နေသောကျောင်းတွင် ဖြေဆိုရမည်ဖြစ်ကာ ပထမ၊ ဒုတိယ၊ တတိယရရှိသူများမှာ မြို့နယ်အဆင့် တက်လှမ်းကာ မြို့နယ်ပညာရေးမှူးရုံးမှသတ်မှတ်ပေးသည့် ကျောင်းများတွင် မြို့နယ်အဆင့်ဖြေရမည်ဖြစ်ပြီး ယင်းမြို့နယ်အဆင့်မှ ပထမ၊ ဒုတိယ၊ တတိယရရှိသူများသာ ဗဟိုအဆင့်ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဗဟိုအဆင့်ရေးဖြေပြိုင်ပွဲများကို အထက(၂) လသာကျောင်း၌ ကျင်းပကာ လူတွေ့စစ်ဆေးခြင်း (နှုတ်ဖြေ)ပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဗဟိုအဆင့်ပြိုင်ပွဲသို့ တက်ရောက်အောင်မြင်လာကြသည့် ကျောင်းသားကျောင်းသူ အမည်စာရင်းများကို အောက်တိုဘာ ၂၉ ရက်မတိုင်မီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အာဟာရဖွံ့ဖြိုးရေး ဝိုင်းဝန်းလုပ်ဆောင်ပေး

## တင်မောင်ဦး (အလုံ)

သတ္တဝါမှန်သမျှသည် အာဟာရပေါ်တွင် တည်မှီသည်။ အာဟာရရှိမှသာ အသက်ရှင်နေနိုင်မည်ဖြစ်သည်။ အာဟာရကင်း၍ ရှင်သန်နိုင်ခြင်းမရှိပေ။ ထိုကဲ့သို့ လူအသက်ရှင်နိုင်ရေးအတွက်၊ အလွန်ပင်အရေးပါလှသော အာဟာရအတွက် မြန်မာနိုင်ငံတွင် နိုင်ငံနှင့်တစ်ဝန်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် နှစ်စဉ်ဩဂုတ်လရောက်တိုင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဩဂုတ်လပထမပတ်တွင် မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်၊ ဒုတိယအပတ်တွင် ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယအပတ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်နှင့် ဩဂုတ်လ၏ နောက်ဆုံးအပတ်ဖြစ်သော စတုတ္ထပတ်တွင် အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး ရက်သတ္တပတ်ဟူ၍ သတ်မှတ်ထားပြီး တစ်နိုင်ငံလုံးရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီးများ၊ သူနာပြု/သားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် NGO အဖွဲ့အစည်းအသီးသီးတို့မှ ပုဂ္ဂိုလ်များသည် အာဟာရဖွံ့ဖြိုးရေးအတွက် အားကြိုးမာန်တက်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရပေမည်။

### အာဟာရမျှတစွာစားသုံးသင့်

ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူသည့် သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ သတ္တဝါမှန်သမျှသည် အာဟာရရှိမှသာ ရပ်တည် ရှင်သန်နိုင်ပေသည်ဟု ဟောကြားခဲ့ပေသည်။ အာဟာရဟူ၍ ဆိုရာတွင် သန့်ရှင်းလတ်ဆတ်ပြီး ကောင်းမွန်သော အာဟာရများဖြစ်ရန် လိုပေသည်။ သန့်ရှင်းလတ်ဆတ်ပါမှ ကျန်းမာဝဖြိုးအလှတိုးနိုင်ပေမည်။ အာဟာရကို အင်္ဂလိပ်အခေါ် ဗီတာမင်ခေါ် သက်စောင့်ဓာတ်များဟူ၍ ခေါ်ဝေါ်ကြပေသည်။ ဗီတာမင် အေ၊ ဘီ၊ စီ၊ ဒီ၊ အီး စသည်ဖြင့် သတ်မှတ်ထားသလို မြန်မာတို့အနေဖြင့် အပူဓာတ်၊ အအေးဓာတ်၊ ရေဓာတ်၊ မြေဓာတ် စသည်တို့သတ်မှတ်ပြီး ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ပူ စသော အရသာခြောက်ပါးဖြင့် သတ်မှတ်ထားကြသည်။

> “ခန္ဓာသန့်စွမ်း စိတ်ရွှင်လန်းစေဖို့ ပြည့်စုံကြွယ်ဝသော အာဟာရများကို မှီဝဲပြီး အစာအုပ်စုကြီးသုံးခုဖြစ်သည့် ခန္ဓာကိုယ်ကြီးထွားစေသော အုပ်စု၊ အားအင်ဖြစ်ထွန်းစေသောအုပ်စု၊ ရောဂါကာကွယ်သော အုပ်စု သုံးမျိုးစလုံးကို ပြည့်စုံစွာစားသုံးသင့်။ ထိုအစာအုပ်စုသုံးစုကို နေ့စဉ် ပြည့်စုံစွာစားသုံးပါမှ ကျန်းမာသန့်စွမ်းသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်နိုင်ပြီး စိတ်ရွှင်လန်းစေကာ ကိုယ်ရောစိတ်ပါ ကျန်းမာနိုင်ပေမည်”

အရိုး၊ အသွေး၊ အသား၊ နှလုံး၊ ဦးနှောက် စသည်အားဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးသို့ သက်ဆိုင်ရာ အာဟာရဓာတ်များရရှိရန် နေ့စဉ်လိုလို စားသုံးသော အစားအစာများတွင် ဗီတာမင်ဓာတ်များပါဝင်ရန် လိုအပ်ပေသည်။ သံဓာတ် အာဟာရချို့တဲ့ပါက သွေးအားနည်းပြီး မောပန်းခြင်း၊ အားအင်ကုန်ခန်းချည့်နဲ့ပြီး အလုပ်ကောင်းစွာ မလုပ်နိုင်ဘဲ နှုတ်ခမ်း၊ လျှာ၊ မျက်ခွံနှင့် အသားအရေများ ဖြူဖပ်ဖြူရော်ဖြစ်လာပြီး သေချာစွာ ဆေးမကုသပါက အသက်ပင်ဆုံးရှုံးနိုင်သည်။ ကိုယ်ဝန်ဆောင် မိခင်များအနေဖြင့်လည်း သွေးအားနည်းလျှင် ပေါင်မပြည့်သောကလေးများ မွေးနိုင်ပြီး၊ မိခင်မှာ မွေးဖွားပြီး သွေးထွက်လွန်ကာ အသက်ဆုံးရှုံးနိုင်သောကြောင့် သံဓာတ်အာဟာရ ကြွယ်ဝသော အစားအစာများဖြစ်သည့် အသား၊ အသည်း၊ သွေးခဲနှင့် ပဲအမျိုးမျိုး၊ ကန်စွန်းရွက်၊ ကင်းပုံရွက် အစရှိသည့် အစိမ်းရောင်ရှိသော အရွက်၊ ဟင်းရွက်စုံတို့ကို စားသုံးသင့်ပေသည်။

ဗီတာမင်အေဓာတ်ချို့တဲ့နေလျှင် ကြက်မျက်သင့်ခြင်း၊ မျက်ဖြူသားနှင့် မျက်ကြည်လွှာ ခြောက်သွေ့အနာဖြစ်ခြင်းတို့အပြင် မျက်စိတိမ်စွဲပြီး မျက်စိကွယ်သွားနိုင်သဖြင့် ဗီတာမင်အေဓာတ်ပြည့်ဝစွာရရှိသော ကန်စွန်းရွက်၊ ဟင်းနုနွယ်ရွက်အစရှိသော အစိမ်းရင့်ရောင်ဟင်းရွက်များ၊ အသည်း၊ ဥအမျိုးမျိုး၊ နို့မျိုးစုံနှင့် အဝါရောင်ရှိသော သစ်သီးများ၊ သရက်သီးမှည့်၊ သင်္ဘောသီးမှည့်၊ ရွှေဖရုံသီး၊ ကန်စွန်းဥ၊ မုန်လာဥနီ စသည်တို့ကို စားသုံးပြီး အသက်ခြောက်လမှ တစ်နှစ်အောက်ကလေးတိုင်းအား ဗီတာမင်အေ ယူနစ်တစ်သိန်းဆေးလုံးတစ်ကြိမ်တိုက်ကျွေးပြီး ကလေးအသက်တစ်နှစ်မှ ငါးနှစ်ရောက်ရှိလျှင် ယူနစ်နှစ်သိန်းအား ဗီတာမင်အေဆေးလုံး ခြောက်လလျှင်တစ်ကြိမ် တိုက်ကျွေးရပါမည်။ ဗီတာမင်အေပြည့်ဝပါက ပုံမှန်ဖွံ့ဖြိုးကြီးထွားပြီး အမြင်အာရုံကြည်လင်ကာ ပြင်းထန်စွာ ဖျားနာမှုမှ ကင်းဝေးနိုင်ပေမည်။

### ရောဂါကာကွယ်သော အုပ်စုသုံးမျိုး

အသားဓာတ် ပရိုတိန်းကို ရရှိရန် ကြက်ဥ၊ အသားငါးမျိုးစုံကို မှီဝဲသင့်ပေသည်။ ကြက်သား၊ ဝက်သား၊ ဆိတ်သား စသည်အားဖြင့် အသားများကို မှီဝဲပါက ခန္ဓာကိုယ်ကြီးထွားရေးအတွက် လိုအပ်သော ပရိုတိန်းဓာတ်များကို ရရှိနိုင်သလို ပဲအမျိုးမျိုးကို စားသုံးပါကလည်း အသားဓာတ်ရရှိနိုင်ပေသည်။ အစာချေဖျက်ရာတွင် အရေးပါသော အချိုဓာတ်ကိုလည်း သင့်တင့်စွာ မှီဝဲထိုက်ပေသည်။ အချိုဓာတ်လွန်ကဲပါကလည်း ဆီးချို သွေးချို စသော အသက်အန္တရာယ်ကိုပေးနိုင်သည့် ရောဂါဆိုးများကို ခံစားရပေမည်။

ခန္ဓာသန့်စွမ်း စိတ်ရွှင်လန်းစေဖို့ ပြည့်စုံကြွယ်ဝသော အာဟာရများကို မှီဝဲပြီး အစာအုပ်စုကြီး သုံးခုဖြစ်သည့် ခန္ဓာကိုယ်ကြီးထွားစေသော အုပ်စု၊ အားအင်ဖြစ်ထွန်းစေသောအုပ်စု၊ ရောဂါကာကွယ်သော အုပ်စုသုံးမျိုးစလုံးကို ပြည့်စုံစွာစားသုံးသင့်ပေသည်။ ထိုအစာအုပ်စုသုံးစုကို နေ့စဉ်ပြည့်စုံစွာ စားသုံးပါမှ ကျန်းမာသန့်စွမ်းသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်နိုင်ပြီး စိတ်ရွှင်လန်းစေကာ ကိုယ်ရောစိတ်ပါ ကျန်းမာနိုင်ပေမည်။

လူတစ်ဦးတစ်ယောက်သည် ငယ်ရွယ်စဉ်မွေးဖွားပြီးချိန်မှစတင်၍ မိခင်နို့အား ခြောက်လတိုင်တိုင် သောက်သုံးပြီး ကြွယ်ဝသော အာဟာရကို မှီဝဲလာခဲ့ကြသည်။ မျိုးစုံသော အသားဓာတ်၊ ငါးဓာတ်များကို စားသုံးနိုင်စေရန် မိခင်တို့မှ တစ်ဆင့် ရရှိခဲ့ကြပေသည်။ သီးနှံ သားငါးစုံလင်စွာ ကျွေးမွေးရန် ဆရာဝန်များက ညွှန်ကြားသည့်အတိုင်း ကျောင်းများတွင်လည်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ သတ်မှတ်ကာ ကလေးငယ်တို့၏ ကျန်းမာရေးကို စောင့်ရှောက်ကြပေသည်။ ကလေးငယ်များ ခန္ဓာကိုယ်ကြီးထွားပြီး ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှုရှိရန်အတွက်လည်း အိုင်အိုဒင်းဆားကို စားသုံးရန် ကလေးမိခင်များနှင့် ကျောင်းသား ကျောင်းသူများကို ဆရာ ဆရာမများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းပြီး အခြေခံပညာကျောင်းများတွင် အိုင်အိုဒင်းဆားသုံးစွဲမှုကို အသိပညာပေးဟောပြောပွဲများ ပြုလုပ်ကြသည်။

အချုပ်အားဖြင့်ဆိုရသော် ကျန်းမာသန့်စွမ်းသော ကလေးငယ်များမှတစ်ဆင့် နိုင်ငံအကျိုးပြုသော သားကောင်းရတနာများ ဖြစ်ပေါ်လာစေရေးအတွက် အာဟာရသည် အလွန်ပင်အရေးကြီးလှပေသည်။ အာဟာရနှင့် ပြည့်စုံပါမှ ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးပြီး တိုင်းပြည်အတွက် အားထားရမည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာပြီး တိုင်းပြည်ကိုအကျိုးပြုသော အသိပညာရှင်၊ အတတ်ပညာရှင်များ အင်အားအဖြစ် ကျန်းမာသော လူ့အဖွဲ့အစည်းမှတစ်ဆင့် ကျန်းမာသက်ရှည်သော နိုင်ငံတော်အဖြစ်သို့ရောက်ရှိပြီး ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်ရေးအတွက် နိုင်ငံသားတိုင်း အာဟာရဖွံ့ဖြိုးရေးကို ဝိုင်းဝန်း လုပ်ဆောင်သင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

---

# မွန်ပြည်နယ်၌ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာပွဲအတွက် ပြည်နယ်အစိုးရက ကျပ်သိန်း ၅၅၀ ထောက်ပံ့

**မော်လမြိုင် ဩဂုတ် ၂၁**

၁၃၈၀ ပြည့် ဝါခေါင်လတွင် ကရင်တိုင်းရင်းသားလူမျိုးများ၏ ချည်ဖြူဖွဲ့မင်္ဂလာ (ကရင်ရိုးရာလက်ချည်ပွဲ)ကို မွန်ပြည်နယ်ရှိ နေရာအနှံ့အပြားတွင် ဆင်ယင်ကျင်းပလျက်ရှိရာ ယင်းအတွက် ပြည်နယ်အစိုးရအဖွဲ့က ကျပ်သိန်း ၅၅၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အဆင့် ကျင်းပခြင်းအတွက် ကျပ် ၁၅ သိန်း၊ ကျေးရွာအုပ်စုအဆင့် ကျင်းပခြင်းအတွက် ငွေကျပ်သုံးသိန်းခွဲနှုန်းဖြင့် ကျပ်သိန်း ၅၅၀ ထောက်ပံ့ပေးထားပြီး ယခုနှစ်အတွက် အဆိုပါထောက်ပံ့ခြင်းသည် ကရင်တိုင်းရင်းသားတို့ အထွတ်အမြတ်အထားဆုံး ဓလေ့ထုံးတမ်းအစဉ်အလာ ပွဲတော်တစ်ခုအတွက် ပြည်နယ်အစိုးရက ဒုတိယအကြိမ် ထောက်ပံ့ပေးခြင်း ဖြစ်ကြောင်း သိရသည်။

“ပြီးခဲ့တဲ့နှစ်ကလည်း ပြည်နယ်အစိုးရက ငွေကျပ်သိန်း ၁၅၀ ခန့် ထောက်ပံ့ပေးပါတယ်။ ဒီနှစ်က ထောက်ပံ့ငွေပိုများလာတယ်။ ဒါပေမယ့် ခုက ကျေးရွာအုပ်စု တွေ တော်တော်များများကလည်း ကျင်းပလာကြတာဖြစ်တဲ့အတွက် ပြည်နယ်အစိုးရ ထောက်ပံ့ငွေထက်တော့ ပိုကုန်ကျမှုတွေ ရှိပါတယ်” ဟု ပြည်နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ပြည်နယ်အတွင်းရေးမှူး ဦးစောဆန်းဝင်းက ပြောသည်။

ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာသည် ကရင်တိုင်းရင်းသားများက ရောဂါဘယကင်းရှင်းစေရန် အယူအဆဖြင့် ကျင်းပကြပြီး လူကြီးများက လူငယ်များကို ဆုံးမစကားများ ပြောကြားကာ ချည်ဖြူဖွဲ့ချည်ပေးရင်းဖြင့် ဆုမွန်ကောင်းများ တောင်းပေးသော အဆိုပါပွဲမှာ ဝါခေါင်လတစ်လတွင်သာ ကျင်းပလေ့ရှိသည့် ရိုးရာပွဲဖြစ်သည်။

“တိုင်းရင်းသားဓလေ့ထုံးတမ်းတွေကို ဖော်ထုတ်မြှင့်တင်တဲ့နေရာတွေမှာ အစိုးရက ပံ့ပိုးကူညီပေးတယ်။ တိုင်းရင်းသားအခွင့်အရေးတွေ ပိုရလာတဲ့အတွက် ဝမ်းသာစရာပါ။ ပြည်နယ်အစိုးရက ထောက်ပံ့ပေးတယ်ဆိုတော့ ဒီပွဲတွေက ပိုပြီးပေါ်လွင်လာတယ်။ ပိုပြီးတွင်ကျယ်လာတယ်။

“တိုင်းရင်းသားအချင်းချင်း ရင်းနှီးမှု၊ အပြန်အလှန်လေးစား ယုံကြည်မှုကို တိုးလာစေတဲ့ ပွဲဖြစ်လို့ ထောက်ပံ့ပေးမှုအပေါ် တိုင်းရင်းသားတစ်ယောက်အနေနဲ့ ဝမ်းသာရပါတယ်” ဟု မော်လမြိုင်တွင် နေထိုင်သော ကရင်တိုင်းရင်းသား ကိုစောချစ်သန်းက ပြောသည်။

မွန်ပြည်နယ်တွင် ကရင်ကျေးရွာအုပ်စုပေါင်း ၂၇၂ အုပ်စုထိရှိပြီး ကရင်တိုင်းရင်းသားသုံးသိန်းကျော် နေထိုင်ကြသည်ဟု သိရသည်။

**မြတ်မွန်ထွေး**



---

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၁-၈-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၃၅/၉၇၀ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၄၅/၉၈၀ ကျပ် | ၉၉၀/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၀၀/၉၄၀ ကျပ် | ၉၇၅/၉၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၅/၉၈၀ ကျပ် | ၁၀၂၅/၁၀၄၀ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၉၅ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၈ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၃ · ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၁၇ · ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၀ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၈ · ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၈ · ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၄၁၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ · ၇၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၄ · ၅၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၅ · ၄၈၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

---

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

---


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# အရုပ်ကျရာ ဆေးစက်ထင် ရုပ်ရှင်ဇာတ်ကားကြီး ယခုလ ၂၀ ရက်တွင် စတင်ရိုက်ကူး

Imagine Nation Production မှ ကိုမင်းမင်း စီစဉ်ပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ အဝေး ရိုက်ကူးမည့် "အရုပ်ကျရာ ဆေးစက်ထင်" ရုပ်ရှင်ဇာတ်ကားကြီးကို ယခုလ ၂၀ ရက်မှ စတင်ရိုက်ကူးကြောင်း သိရသည်။



**ဒါရိုက်တာအဝေး**

"ကျွန်တော်တို့ အမေရိကားမှာ အနေကြာပေမယ့် မြန်မာပြည်က ၁၀ တန်းအောင်ပြီးမှ သွားခဲ့တာပါ။ ဟိုမှာ ရောက်နေပေမယ့် ကျွန်တော်တို့က မြန်မာတစ်ယောက်လို့ပဲ ခံယူထားတယ်။ အခု ဒီကိုရောက်လာတဲ့အချိန်မှာ အသစ်တစ်ယောက်အနေနဲ့ ဂရုတစိုက်ကြိုးစားထားတယ်။ ပရိသတ်ကြိုက်မယ့် ဇာတ်ကားဆိုတာထက် မြန်မာ့ရုပ်ရှင်ချစ်ပရိသတ် ဂုဏ်ယူစရာကောင်းမယ့် ဇာတ်ကားဖြစ်မှာပါ။ ဇာတ်လမ်းက ဂီတနဲ့ ဇာတ်အိမ်ဖွဲ့ထားတယ်။ ဒိုးလုံးတို့ သီဆိုခဲ့တဲ့ သီချင်းလိုမျိုး ပါဝင်မှာဖြစ်သလို နာမည်ကြီးသီချင်းတွေနဲ့ ကျွန်တော်ကိုယ်တိုင်ရေးစပ်ထားတဲ့ သီချင်းစုစုပေါင်း ၁၅ ပုဒ်ပါမယ်။ သရုပ်ဆောင် စုစုပေါင်း ၆၃ ယောက်ပါဝင်မှာပါ။ နှစ်နာရီစာ ဇာတ်လမ်းကို ကြည့်ရှုကြမယ့် ပရိသတ် မအိုင်သွားအောင် ဇာတ်လမ်းဇာတ်အိမ် ခိုင်ခိုင်မာမာ တည်ဆောက်ထားပါတယ်။"

**ဒေါင်း**

ဒါရိုက်တာအဝေးက သူ့ရဲ့ဇာတ်လမ်းလေးကို ပြောပြတယ်။ ဇာတ်လမ်းကြီး ဖြစ်လာတဲ့ချိန် မှာ ကျွန်တော်သဘောကျတာက ဂီတနဲ့ပတ်သတ်တဲ့ ဇာတ်လမ်းကြီးဖြစ်နေတော့ လက်ခံဖြစ်သွားတာ။ ဒီကားထဲမှာ လူငယ်တစ်ယောက်ပေါ့။ ကျွန်တော်တို့တွေ မြင်လေ့မြင်ထရှိတဲ့ လူငယ်တစ်ယောက်ပေါ့။ ကိုယ်လုပ်ချင်တဲ့အရာတွေ၊ ကိုယ်ဖြစ်ချင်တဲ့အရာတွေကို ကျွန်တော်တို့ အပါအဝင်ပေါ့။ အဲ့အရာတွေကို ဘယ်လိုခံယူချက်တွေနဲ့ ပတ်သက်ရမယ်ဆိုတာပါ။ ဒီဇာတ်လမ်းမှာ စုပေါင်းပြီးတော့ အားလုံးရဲ့ ကာရိုက်တာတွေ စုစည်းထားတဲ့ ဇာတ်လမ်းမျိုးပေါ့။ အဲ့ဒီလိုမျိုးကို ကျွန်တော်သဘောကျတယ်။ အဲ့ဒီလို ဇာတ်ကားမျိုး ပိုရွေးချယ်ဖြစ်တယ်။

**ပိုင်ဖြိုးသု**

လက်ခံဖြစ်တာကတော့ ကိုအဝေးရဲ့ကမ်းလှမ်းမှုကြောင့်ပါ။ ဒီဇာတ်လေးကို ဖတ်ကြည့်ချိန်မှာ ပုံမှန်မဟုတ်တဲ့ ကာရိုက်တာလေးဖြစ်လို့ စိတ်ဝင်စားတယ်။ ဒီဇာတ်ကားမှာ အင်စိုလွှင်ဆိုတဲ့ ကောင်မလေးပေါ့။ သူက အသက် ၁၃ နှစ်အရွယ်လောက်တုန်းက အမေဖြစ်သူ ဆုံးသွားတယ်။ စင်ကာပူမှာ ကျောင်းတက်ဖို့ လွှတ်လိုက်တယ်။ အဖေကလည်း သဘော်သားတစ်ယောက်ဆိုတော့ သူကလည်း သီချင်းတွေကိုပဲ အဖော်ပြုပြီး ကြီးလာတယ်။ သီချင်းနဲ့ ဂီတတွေကို အလွန်ချစ်တတ်တယ်။ ကျောင်းပြီးသွားချိန်မှာ ဂီတဂျာနယ်တစ်ခုမှာ သတင်းထောက်တစ်ယောက်အဖြစ် အလုပ်လုပ်တဲ့သူ နေရာကနေ သရုပ်ဆောင်ထားပါတယ်။ မြန်မာဇာတ်ကားတွေထဲမှာ ဂီတနဲ့ပတ်သက်တာ ခုနောက်ပိုင်း မရိုက်ဖြစ်တာကြာပြီ။ သီချင်းတွေလည်း တော်တော်များများ ကောင်းတာတွေနဲ့ ပြင်ဆင်ထားတယ်။ သီချင်းဟောင်းတွေထဲကပါသလို ဒီဇာတ်ကားအတွက် သီချင်းသီးသန့် စပ်ထားတာတွေ ရှိပါတယ်။ ရသအသစ်လေးတွေ ရမှာပါ။

အဆိုပါ ရုပ်ရှင်ကားကြီးတွင် မင်းမော်ကွန်း၊ ထွန်းထွန်း၊ ဒေါင်း၊မင်းဦး၊ နေအောင်၊ ဇင်ဝိုင်း၊ ပိုင်ဖြိုးသု၊ ထွန်းအိန္ဒြာဗိုလ်၊ ဖူးစုံ၊ အံ့မင်းညို၊ ထူးသာ၊ ဇော်ဝင်းနိုင် (မန်း)၊ ဟိန်းဇေနှင့် အနုပညာရှင်များစွာတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# စတုတ္ထမြောက်စီးရီးထဲမှာ လူကြီးလူကောင်းဆန်သည့် သီချင်းတွေသာ တွေ့ရမည်ဟုဆိုလာသူ အဆိုတော် ဖော်ကာ

**Wanted အဖွဲ့မှ တေးသံရှင် ဖော်ကာ၏ စတုတ္ထမြောက်စီးရီး "စိတ်နဲ့လူ" တေးအယ်လ်ဘမ်တွင် ကိုယ်ပိုင်သံစဉ်သစ်များ ပါဝင်ပြီး ဩဂုတ် ၁၈ ရက်တွင် The Sun Music Production မှ ဖြန့်ချိခဲ့သည်။ ဖော်ကာ၏ ပရိသတ်ရင်ကို ငြိစေခဲ့သော သီချင်းများက ငါ့ကြောင့်၊ နောက်ထပ်မညာပါနဲ့၊ လေးဖြူနှင့် သီဆိုထားသော ဝေးခဲ့ရင် စသည့်သီချင်းများ ဖြစ်သည်။**



"စိတ်နဲ့လူ" တွင် သီချင်း ၁၁ ပုဒ်ပါဝင်ပြီး တေးရေးဦးအရှည်ကြီး၊ ကိုဇေ (မန္တလေး)နှင့် ဖော်ကာ တို့က ရေးသားဖော်ကျူးထားကာ ရော့ခ်ဂီတ အမျိုးအစားများ ပါဝင်သည်။ ယင်းခွေကို ငါးနှစ်အချိန်ယူပြင်ဆင်ခဲ့ပြီး ဘဝအကြောင်း၊ အာဃာတအကြောင်းနှင့် အချစ်အကြောင်းများ ထည့်သွင်းထားကြောင်း သိရသည်။

မေး။ ။ စိတ်နဲ့လူ သီချင်းခွေအကြောင်း ပြောပါဦး။

ဖြေ။ ။ နှစ်ကာလနဲ့ဆိုရင်တော့ တတိယခွေ "တစ်ယောက်တစ်နေရာ" ထွက်ပြီးကတည်းက ငါးနှစ်ကြာကြိုတင် ပြင်ဆင်ခဲ့တယ်။ ကျွန်တော်တို့ ရက် ၃၀ ကျော်လောက် ဂစ်တာတီးပြီး ဖန်တီးမှုတွေ သေချာလုပ်ဖြစ်ပါတယ်။ မျိုးဇစ်ပုံစံတွေလည်း ဘယ်တော့မှ မပြောင်းပါဘူး။ ရော့ခ်ဂီတကို အခြေခံပြီးတော့ ခေတ်ကာလအရ၊ အသက်အရွယ်အရ ပြောင်းလဲလာတာလေးတွေ နည်းနည်းတော့ ရှိမှာပါ။

မေး။ ။ ရသပိုင်းတွေမှာရော ဘယ်လို အကြောင်းအရာတွေ ဖန်တီးဖြစ်လာလဲ။

ဖြေ။ ။ စာသားရသ ပိုင်းကတော့ တော်တော်လေး ပြောင်းသွားမယ်လို့ ထင်ပါတယ်။ ရှေ့ခွေမှာလည်း အချစ်သီချင်းတွေ ပိုများတယ်။ အခုကတော့ အချစ်သီချင်း သုံးပုဒ်လောက်ပဲ ပါတော့တယ်။ ကိုယ်က အသက်လည်း ကြီးပြီဆိုတော့ မိန်းမလည်းရ၊ ကလေးလည်းရတော့ နည်းနည်းလူကြီးဆန်သွားတယ်။ ကိုယ်က ခဏခဏ သီချင်းခွေထုတ်တဲ့ အထဲမှာလည်းမပါတော့ ထုတ်လည်း မထုတ်နိုင်ပါဘူး။ ကိုယ်သေချာ နားထောင်ပြီးလို့ ဒီသီချင်းက မရိုးဘူးဆိုမှပဲ ခွေထုတ်ဖြစ်တယ်။ ကိုယ်တိုင်လည်း ဒီအခွေကို ကျေနပ်အားရမှုရှိမှ ထုတ်ဖြစ်တာပါ။ ပြီးတော့ သီချင်းတွေ အားလုံးက အလွန်ကို တည်ငြိမ်သွားသူတစ်ယောက်ပုံ ဖြစ်သွားတယ်။ လူကြီးလူကောင်းဆန်တဲ့ သီချင်းတွေ ပါဝင်လာတယ်။

မေး။ ။ သီချင်းခွေရဲ့ ကာဗာပုံလေးကလည်း ဆန်းတယ်ဆိုတော့ ဘယ်လိုစိတ်ကူးရခဲ့လဲ။

ဖြေ။ ။ ကျွန်တော့်ရဲ့ ဒီအခွေမှာ ဓာတ်ပုံလုံးဝမပါပါဘူး။ ငယ်သူငယ်ချင်း ပန်းချီဆရာတစ်ယောက်က အခုနောက်ပိုင်း ပန်းချီတွေ တွင်တွင်ကျယ်ကျယ် ဆွဲနေပြီဆိုတော့ အနုပညာသမားအချင်းချင်း ခံစားလို့ရတာပေါ့။ ပန်းချီလေးတွေနဲ့ စာအုပ်လေးကိုလည်း ဖန်တီးထားတယ်။ ရည်ရွယ်တာကတော့ "စိတ်နဲ့လူ" ဆိုတဲ့အတိုင်း ဦးနှောက်အစား ဒီနှလုံးသားကိုပဲ ထားထားတယ်။ အလွန်ကြီး ဦးနှောက်ကို ဦးစား မပေးဘူးပေါ့။

**ကိုလင်း**



# တေးရေး တေးဆို မင်းကို၊ အလှမယ် ဟန်တီနှင့် အနုပညာရှင်များ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

အဆိုတော် တေးရေးမင်းကိုနှင့် အလှမယ်ဟန်တီ အပါအဝင် အနုပညာရှင်များမှာ ယခုလ ၁၇ ရက်မှ စတင်ပြီး လေးကြိမ်ဆက်တိုက် ကျောင်းပေါင်းစုံသို့ သွားရောက်၍ ကျောင်းသား လူငယ်များအား မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ ဆိုးကျိုးများအကြောင်းကို ပညာပေးအနေဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေး ဟောပြောမှုတွင် တေးသီချင်းများနှင့်လည်း အသိပညာပေးဖျော်ဖြေခဲ့ပြီး ထိုသို့ ပြုလုပ်မှုများကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ တာမွေ အထက (၁၀) တွင်လည်းကောင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ဒဂုံဆိပ်ကမ်းဥယျာဉ်ရှိ အထက (၂) တွင်လည်းကောင်း၊ မွန်ပြည်နယ် တောင်စွန်း သော်ကမြောင်တွင် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်း လူငယ်သင်တန်း ကျောင်းများ တွင်လည်းကောင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

လူငယ်တွေကို မူးယစ်အရက်သေစာတို့ရဲ့ ဆိုးကျိုးကို ပိုသိအောင်၊ ရှောင်ကြဉ်လာအောင် လှုံ့ဆော် စည်းရုံးပေးရပါမယ်။ အတင်းစည်းရုံးတာမျိုး မဖြစ်စေရဘူး။ သူတို့ကိုယ်တိုင် ပူးပေါင်းဆောင်ရွက်မှုရှိလာအောင် စီစဉ်ရပါမယ်။ သူတို့ဘာကြိုက်တတ်လဲဆိုတာ သိဖို့လိုပါတယ်။ သူတို့အစွမ်းအစလေးတွေကို ထုတ်ဖော်ပြသခွင့် ပေးရမယ်။ သွေးဆူလာအောင် ဟောပြောရမယ်။ မူးယစ်ဆေးအကြောင်းတွေ၊ ဥပဒေအကြောင်းတွေချည်းပဲ ရှင်းပြနေရင်တော့ ကလေးတွေ အိပ်ငိုက်လာပါလိမ့်မယ်။ မူးယစ်ဆေးရဲ့ဆိုးကျိုးတွေအကြောင်းကို ကွက်ကွက် ကွင်းကွင်းမြင်လာအောင် နေရာတိုင်းမှာ ဟောပြောလှုံ့ဆော်ပွဲလေးတွေ လုပ်ပေးကြတာ ဖြစ်ပါတယ်"ဟု တေးရေး မင်းကိုက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာမြို့နယ်နှင့် ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြောက်ပိုင်းတို့တွင်လည်း ယခုကဲ့သို့ မူးယစ်ဆေးဝါး အသိပညာပေးဟောပြောမှုများ၊ ဖျော်ဖြေမှု အစီအစဉ်များ ပြုလုပ်သွားမည်ဟု သိရသည်။

**ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

### ဟယ်ရီပေါ်တာဇာတ်ကားထဲမှ သရုပ်ဆောင်နှစ်ဦး ပြန်လည်တွေ့ဆုံ

ဟယ်ရီပေါ်တာဇာတ်ကားထဲက နယ်ဗလီလောင်းဘော့တွန်အဖြစ် သရုပ်ဆောင်တဲ့ မက်သရူးလူးဝစ်နဲ့ ဒရာကိုမယ်ဖွိုင်းအဖြစ် သရုပ်ဆောင်ခဲ့တဲ့ တွမ်ဖီတန်တို့ဟာ ပြီးခဲ့တဲ့သီတင်းပတ်ကပဲ ပြန်လည်တွေ့ဆုံဖြစ်ခဲ့တဲ့အတွက် ဟယ်ရီပေါ်တာဇာတ်ကား ပရိသတ်တွေလည်း ပျော်ရွှင်နေရတယ်လို့သိရပါတယ်။ သူတို့နှစ်ဦး အချင်းချင်း စနောက်နေကြတဲ့ပုံတွေကိုလည်း အင်စတာဂရမ်မှာ တင်ထားခဲ့ကြပါတယ်။ ဟယ်ရီပေါ်တာဇာတ်ကားထဲမှာ ဂရစ်ဖင်းဒေါအဆောင်နဲ့ ဆယ်လီသရင်းအဆောင်တို့ဟာ ရန်ဘက်အဆောင်တွေဖြစ်ကြပြီး မက်သရူးက ဂရစ်ဖင်းဒေါအဆောင်က နယ်ဗလီအဖြစ် သရုပ်ဆောင်ခဲ့ကာ တွမ်ဖီတန်ကတော့ ဆယ်လီသရင်းအဆောင်က ဒရာကိုမယ်ဖွိုင်းအဖြစ် သရုပ်ဆောင်ခဲ့ပါတယ်။ အခုလည်း မက်သရူးကို တွမ်ဖီတန်က ဆယ်လီသရင်းအဆောင်ပြောင်းခဲ့ဆိုပြီး စနောက်ထားပါတယ်။ လက်ရှိမှာတော့ မက်သရူးဟာ သူ့ရဲ့ဇနီးလောင်း အန်ဂျီလာဂျုံနဲ့ ၂၀၁၈ ခုနှစ်အတွင်းမှာပဲ လက်ထပ်ခဲ့ပါတယ်။ တွမ်ဖီတန်ကတော့ အင်္ဂလိပ်လူမျိုး သရုပ်ဆောင်တစ်ဦးဖြစ်တဲ့အပြင် ဂီတဘက်မှာလည်း အောင်မြင်တဲ့လူတစ်ယောက်ပါ။ သူဟာအသက် ရှစ်နှစ်ကစပြီး သူ့ရဲ့သရုပ်ဆောင် အလုပ်ကိုစတင်ခဲ့ပါတယ်။ စာရေးဆရာမ ဂျေကေရိုးလင်းရဲ့ ဟယ်ရီပေါ်တာဇာတ်လမ်းတွဲတွေနဲ့ သူ့ကိုလူသိများခဲ့ပါတယ်။

**ဟယ်လို**



### အက်ခ်ရှေးကူးမားဇ၏အင်စတာဂရမ်၌ ဖော်လိုဝါ သန်း ၂၀ ထိရှိလာ

အက်ခ်ရှေးကူးမားဟာ ဘောလိဝုဒ်စူပါစတားမင်းသားတစ်ယောက်ဖြစ်ပြီး ပရိသတ်တွေချစ်ခင်နှစ်သက်မှုကိုရရှိထားတဲ့ မင်းသားတစ်လက်လည်းဖြစ်တယ်။ အက်ခ်ရှေးကူးမားဟာ ဘောလိဝုဒ်အမျိုးသားသရုပ်ဆောင်တွေထဲမှာ ပထမဦးဆုံး အင်စတာဂရမ်မှာ ဖော်လိုဝါ သန်း ၂၀ ရသွားတဲ့ အနုပညာရှင်လည်းဖြစ်တယ်။ သူနဲ့ ခေတ်ပြိုင်သရုပ်ဆောင်တွေထဲမှာတော့ အင်စတာဂရမ်မှာ ပရိသတ်အများဆုံးဆိုတဲ့ ဂုဏ်ပုဒ်ရရှိသွားပါပြီ။ အဲဒီအတွက်လည်း အသက် ၅၀ ရှိပြီဖြစ်တဲ့ မင်းသားအက်ခ်ရှေးကူးမားဟာ သူ့ရဲ့ ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပါတယ်။ သူ့ရဲ့ပရိသတ်တွေကြောင့်သာ ဒီလိုအောင်မြင်မှုမျိုးကို ရရှိခဲ့တာပါလို့ ပြောခဲ့ပါတယ်။အက်ခ်ရှေးကူးမားဟာ သူ့ရဲ့အားကစားအခြေခံ ဒရာမာဇာတ်ကားဖြစ်တဲ့ Gold ဆိုတဲ့ဇာတ်ကားနဲ့ အောင်မြင်မှုရရှိနေတာဖြစ်ပြီး ပထမဦးဆုံးပြသတဲ့နေ့မှာပဲ ဝင်ငွေအမြောက်အမြား ရရှိခဲ့တယ်လို့ သိရပါတယ်။ အဲဒီဇာတ်ကားကို လွတ်လပ်ရေးနေ့မှာရုံတင်ခဲ့တာဖြစ်ပြီး ၁၉၄၈ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲမှာ အိန္ဒိယနိုင်ငံအနေနဲ့ ပထမဆုံးရွှေတံဆိပ်ရရှိခဲ့တာ နှစ် ၇၀ ပြည့် အထိမ်းအမှတ်လို့လည်း သိရပါတယ်။ အခုလည်း အင်စတာဂရမ်မှာ ပရိသတ်သန်း ၂၀ ကျော်သွားပြီဖြစ်တဲ့အတွက် ပရိသတ်တွေဟာသူ့အတွက် နောက်ထပ်ရွှေတစ်ခု ထပ်ပေးလိုက်တာပဲလို့ အက်ခ်ရှေးကူးမားက ပြောလိုက်ပါတယ်။

**အီးတိုင်းမ်**



ဗြူး

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၃၅)

# ရာဇသတ်ကျင့်ထုံးနှင့် မိတ်ဆက်



**ဦးဟန်ညွန့် (ဥပဒေ)**

**ရာဇဝတ်ကျင့်ထုံး**

ပြီးခဲ့သည့်အပတ်က ရာဇသတ်ကြီးနှင့် မိတ်ဆက်ပေးခဲ့ပြီးပါပြီ။ ယခုရာဇဝတ်ကျင့်ထုံးနှင့် မိတ်ဆက် ကြည့်ကြပါစို့။

**ငယ်ဘဝ**

ကျွန်တော်၏ငယ်ဘဝမှာ ဥပဒေကျောင်းသားအဖြစ်၊ ဥပဒေဝန်ထမ်းဘဝအစအဖြစ် စတင်ခဲ့ခြင်းဖြစ်ပါသည်။ ဥပဒေကို မတွေ့ တွေ့အောင် လိုက်ရှာခဲ့ခြင်းဖြစ်ပါသည်။ အလွန်ခမ်းနားသော၊ အလွန်ကြီးကျယ်သော၊ အလွန်ကြောက်ရသော ဥပဒေ၊ ဘာ့ကြောင့် ခမ်းနားပါလိမ့်၊ ဘာ့ကြောင့်ကြီးကျယ်ပါလိမ့်။ ဘာ့ကြောင့် အလွန်ကြောက် နေရတာပါလဲ။ ဤသို့သော ဥပဒေကြီးကိုမှ ကျွန်တော် စိတ်ဝင်စားမိသည်။ သိချင်မိသည်။ တတ်ချင်မိသည်။ ရှာဖွေချင်မိသည်။ လေ့လာချင်မိသည်။ ထို့ကြောင့် ဥပဒေရှိသည့်နေရာ၊ ဥပဒေအကြောင်း သင်ပြပေးသောနေရာ၊ ဥပဒေပညာဌာန ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်သို့ ရောက်ရှိခဲ့ရခြင်းဖြစ်ပေသည်။

**တက္ကသိုလ်နှင့် ဝန်ထမ်းဘဝ**

တက္ကသိုလ်က စာတွေ့၊ ဝန်ထမ်းဘဝက ကိုယ်တွေ့၊ စာတွေ့မှ လက်တွေ့ဘဝ။ စာတွေ့နှင့် လက်တွေ့မတူ။ အလွတ်ကျက်ခဲ့သည့်စာတွေ့ဘဝ။ အလွတ်ရပေမယ့် အဓိပ္ပာယ်မသိ။ မရှင်း။ လက်တွေ့ဘဝကျမှ သိခွင့်ရပြီ။ ဤအမှုက ဤသို့။ ဟိုအမှုက ဟိုလို၊ ဒီလို။ တစ်ဖက်ရှေ့နေနှင့် ငြင်းခုံရပြီ။ တရားသူကြီးက စီရင်ချက်ချပြီ။ သူမှန်၊ ကိုယ်မှန်။ ကိုယ်လေ့လာသမျှ ကိုယ်တင်ပြနိုင်သည်။ ဘာမှလေ့လာမှုမရှိလျှင် ဘာမှမပြောနိုင်။ မတင်ပြနိုင်။ ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်းမည်။ ဤသို့လူကြီးများက သင်ကြားပြီးဖြစ်သည်။

**ရာဇဝတ်ကျင့်ထုံး**

၁၉၉၈ ခုနှစ်က အိန္ဒိယအက်ဥပဒေအမှတ်(၅)ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း၊ မြန်မာနိုင်ငံသို့ အာဏာသက်ရောက်စေခဲ့ကြောင်း၊ The Code of Criminal Procedure 1898 ဖြစ်ကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေဟု ခေါ်ဝေါ်ခဲ့ကြောင်း၊ တော်လှန်ရေးကောင်စီလက်ထက်၌ စနစ်သစ်အုပ်ချုပ်ရေးနှင့် စနစ်သစ်တရားစီရင်ရေး ပေါ်ပေါက်ခဲ့ကြောင်း၊ ၁၉၇၃ ခုနှစ်မှစ၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေဟု ပြောင်းလဲခေါ်ဝေါ်လာခဲ့ကြောင်း၊ ဒီမိုကရေစီခေတ်တွင် ပြည်ထောင်စုလွှတ်တော်က ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းခဲ့ကြောင်း၊ ၂၀၁၆ ဇန်နဝါရီလ ၂၀ ရက်နေ့ နေ့စွဲဖြစ်ပါကြောင်း၊ ဥပဒေအမှတ် ၁၆/၂၀၁၆ ဖြစ်ပြီး မူလအခေါ်အဝေါ်ဖြစ်သော ရာဇဝတ်ကျင့်ထုံး ဥပဒေဆိုသော မူလအသုံးအနှုန်းကို ပြန်လည်သုံးနှုန်းခဲ့ကြောင်း လေ့လာသိရှိ ရပါသည်။

**အိန္ဒိယကစသည်**

ရာဇဝတ်ကျင့်ထုံးဥပဒေကို အိန္ဒိယကစသည်ဟု ပြောနိုင်ပါသည်။ အိန္ဒိယ၏ ပြည်နယ်အဖြစ်မှ ခွဲထွက်ပြီး The Government of Burma Act, 1935 ပါ ဥပဒေပြုပိုင်ခွင့်အရ ပြုသည့် ပြင်ဆင်ချက်များ ပါရှိပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ယနေ့ချိန်ခါတွင် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (အမှတ် ၁၆/၂၀၁၆) အထိ ကျွန်တော်တို့ လေ့လာမှတ်သားရပါသည်။ ကျင့်ထုံးမလေ့လာ၊ မသိရှိလျှင် ဥပဒေလေ့လာဖို့ မပြည့်စုံနိုင်ပါ။

**ကျင့်ထုံးမှာ ဘာတွေပါ**

ဥပဒေလေ့လာသူတစ်ဦးအဖို့ ရာဇဝတ်ကျင့်ထုံးမှာ ဘာတွေပါသလဲ။ ပထမ သိဖို့ လိုမည်။ ဘာကြောင့် ကျင့်ထုံးလိုအပ်ပါသလဲ။ ဘာ့ကြောင့် မရှိမဖြစ်၊ မသိမဖြစ် ပြဋ္ဌာန်းခဲ့ရပါသလဲ။ ရာဇသတ်ကြီးနှင့် ရာဇဝတ်ကျင့်ထုံးမှာ မည်သို့ဆက်စပ် ပတ်သက်ပါသလဲ။ မှတ်စုစာအုပ်မှာ မှတ်သားလေ့လာရသည်။အချို့ကို ကောက်နုတ်တင်ပြပါရစေ။

**အပိုင်း(၁) အခန်း(၁)**

အာဏာသက်ရောက်ရာ နယ်မြေအကြောင်း နိဒါန်းစတင်ဖွင့်ပါသည်။ ဤဥပဒေသည် မြန်မာနိုင်ငံတော်တစ်ဝန်းလုံးနှင့် သက်ဆိုင်စေရမည်။ ဤဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ တည်ဆဲအထူးဥပဒေ သို့မဟုတ် ဒေသန္တရဥပဒေတစ်စုံတစ်ရာကိုဖြစ်စေ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်က အပ်နှင်းထားသည့် အထူးစီရင်ခွင့်အာဏာ သို့မဟုတ် အာဏာကိုဖြစ်စေ ယင်းဥပဒေက သတ်မှတ်ထားသည့် အထူးကျင့်ထုံးတစ်စုံတစ်ရာကိုဖြစ်စေ ထိခိုက်ခြင်းမရှိစေရကြောင်း ဖော်ပြပြဋ္ဌာန်းထားသည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

အဓိပ္ပာယ်ဖွင့်ဆိုချက်များအပိုင်းတွင် ပြုလုပ်မှုများနှင့် သက်ဆိုင်သည့် စကားလုံးများ၊ ရာဇသတ်ကြီးမှာကဲ့သို့ အဓိပ္ပာယ်ထွက်သော စကားလုံးများ၊ ရာဇသတ်ကြီးအရ ပြစ်မှုများကို စစ်ဆေးစီရင်ခြင်း၊ အခြားဥပဒေများကို ဆန့်ကျင်ကျူးလွန်သည့်ပြစ်မှုများကို စစ်ဆေးစီရင်ခြင်းအကြောင်း ဖော်ပြပြဋ္ဌာန်းထားသည်။

**တရားရုံးများ၏ အာဏာ**

ရှေ့နေတစ်ယောက်အဖို့၊ ဥပဒေပညာရှင်တစ်ဦးအဖို့ တရားရုံးများအကြောင်းသိထားဖို့ အထူးလိုအပ်လှပေသည်။ ထိုအခါ တရားရုံးများအကြောင်း သိမှဖြစ်မည်။ တရားရုံးအမျိုးအစားများကို ဘယ်လိုသတ်မှတ်ထားသလဲ။

မည်သို့သော စီရင်ခွင့်အာဏာ အပ်နှင်းထားပါသလဲ။ နယ်မြေကို ဘယ်လိုပိုင်းခြားပါသလဲ။ ထဲထဲဝင်ဝင် သိသင့်သည် မဟုတ်ပါလား။ စက်ရှင်ရုံး၊ တိုင်းအဆင့်၊ ခရိုင်အဆင့် မည်သို့ခွဲခြား ပါမည်လဲ။ ပြောင်းလဲပြင်ဆင်မှု ရှိပါသလား။ လက်အောက်ခံ တရားသူကြီးများကိုရော မည်သည့်တရားစီရင်ရေးအာဏာ ခွဲဝေပေးအပ်ပါသလဲ။

**ချမှတ်နိုင်သော ပြစ်ဒဏ်များ**

တရားရုံးအဆင့်ဆင့်က ချမှတ်နိုင်သည့် ပြစ်ဒဏ်များအကြောင်း၊ သာမန်အာဏာများနှင့် ထပ်ဆင့်ရရှိသည့် အာဏာများအကြောင်းပါ လေ့လာဖတ်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဖမ်းဆီးမှုအကြောင်းမှာလည်း မသိမဖြစ် သိရှိနားလည်ဖို့ လိုအပ်ပြန်ပါသည်။ ဖမ်းဆီးခြင်းအတွက် ကူညီခြင်းနှင့် သတင်းပေးခြင်းတို့ပါ ကျင့်ထုံးနှင့်အညီ လိုက်နာရပေသေးသည်။

**ဖမ်းဆီးခြင်း**

လူတစ်ယောက်ကို ဖမ်းဆီးသည်ဆိုရာဝယ် ကြက်ကလေး ငှက်ကလေးပမာ လွယ်လွယ်ကူကူ မဖြစ်သင့်ပါ။ ငယ်စဉ်က ကျွန်တော်တို့ရွာမှာ သူကြီးက လူတစ်ယောက်ကို ခေါ်သည်ဟုကြားလျှင်ပင် ရင်ခုန်ခဲ့မိသည်။ ဖမ်းဆီးခြင်း မဟုတ်သေး။ ဟိုမေးဒီမေး မေးသည့်အဆင့်ပါ။ ပြီးလျှင် ရဲစခန်းကတာဝန်ရှိသူက လာဖမ်းပြီ ဆိုကြပါစို့။ ဘယ်လိုလုပ်ရပ့်။ ဘာမှုလဲ၊ ဘာဖြစ်တာလဲ၊ အာမခံရပ့်မလား၊ ဖမ်းဆီးခြင်းအကြောင်း ကျင့်ထုံးက ဘယ်လိုပြဋ္ဌာန်းထားပါလိမ့်၊ ဥပဒေအသိ ဗဟုသုတ မရှိခဲ့သည့်အချိန်၊ တစ်နေ့နေ့မှာဖြင့် ဥပဒေတတ်ဖို့လိုပြီ၊ ဥပဒေပညာ သင်ချင်လိုက်တာဗျာ...။ သိချင်လိုက်တာဗျာ...။

**နိဒါန်းမျှသာ**

ဝရမ်းမပါဘဲ ဖမ်းခြင်း၊ လူဖမ်းဝရမ်းအကြောင်း၊ သမ္မန်စာ(ရုံးခေါ်စာ) အကြောင်း၊ ဝရမ်းကပ်ခြင်းအကြောင်း၊ ရှာဖွေဝရမ်းများအကြောင်း၊ မတရားချုပ်နှောင်ခြင်းမခံရအောင် နည်းလမ်းများ၊ ရှာဖွေဝရမ်း။ အို- သိစရာတွေကများလိုက်လေ၊ ဖတ်မှတ်စရာတွေက ပေါများလိုက်လေ။ ဒါက ရာဇဝတ်ကျင့်ထုံး(အစ)(ပဏာမ)(နိဒါန်း) မျှသာရှိသေး။

SCHEDULE II TABULAR STATEMENT of OFFENCES (ဇယား-၂) [ပြစ်မှုများကို စာရင်းဇယားဖြင့် ဖော်ပြချက်] အထိ၊ မရောက်သေး။ ကျင့်ထုံးဥပဒေခရီး အဝေးကြီးလိုသေးသည်။

> “ဥပဒေလေ့လာသူတစ်ဦးအဖို့ ရာဇဝတ်ကျင့်ထုံးမှာ ဘာတွေပါသလဲ။ ပထမ သိဖို့လိုမည်။ ဘာကြောင့် ကျင့်ထုံးလိုအပ်ပါသလဲ။ ဘာ့ကြောင့် မရှိမဖြစ်၊ မသိမဖြစ် ပြဋ္ဌာန်းခဲ့ရပါသလဲ။ ရာဇသတ်ကြီးနှင့် ရာဇဝတ်ကျင့်ထုံးမှာ မည်သို့ ဆက်စပ် ပတ်သက်ပါသလဲ။ မှတ်စုစာအုပ်မှာ မှတ်သားလေ့လာရ”

**စေတနာ**

ရာဇဝတ်ကျင့်ထုံးနှင့် မိတ်ဆက်ခြင်းပါ။ ဥပဒေလေ့လာမှုအကြောင်း ရောက်တတ်ရာရာ တွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။





## ကြို့ပင်ကောက်မြို့၌ စကောကရင်စာပေကို ကျောင်း ၁၁ကျောင်းတွင် သင်ကြားပေးလျက်ရှိ

**ကြို့ပင်ကောက် ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့တွင် စကောကရင်စာပေကို အခြေခံပညာကျောင်း ၁၁ ကျောင်းတွင် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကြို့ပင်ကောက်တစ်မြို့နယ်လုံးတွင် ကရင်ကျေးရွာ ၂၇ ရွာခန့်ရှိပြီး ကရင်လူမျိုးစုဦးရေ ငါးသောင်းခန့်ရှိကြောင်း၊ ကရင်ဘာသာကျွမ်းကျင်သည့်မြို့ခံများနှင့် အခြားမြို့နယ်များမှ ဆရာဆရာမများကိုခေါ်ယူပြီး အခြေခံပညာကျောင်း ၁၁ ကျောင်းတွင် စကောကရင်စာပေကို သင်ကြားပေးလျက်ရှိရာ အချို့ကို နိုင်ငံတော်အစိုးရက နေ့စားလစာပေးအနေဖြင့် လည်းကောင်း၊ အချို့ဆရာဆရာမများကို ချီးမြှင့်ငွေအနေဖြင့် ပံ့ပိုးပေးပြီး ကရင်စာပေ Grade(1)အဆင့်ကို သူငယ်တန်းနှင့် ပထမတန်း၊ ကရင်စာပေ Grade(2)အဆင့်ကို ဒုတိယတန်းနှင့် တတိယတန်း၊ ကရင်စာပေ Grade(3) အဆင့်ကို စတုတ္ထတန်းနှင့် အထက်ကျောင်းသားကျောင်းသူများအား ကျောင်းခေါ်ချိန် (စာသင်ချိန်)ပြင်ပတွင် သင်ကြားပို့ချပေးလျက်ရှိကြောင်း မြို့နယ်စကောကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ နာယက ဦးစောခလီပလာက ပြောသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# အဆောက်အအုံများပေါ်တွင်ပေါက်နေသော သစ်ပင် ညောင်ပင်များကိုသတ်ခြင်း




စာရေးသူသည် ပုဂံ ရှေးဟောင်းသုတေသနဌာနတွင် ၁၉၆၃ ခုနှစ်မှစ၍ ယနေ့တိုင် ပုဂံရှေးဟောင်းအဆောက်အအုံများဖြစ်သော ဘုရား၊ စေတီ၊ ဂူ၊ ကျောင်းများပေါ်တွင် ပေါက်ရောက်နေသော ညောင်ပင်၊ မဏိသံလျက်ပင်၊ နဘဲပင်၊ ရှားပင်၊ လှည်းစာဥပင် စသည်တို့ကို သတ်နည်း ၁၂ မျိုးဖြင့် သုတ်သင်ရှင်းလင်းခဲ့ဖူးရာ နည်းနှစ်မျိုးသာ အောင်မြင်စွာ သတ်နိုင်ခဲ့ပါသည်။

ဖော်ပြပါအပင်များမှာ အလွန် အသက်ပြင်းပါသည်။ နွား၊ တိရစ္ဆာန်များအား ထိုးနှံသည့်ဆေးထိုးအပ်ဖြင့် ဓာတုဗေဒဆေးများကို အပင်၏ ပင်စည်နှင့် အခေါက်ကြားတွင် ထိုးထည့်ပါသည်။ ထိုးသည့်အကိုင်းမှာ ခြောက်သွားသော်လည်း အမြစ်ရှိနေသဖြင့် အခြားတစ်နေရာမှ လှည့်ထွက်လာတတ်ပါသည်။

**ညောင်ပင်သတ်နည်း ၁၂ မျိုး**

ယခင်သတ်ခဲ့သည့် နည်း ၁၂ မျိုးမှာ အပင်ဖြတ်ပြီး ထိပ်တွင်ဆွ၍

၁။ Blow Lamp ဖြင့် ၁၂၀ ဒီဂရီ စင်တီဂရိတ်အထိအပူပေးခြင်း၊

၂။ နွားများကိုထိုးသည့်ဆေးထိုးအပ်ဖြင့် အပင်ထဲသို့ နိုက်ထရစ် ဆာလဖျူရစ်အက်စစ်ထိုးခြင်း၊

၃။ နွားများကိုထိုးသည့်ဆေးထိုးအပ်ဖြင့် အပင်ထဲသို့ နိုက်ထရစ်အက်စစ်ထိုးခြင်း၊

၄။ ပုလဲဓာတ်မြေသြဇာဖြင့် ပုံပေးခြင်း၊

၅။ ငှက်ပျောသီးနှင့်ဆားရော၍ အုံပေးခြင်း၊

၆။ ပင်စည်ကိုဖောက်၍ ငါးပိအနည်းငယ်သွင်းပြီး လေလုံအောင်ပိတ်ထားခြင်း၊

၇။ ဆွထားသောအပင်ထိပ်ပေါ်တွင် ဒီဇယ်ဆီလောင်းခြင်း၊

၈။ ဆွထားသော အပင်ထိပ်ပေါ်တွင် ရေနံဆီလောင်းခြင်း၊

၉။ ဆွထားသော အပင်ထိပ်တွင် အင်ဂျင်ဝိုင်အဟောင်းများလောင်းခြင်း၊

၁၀။ ရေနံချေးကို အဝတ်တွင်ဆွတ်၍ အပင်တွင် ပတ်ထားခြင်း၊

၁၁။ Arsenical ခေါ် အဆိပ်ရည်ကို အပင်၏ ပင်စည်နှင့် အခေါက်ကြားသို့ နွားများကိုထိုးသည့်ဆေးထိုးအပ်ဖြင့် ထိုးသွင်းခြင်း (ထိုအဆိပ်ရည်ကို လက်အိတ်ဖြင့် ကိုင်ရပါသည်။ လက်မှာအနာရှိလျှင် အသက်အန္တရာယ်များပါသည်။ ယင်းနည်းမှာ အောင်မြင်သော်လည်း အဆိပ်ရည်ကို နိုင်ငံခြားသို့ မှာရပါသည်။)

၁၂။ Cinamite ခေါ် ပေါင်းသတ်ဆေးကို ပင်စည်ထဲသို့ထိုးသွင်းပြီး လေလုံအောင် ဝါဂွမ်းဖြင့် ဖုံးအုပ်ထားခြင်း၊ (၎င်းနည်းသည်လည်း အောင်မြင်ပါသည်။ ထိပ်တွင် ဆွပေးရပါသည်။ ယင်းဆေးမှာ တစ်ပုလင်းလျှင် ငါးပင်ခန့် သုံးနိုင်ပါသည်။ ဓာတ်မြေသြဇာအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။)

**အဆောက်အအုံပေါ်မှ ညောင်ပင်များ**

ညောင်ပင်များမှာ အများအားဖြင့် မြေပေါ်တွင်ပေါက်သော်လည်း အဆောက်အအုံ နံရံများပေါ်တွင်လည်း ပေါက်ရောက်ရှင်သန်နိုင်ပြီး ရှေးဟောင်းအဆောက်အအုံများကို မျိုသွားတတ်ကြပါသည်။ မြစ်ကြီးနားမြို့သို့သွားသော လမ်းဘေးရှိ ဂျုံးဂျုံးကျရွာအနီး၌ ဘုရားစေတီနှစ်ဆူကို ညောင်ပင်နှစ်ပင်က မျို၍ထားသည်ကို တွေ့ရှိနိုင်ပါသည်။ ရခိုင်ပြည်နယ် မြို့ဟောင်းရှိ ဂူဘုရားတစ်ဆူကိုလည်း ညောင်ပင်က မျိုသွားသည်မှာ တစ်ဆူလုံးနီးပါး မမြင်ရတော့ပါ။ အများအားဖြင့် ရှေးဟောင်း အဆောက်အအုံများမှာ မြေနီသရွတ်ဖြင့် အုတ်စီထားသဖြင့် မိုးရွာသည့်အခါ မိုးရေကိုစုပ်ထားသောကြောင့် အပင်အတွက် မြေသြဇာကောင်းဖြစ်ပြီး အပင်များကို ပေါက်ပွားကြီးထွားစေပါသည်။ အပင်ကြီးထွားလာသည်နှင့်အမျှ အုတ်ရိုးကို ကွဲအက်စေပါသည်။ အက်ကွဲကြောင်းထဲသို့ မိုးရေဝင်သွားပြီး ပြိုကျလေ့ရှိပါသည်။

အုတ်အဆောက်အအုံများပေါ်တွင် သစ်ပင်များပေါက်ရခြင်းမှာ ငှက်များက သစ်သီးစားပြီးနောက် ငှက်ချေးများ၊ အစေ့များက စိုနေသောသဲ၊ ခဲ၊ အမှိုက်သရိုက်များပေါ်သို့ကျရာမှ အပင်များပေါက်ရခြင်း ဖြစ်လေသည်။

**စမ်းသပ်တီထွင်၍ ညောင်ပင်များသတ်ခြင်း**

ယခုအခါ ပုဂံ ရှေးဟောင်းအဆောက်အအုံများဖြစ်သော ဘုရား၊ ပုထိုး၊ စေတီများပေါ်တွင် ပေါက်ရောက်နေသော ညောင်ပင်၊ မဏိသံလျက်ပင်၊ နဘဲပင်များကို အောင်မြင်စွာ သတ်နိုင်သူမှာ ပုဂံ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ လုံခြုံရေး(၅) ဝန်ထမ်း ဦးဝိမောင်ဖြစ်သည်။ သူသတ်သမျှ အပင်များကို ၁၀၀ ရာခိုင်နှုန်းသေအောင် သတ်နိုင်ပါသည်။ သူက တီထွင်စမ်းသပ်၍ သတ်ပါသည်။

ဤစာရေးသူတို့၏ ပုဂံအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း(Bagan Heritage Trust) ကလည်း သူ့ကိုပင် ငှားခိုင်းနေရပါသည်။ သူ့ကိုပဲ အားကိုးနေရပါသည်။

သူ၏ စမ်းသပ်တီထွင်မှုမှာ အစာ+ အဆိပ်+ အသက်ရှူလမ်းကြောင်း ဖြတ်ဆေးတို့ကို အပူဒီဂရီချိန်၍ နေရောင်ခြည်ရချိန်တွင် လူများကို ဒရစ်သွင်းရာတွင် အစက်ချသကဲ့သို့ ဖျော်ပြီး ဆေးပုလင်းကိုချိတ်၍ အစက်ချနည်းကို အသုံးပြုပါသည်။ အချင်း ရှစ်လက်မ အပင်ကြီးများကိုပင် သေအောင်သတ်နိုင်ပါသည်။ အပင်ကြီးလျှင် သုံးခေါက်လောက် သွားကြည့်ရပါသည်။ လေလုံအောင် ဝါဂွမ်းကိုလည်း အသုံးပြုရပါသည်။

အချို့ လူနေတိုက်တာများပေါ်တွင် ပေါက်ရောက်နေသော ညောင်ပင်များမှာ အဆောက်အအုံကို တူးထုတ်စရာမလိုဘဲ အစာ+အဆိပ်+ အသက်ရှူလမ်းကြောင်းဖြတ်ဆေးတို့ဖြင့် ကြီးသောအပင်နှင့် သေးသောအပင် အားလုံးကို သေအောင်သတ်နိုင်ကြောင်း အများသူငါ သိရှိစေလိုသောစေတနာဖြင့် တင်ပြလိုက်ရပါသည်။

အထက်ပါနည်းလမ်းမှာ အများအရိပ်ခိုရန် မြေပြင်ပေါ်တွင် တမင်စိုက်ထားသော ညောင်ပင်များကို သတ်ရန်မဟုတ်ပါ။ အဆောက်အအုံများကိုဖျက်မည့် အပင်များအတွက်သာဖြစ်ကြောင်းနှင့် အပင်သတ်သည့် နည်းလမ်းအသေးစိတ်ကို သိရှိလိုပါက ကိုဝိမောင်၊ မင်္ဂလာစေတီအနီး၊ ပုဂံမြို့၊ ဖုန်း- ၀၉-၄၃၁၄၉၃၈၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**မင်းဘူး-အောင်ကြိုင်**

**“ညောင်ပင်များမှာ အများအားဖြင့် မြေပေါ်တွင်ပေါက်သော်လည်း အဆောက်အအုံ နံရံများပေါ်တွင်လည်း ပေါက်ရောက်ရှင်သန်နိုင်ပြီး ရှေးဟောင်းအဆောက်အအုံများကို မျိုသွားတတ်ကြပါသည်၊ မြစ်ကြီးနားမြို့သို့သွားသောလမ်းဘေးရှိ ဂျုံးဂျုံးကျရွာအနီး၌ ဘုရားစေတီနှစ်ဆူကို ညောင်ပင်နှစ်ပင်က မျို၍ထားသည်ကို တွေ့ရှိနိုင်ပါသည်၊ ရခိုင်ပြည်နယ် မြို့ဟောင်းရှိ ဂူဘုရားတစ်ဆူကိုလည်း ညောင်ပင်က မျိုသွားသည်မှာ တစ်ဆူလုံးနီးပါး မမြင်ရတော့ပါ”**

## တရားဥပဒေစိုးမိုးရေး အထောက်အပံ့ဖြစ်စေရန် ဘိုကလေးမြို့၌ လမ်းမီးများ စုပေါင်းတပ်ဆင်



**ဘိုကလေး ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့၌ ပြည်သူများ ညအချိန်တွင် လုံခြုံအေးချမ်းစွာ သွားလာနိုင်ပြီး တရားဥပဒေစိုးမိုးရေးတွင်လည်း အထောက်အပံ့ဖြစ်စေရန်အတွက် မြို့တွင်းလမ်းမီးတိုင်များကို ဩဂုတ် ၂၀ ရက်မှစ၍ သွယ်တန်းတပ်ဆင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း(ဘိုကလေးမြို့)၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းကာ လမ်းမီးတိုင်များ တပ်ဆင်ခဲ့ခြင်းဖြစ်သည်။ “အဓိကအချက်က တရားဥပဒေ စိုးမိုးရေးကို အထောက်အပံ့ဖြစ်ရာမှ ရပ်ရွာအေးချမ်းသာယာရေးအတွက် ရည်ရွယ်ပါတယ်၊ နောက်တစ်ချက်က မြို့သန့်ရှင်းသာယာလှပစေဖို့ ရည်ရွယ်ပြီး ရပ်ကွက်နေပြည်သူများရဲ့ ပေါင်းစပ်ပါဝင်မှုဖြင့် လမ်းမီးများ တပ်ဆင်ခဲ့ခြင်းဖြစ်ပါတယ်”ဟု ဘိုကလေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ပြောသည်။

လမ်းမီးတိုင်များတပ်ဆင်ရာတွင် ဘိုကလေးမြို့အဝင်နတ်ချောင်းတံတားအဆင်းမှစ၍ (၁၈)လမ်းမကြီးနှင့် တတိယလမ်းမကြီးတစ်လျှောက်၌ ဓာတ်တိုင်ပေါင်း ၁၀၀ တပ်ဆင်ခဲ့ကြောင်း၊ တန်ဖိုး ကျပ်သိန်း ၃၀ အကုန်ကျခံကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၂၀ ရက်တွင် စတင်၍ ဓာတ်အားပို့လွှတ်နိုင်ပြီး မီးလင်းပြီဖြစ်ကြောင်း သိရသည်။

“အခု လမ်းမီးတွေ တပ်ဆင်လိုက်တဲ့ နေရာတွေက ကျွန်မတို့မြို့ရဲ့ အဓိက လူစည်ကားရာ လမ်းမကြီးတွေဖြစ်ပါတယ်။ လမ်းမီးမှောင်နေတဲ့အခါ မလိုလားအပ်တဲ့ အန္တရာယ်တွေလည်း အများကြီးဖြစ်တတ်ပါတယ်၊ ခုလိုမီးတွေ လင်းလင်းထိန်ထိန်ဖြစ်နေမယ်ဆိုရင် လမ်းသွားလမ်းလာပြည်သူတွေအတွက်ရော၊ ရပ်ကွက်နေပြည်သူတွေအတွက်ပါ အန္တရာယ်တချို့ကို ကာကွယ်ပြီးသားဖြစ်မယ်လို့ ယုံကြည်ပါတယ်၊ ဒီလိုဖြစ်သင့်တာလည်း ကြာပါပြီ၊ မြို့ခံတစ်ယောက်အနေနဲ့ ဝမ်းသာကျေနပ်ပါတယ်။ ညအခါ လမ်းမီးတွေ ထွန်းထားခြင်းအားဖြင့် မြို့အတွက် လုံခြုံမှုလည်းရှိမယ်။ မြို့အင်္ဂါရပ်နဲ့လည်း ညီတယ်။ မလိုလားအပ်တဲ့ အန္တရာယ်တွေကိုလည်း ကာကွယ်ပြီးသားဖြစ်တဲ့အတွက် ကျန်ရှိနေတဲ့လမ်းတွေ မီးလင်းနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်စေချင်ပါတယ်၊ ဝိုင်းဝန်းဆောင်ရွက်နိုင်ကြလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်”ဟု မူလတန်းလွန်ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါထွန်းက ပြောသည်။

ဘိုကလေးမြို့အတွင်း ကျန်ရှိသောလမ်းများတွင် လမ်းမီးများ ဆက်လက်တပ်ဆင်ကာ မီးလင်းနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်နေကြောင်း ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## ကလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ကလေး ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၀ ရက်က ကလေးမြို့ရှိ ခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ကလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက စားသုံးသူအငြင်းပွားမှု ပြဿနာများနှင့် ပတ်သက်၍ စားသုံးသူရေးရာဦးစီးဌာနသည် မြန်မာနိုင်ငံတွင် မရှိမဖြစ်လိုအပ်သောဌာနတစ်ခုဖြစ်ကြောင်း၊ ကလေးခရိုင်အနေဖြင့် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးညှိနှိုင်းအစည်းအဝေးများကို လစဉ်ဆောင်ရွက်နေပြီး လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံအတွင်း၌ရှိသော စားသုံးသူပြည်သူများအနေဖြင့် လူနေမှုအဆင့်နိမ့်နေသော်လည်း စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူပြည်သူများအား ဦးဆောင်ပြီး ဟောပြောပွဲများပြုလုပ်ခြင်း၊ ဈေးကွက်စောင့်ကြည့်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်နေမှုအပေါ် ပြည်သူလူထုက ယုံကြည်ကိုးစားပြီး လက်ကမ်းကြိုဆိုမှုများ တွေ့ရကြောင်း၊ ကလေးဒေသတွင် အစားအသောက်နှင့်ပတ်သက်သည့် ဓာတ်ခွဲခန်း မရှိသေးသဖြင့် နောင်တစ်ချိန်တွင် ဓာတ်ခွဲခန်းရှိလာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အဖွဲ့အတွင်းရေးမှူး ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးစိုးအောင်က ယခင်လ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဇူလိုင်လက လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှုအခြေအနေ စသည်တို့ကို တင်ပြခဲ့ပြီး ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ကလေး၊ တမူး၊ မော်လိုက်ခရိုင်နှင့် ခန္တီးခရိုင်အထိ အုပ်ချုပ်မှုတာဝန်ယူနေရကြောင်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ကျော်က လက်ရှိအချိန်တွင် မန္တလေးဈေးချိုသည် ‘စားသုံးရန်မသင့်ဆိုးဆေး ကင်းစင်ဈေး’ဟု ဆိုင်းဘုတ်ချိတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးခရိုင်တွင်လည်း စည်ပင်သာယာဈေးသစ်ကို စိစစ် စစ်ဆေးပြီးနောက် ဆိုးဆေးကင်းစင်ချိန်တွင် စားသုံးရန်မသင့်သောဆိုးဆေးများ ကင်းစင်သည့် နယ်မြေတစ်ခုအဖြစ် သတ်မှတ်နိုင်အောင် ဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးပြောကြားခဲ့သည်။

**ချင်းတွင်းသား**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဆည်/တမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ရှိသည့် ဆည်/တမံများအနက် အချို့သော ဆည်/တမံများမှာ မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့် ပမာဏကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။

ထိုကဲ့သို့ ရေပိုလွှဲမှ ရေကျော်ကျခြင်းကြောင့် တစ်စုံတစ်ရာ စိုးရိမ်စရာမရှိကြောင်းနှင့် ရေပိုလွှဲမှရေကျော်ကျခြင်းမှာ မူလ ဆည်/တမံများ၏ ရေသိုလှောင်မှုပမာဏ ပြည့်မီသွားခြင်းကြောင့် ပိုလျှံသောရေကို ရေပိုလွှဲမှတစ်ဆင့် မူလချောင်းထဲသို့ ပြန်လည်ထုတ်လွှတ်စီးဝင်စေခြင်းသာဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယမန်နေ့က ရေပိုလွှဲမှ ရေကျော်ကျသည့် ဆည်/တမံ ၄၈ ခုရှိခဲ့ပြီး ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် ကောက်ကွေ့ရေလှောင်တမံမှာ ရေပိုလွှဲမှ ရေကျော်ကျမှုမရှိတော့ဘဲ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်မှ ကိုဒူကွဲရေလှောင်တမံနှင့် မုက္ခာ ရေလှောင်တမံ၊ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် ပြိုင်းချောင်းရေလှောင်တမံနှင့် ရှောက်ချောင်းရေလှောင်တမံ၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၊ မမြရေလှောင်တမံတို့မှာ သတ်မှတ်ရေသိုလှောင်မှု ပမာဏပြည့်မီခဲ့၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိရာ ရေကျော်ကျသည့် ဆည်/တမံ ၅၂ ခုရှိပြီး အဆိုပါရေပိုလွှဲမှ ရေကျော်ကျသည့် ဆည်/တမံ ၅၂ ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

### ၂၁-၈-၂၀၁၈ ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ဆည်ကန်များစာရင်း

နေ့စွဲ - ၂၁ . ၈ . ၂၀၁၈
(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင် | ၃၆ | ၂၈၄၇၄ | ၃၇.၁၀ | ၃၁၂၉၈ | ၁.၅၇ | (၁.၁၀)ပေ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | ရေကျော် |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၆၀ | ၁၉၃၇ | ၁.၀၀ | (၀.၈၀)ပေ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | ရေကျော် |
| ၃ | သီကီရ်ရေလှောင်တမံ | ဟားခါးခရိုင်/ | ၆၅ | ၁၃၆၅ | ၆၅.၁၅ | ၁၃၇၂ | ၀.၁၄ | (၀.၁၅)ပေ |
| | | ထန်တလန်မြို့ | ၁၅ | ၇၅ | | | | ရေကျော် |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၄ | မဟာနန္ဒာကန် | ရွှေဘိုခရိုင်/ | ၆ | ၁၀၉၅ | ၆.၃၀ | ၁၁၅၁ | - | (၀.၃၀)ပေ |
| | | ရွှေဘိုမြို့ | ၀ | ၁၂၂ | | | | ရေကျော် |
| ၅ | မြောက်ယမားရေလှောင်တမံ | ယင်းမာပင်ခရိုင်/ | ၅၄ | ၁၄၀၅၇ | ၅၄.၁၀ | ၁၄၁၂၂ | - | (၀.၁၀)ပေ |
| | | ပုလဲမြို့ | ၂၉ | ၂၈၃၆ | | | | ရေကျော် |
| ၆ | ကန့်ဒေါင့်ရေလှောင်တမံ | မုံရွာခရိုင်/ | ၇၃ | ၇၁၉ | ၇၃.၁၀ | ၇၂၄ | - | (၀.၁၀)ပေ |
| | | ပုလဲမြို့ | ၆၂ | ၁၈၀ | | | | ရေကျော် |
| ၇ | ရာဇဗြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၇.၀၀ | ၅၃၉၀၀ | ၀.၂၂ | (၂.၀၀)ပေ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | ရေကျော် |
| | | **ပဲခူးတိုင်းဒေသကြီး(အရှေ့)** | | | | | | |
| ၈ | ပသိရေလှောင်တမံ | တောင်ငူခရိုင်/ | ၈၀ | ၃၀၅၀၀ | ၈၀.၈၀ | ၃၁၂၆၀ | - | (၀.၈၀)ပေ |
| | | တောင်ငူမြို့ | ၂၅.၆ | ၁၅၀၅ | | | | ရေကျော် |
| ၉ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၃၀ | ၂၃၈၀ | ၀.၃၀ | (၀.၃၀)ပေ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | ရေကျော် |
| ၁၀ | ငမြွေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၃၀ | ၂၄၂၂ | - | (၀.၃၀)ပေ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | ရေကျော် |
| ၁၁ | ဖြူးချောင်းရေလှောင်တမံ | တောင်ငူခရိုင်/ | ၂၁၉ | ၆၃၂၅၃၃ | ၂၂၁.၂၀ | ၆၆၆၇၂၉ | ၀.၁၇ | (၂.၂၀)ပေ |
| | | ဖြူးမြို့ | ၁၁၆.၆ | ၂၉၉၄၉ | | | | ရေကျော် |
| ၁၂ | ရဲနွယ်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၀၅ | ၉၃၁၈၀၀ | ၂၀၈.၄၀ | ၉၉၈၁၄၈ | ၁.၈၆ | (၃.၄၀)ပေ |
| | | ကျောက်တံခါးမြို့ | ၈၈.၂ | ၃၄၉၀၀ | | | | ရေကျော် |
| ၁၃ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၄.၀၀ | ၃၆၈၀၀ | ၁.၆၈ | (၁.၀၀)ပေ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | ရေကျော် |
| ၁၄ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၁.၆၀ | ၁၁၆၈၅ | ၁.၄၀ | (၁.၆၀)ပေ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | ရေကျော် |
| ၁၅ | မခင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၃.၆၀ | ၂၈၄၄၈ | ၀.၂၀ | (၁.၆၀)ပေ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | ရေကျော် |
| ၁၆ | ဇလက်ထောင်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၃၉.၅ | ၁၈၉၁၂ | ၄၁.၂၀ | ၂၀၉၄၅ | ၀.၃၉ | (၁.၇၀)ပေ |
| | | ပဲခူးမြို့ | ၁၂.၅ | ၇၅၀ | | | | ရေကျော် |
| ၁၇ | ရွှေပြည်(၃)ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၈ | ၃၇၀၀ | ၂၉.၀၀ | ၄၁၄၀ | ၀.၃၅ | (၁.၀၀)ပေ |
| | | ပဲခူးမြို့ | ၈ | ၄၀ | | | | ရေကျော် |
| ၁၈ | ကိုဒူကွဲရေလှောင်တမံ | ပဲခူးခရိုင်/ | ၈၀ | ၁၄၈၁၆၄ | ၈၀.၃၀ | ၁၅၀၃၅၁ | ၁.၅၀ | (၀.၃၀)ပေ |
| | | ပဲခူးမြို့ | ၃၅ | ၁၀၁၈၅ | | | | ရေကျော် |
| | | **ပဲခူးတိုင်းဒေသကြီး(အနောက်)** | | | | | | |
| ၁၉ | တောင်နဝင်းရေထိန်းတမံ | ပြည်ခရိုင်/ | ၃၆ | ၂၁၀၉၆ | ၃၇.၄၈ | ၂၆၁၅၉ | - | (၁.၄၈)ပေ |
| | | ပေါက်ခေါင်းမြို့ | ၂၉.၄၄ | ၁၀၅၄၉ | | | | ရေကျော် |
| ၂၀ | ဝဲကြီးရေလှောင်တမံ | ပြည်ခရိုင်/ | ၁၀၂ | ၂၅၂၀၀၀ | ၁၀၄.၂၀ | ၂၇၅၅၀၀ | ၁.၀၈ | (၂.၂၀)ပေ |
| | | ပေါင်းတည်မြို့ | ၇၀ | ၂၅၀၀၀ | | | | ရေကျော် |
| ၂၁ | ညောင်ကိုင်းရေလှောင်တမံ | ပြည်ခရိုင်/ | ၄၈ | ၁၇၅၉၄ | ၄၉.၄၀ | ၁၉၉၃၂ | - | (၁.၄၀)ပေ |
| | | ပန်းတောင်းမြို့ | ၂၆ | ၃၀၀၁ | | | | ရေကျော် |
| ၂၂ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၇.၂၀ | ၂၂၉၆၁၈ | ၀.၇၄ | (၂.၂၀)ပေ |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | ရေကျော် |
| ၂၃ | ဘော်ဘင်ရေလှောင်တမံ(၂) | သာယာဝတီခရိုင်/ | ၁၀၀ | ၂၆၅၈၈ | ၁၀၁.၉၀ | ၂၈၄၅၀ | ၀.၁၆ | (၁.၉၀)ပေ |
| | (ဘော်ဘင်ချောင်း) | ဇီးကုန်းမြို့ | ၆၅ | ၅၈၄၂ | | | | ရေကျော် |
| ၂၄ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၇.၂၀ | ၅၉၈၅၀ | ၀.၂၀ | (၁.၂၀)ပေ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | ရေကျော် |
| ၂၅ | မုက္ခာရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၄ | ၂၄၁၁၂ | ၆၄.၅၀ | ၂၄၈၂၀ | ၀.၈၄ | (၀.၅၀)ပေ |
| | | မင်းလှမြို့ | ၃၄ | ၁၈၆၁ | | | | ရေကျော် |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၂၆ | တောင်ခင်ရန်းရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၇၉ | ၁၁၇၂၆ | ၇၉.၂၀ | ၁၁၇၉၉ | ၀.၅၀ | (၀.၂၀)ပေ |
| | | ဂန့်ဂေါမြို့ | ၃၈ | ၁၆၂၄ | | | | ရေကျော် |
| ၂၇ | မြစ်သာရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၁၈၅ | ၃၇၇၆၀၀ | ၁၈၇.၇၀ | ၃၉၅၃၆၆ | ၀.၆၄ | (၂.၇၀)ပေ |
| | | ဂန့်ဂေါမြို့ | ၁၃၅ | ၁၅၂၉၁၅ | | | | ရေကျော် |
| ၂၈ | စလင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၂၀၃ | ၁၃၃၀၀၀ | ၂၀၅.၂၀ | ၁၃၈၇၄၈ | ၀.၀၃ | (၂.၂၀)ပေ |
| | | စလင်းမြို့ | ၉၃ | ၁၆၂၅၉ | | | | ရေကျော် |
| ၂၉ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၆.၉၀ | ၆၉၃၈၃၃ | ၀.၃၅ | (၆.၉၀)ပေ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | ရေကျော် |
| ၃၀ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၁.၈၀ | ၁၂၅၆၀၀ | ၀.၀၅ | (၁.၈၀)ပေ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | ရေကျော် |
| ၃၁ | ရင်းရှည်ရေလှောင်တမံ | မင်းဘူးခရိုင်/ | ၄၂ | ၂၆၀၀ | ၄၂.၁၀ | ၂၆၁၆ | ၀.၁၆ | (၀.၁၀)ပေ |
| | | ငဖဲမြို့ | ၁၀ | ၉၈ | | | | ရေကျော် |
| ၃၂ | ကြိုးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၃၀.၆၀ | ၃၆၉၄၄၀ | - | (၇.၁၀)ပေ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | ရေကျော် |
| ၃၃ | ဘွက်ကြီးရေလှောင်တမံ | သရက်ခရိုင်/ | ၉၅ | ၇၃၁၉၂ | ၉၅.၇၀ | ၇၅၂၆၀ | - | (၀.၇၀)ပေ |
| | | အောင်လံမြို့ | ၆၁ | ၁၇၆၁၅ | | | | ရေကျော် |
| ၃၄ | မဒေးရေလှောင်တမံ | သရက်ခရိုင်/ | ၁၃၈ | ၅၃၉၀၈ | ၁၃၈.၆၀ | ၅၄၄၃၁ | - | (၀.၆၀)ပေ |
| | | ကံမမြို့ | ၇၄ | ၁၀၂၁၀ | | | | ရေကျော် |
| | | **မွန်ပြည်နယ်** | | | | | | |
| ၃၅ | ကတိုက်ရေလှောင်တမံ | သထုံခရိုင်/ | ၁၂၃ | ၅၄၀၉၂ | ၁၂၃.၅၀ | ၅၄၅၆၈ | ၁.၄၅ | (၀.၅၀)ပေ |
| | | ပေါင်မြို့ | ၂၆ | ၁၁၇၅ | | | | ရေကျော် |
| ၃၆ | ရွှေနတ်တောင် | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၄.၆၀ | ၅၃၅၄ | ၀.၂၁ | (၀.၆၀)ပေ |
| | ရေလှောင်တမံ | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | ရေကျော် |
| ၃၇ | အဇင်းရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၈၂.၈ | ၁၅၄၂၇ | ၈၃.၀၀ | ၁၅၅၂၇ | ၀.၁၈ | (၀.၂၀)ပေ |
| | | မုဒုံမြို့ | ၂၅.၅ | ၁၂၆ | | | | ရေကျော် |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၃၈ | ပြိုင်းချောင်းရေလှောင်တမံ | စစ်တွေခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၆.၂၀ | ၂၅၃၀၅ | ၀.၁၀ | (၀.၂၀)ပေ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | ရေကျော် |
| ၃၉ | ကြိုးကြာကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀ | ၅၂၉ | ၄၀.၂၀ | ၅၃၃ | - | (၀.၂၀)ပေ |
| | | တောင်ကုတ်မြို့ | ၁၁ | ၇ | | | | ရေကျော် |
| ၄၀ | ရဟိုင်းကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀.၆ | ၆၂၅ | ၄၀.၉၀ | ၆၄၀ | - | (၀.၃၀)ပေ |
| | | ဂွမြို့ | ၁၃.၆၀ | ၄၇ | | | | ရေကျော် |
| ၄၁ | ဒီးဖြူကုန်းရေလှောင်တမံ | သံတွဲခရိုင်/ | ၂၇ | ၄၃၀ | ၂၇.၂၀ | ၄၃၆ | - | (၀.၂၀)ပေ |
| | | သံတွဲမြို့ | ၆ | ၂၂ | | | | ရေကျော် |
| ၄၂ | ငပလီရေလှောင်တမံ | သံတွဲခရိုင်/ | ၄၄ | ၁၄၇၀ | ၄၄.၁၀ | ၁၄၇၇ | - | (၀.၁၀)ပေ |
| | | သံတွဲမြို့ | ၉ | ၇၀ | | | | ရေကျော် |
| ၄၃ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၁ | ၃၂.၇၀ | ၁၄၈ | - | (၂.၇၀)ပေ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | ရေကျော် |
| ၄၄ | ရှောက်ချောင်း | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၃.၃၀ | ၁၁၅၉ | ၂.၀၀ | (၀.၃၀)ပေ |
| | ရေလှောင်တမံ | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | ရေကျော် |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၄၅ | မဟူရာ(ငမိုးရိပ်)ရေကူ | ရန်ကုန်(မြောက်ပိုင်း)ခရိုင်/ | ၉၀ | ၅၃၉၉၂ | ၉၁.၆၀ | ၅၇၀၃၅ | ၀.၄၅ | (၁.၆၀)ပေ |
| | ရေလှောင်တမံ | လှည်းကူးမြို့ | ၃၄ | ၂၅၀၀ | | | | ရေကျော် |
| ၄၆ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၃.၉၅ | ၁၉၄၄ | ၀.၆၀ | (၀.၉၅)ပေ |
| | | သန်လျင်မြို့ | ၂.၅၀ | ၁၅၀ | | | | ရေကျော် |
| ၄၇ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၃.၃၅ | ၆၃၂၇ | ၀.၅၉ | (၁.၃၅)ပေ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | ရေကျော် |
| | | **ရှမ်းပြည်နယ်(မြောက်ပိုင်း)** | | | | | | |
| ၄၈ | မုံးရင်ရေလှောင်တမံ | ကျောက်မဲခရိုင်/ | ၈၆ | ၂၅၉၀၀ | ၈၆.၇၀ | ၂၆၆၇၁ | ၀.၂၄ | (၀.၇၀)ပေ |
| | | နမ္မတူမြို့ | ၅၆ | ၅၃၈၅ | | | | ရေကျော် |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၄၉ | ကွန်ချောင်းရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၂၅ | ၉၈၄၀၀ | ၁၂၅.၅၀ | ၉၉၂၅၀ | ၀.၄၄ | (၀.၅၀)ပေ |
| | | ကြံခင်းမြို့ | ၄၈ | ၇၃၅၀ | | | | ရေကျော် |
| ၅၀ | မမြရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၅ | ၇၁၄၀၀ | ၁၃၅.၂၀ | ၇၁၆၆၁ | ၁.၀၀ | (၀.၂၀)ပေ |
| | | မြန်အောင်မြို့နယ် | ၃၆ | ၂၉၆၂ | | | | ရေကျော် |
| ၅၁ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၃၉.၃၀ | ၄၁၁၁၂ | ၁.၂၁ | (၁.၃၀)ပေ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | ရေကျော် |
| ၅၂ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၅.၆၀ | ၁၄၈၀၂၄ | ၁.၁၂ | (၁.၆၀) ပေ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | ရေကျော် |

## ဘားအံ၌ သံလွင်မြစ်ရေ ဒုတိယအကြိမ် မြင့်တက်လာ ရေကြီးရေလျှံမှုဖြစ်ပွားပြီး ကားလမ်းအချို့ရေကျော်

**ဘားအံ ဩဂုတ် ၂၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေသည် ယနေ့ မွန်းလွဲပိုင်း တိုင်းထွာချက်များအရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည့်အတွက် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိပြီး အဓိက ဆက်သွယ်ရေးလမ်းများပေါ် ရေကျော်လျက်ရှိကြောင်း သိရသည်။

ဘားအံမြို့ရှိ ရပ်ကွက် ကိုးခုတွင် ရေများ ဝင်ရောက်လျက်ရှိပြီး မြို့တွင်းလမ်းများနှင့် အဓိက ဆက်သွယ်ရေးလမ်းများဖြစ်သော ဘားအံ-မော်လမြိုင်သွားကားလမ်းရှိ ဘားအံ-ထုံးအိုင်လမ်းပိုင်း၊ ကော့ကျိုက်-ဇာသပြင်လမ်းပိုင်း၊ ကမ်းနားလမ်းတစ်လျှောက်နှင့် ဘားအံ-သထုံ လမ်းပိုင်းများတွင် ရေကျော်လျက်ရှိပြီး တိုင်းရင်းဆေးရုံရှေ့တွင် ရေအနက် တစ်ပေခွဲမှနှစ်ပေခွဲခန့် **(အောက်ပုံ)**၊ သံလွင်တံတားထိပ် တြိဂံလမ်းဆုံတွင် ရေအနက် တစ်ပေခွဲခန့် ရေကျော်လျက်ရှိကြောင်း သိရသည်။

ယနေ့ချိန်ထိ ကားလမ်းများ ရေကျော်မှုကြောင့် ယာဉ်ငယ်များမှအပ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိဘဲ မော်တော်ယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း၊ ခရီးသွားပြည်သူများနှင့် ကုန်စည်စီးဆင်းမှုများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပုံမှန်သွားလာစီးဆင်းလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




## လှိုင်းဘွဲ့၌ မြစ်ရေမြင့်တက်လာမှုကြောင့် စာသင်ကျောင်း ၃၀ ယာယီပိတ်ထား

**လှိုင်းဘွဲ့ ဩဂုတ် ၂၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် သံလွင်မြစ်ရေမြင့်တက်လာပြီး လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ စာသင်ကျောင်းများအား ပြန်လည်၍ ယာယီပိတ်ထားရကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် ဩဂုတ် ၂၁ ရက်တွင် စာသင်ကျောင်း ၃၀ ယာယီပိတ်ထားရသည်။ အဆိုပါပိတ်ထားရသည့် စာသင်ကျောင်းများမှာ အထကကျောင်း သုံးကျောင်း၊ အလကကျောင်း သုံးကျောင်း၊ အလက(ခွဲ) သုံးကျောင်း၊ မူလွန်ကျောင်း နှစ်ကျောင်း၊ အမက ၁၉ ကျောင်းတို့ဖြစ်ပြီး သံလွင်မြစ်ရေ ပြန်လည်ကျဆင်းသွားပါက ကျောင်းပိတ်ရက်များကို အစားထိုး ပြန်လည်၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ညောင်တုန်း၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် လူနေအိမ် ၅၈ လုံး ကြိုတင်ဖျက်သိမ်း

**ညောင်တုန်း ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ညောင်တုန်းမြို့နယ် မြမ္ဗာပြာသာကျေးရွာအုပ်စု ရွာသာကြီးကျေးရွာ၌ မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ရာ ကမ်းခြေမှ အလျား ပေ ၁၀၀၀၊ အနံ ပေ ၄၀၀ ခန့် ပြိုကျမှုဖြစ်ပွားခဲ့ပြီး ယင်းမြစ်ကမ်းပါးပြိုကျသည့်နေရာနှင့် နီးစပ်လျက်ရှိသည့် လူနေအိမ် ၅၈ လုံး၊ အိမ်ထောင်စု ၅၈ စု၊ လူဦးရေ ၂၃၃ ဦးတို့၏ နေအိမ်များကို ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ပေးခဲ့သည်။

အဆိုပါ မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ၅၈ လုံးအား မြစ်ကမ်းနှင့် ဝေးရာတွင် တည်ရှိသော ၎င်းတို့၏ ကိုင်းမြေများတွင် နေရာချထားပေးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

**ဝဋ္ဋနိုင်(ညောင်တုန်း)**

# မယ်စဲ့ဒေသထွက် ကြက်သွန်ဖြူများကို ဝယ်သူမရှိ၍ တောင်သူများအရှုံးပေါ်နေ



**မယ်စဲ့ ဩဂုတ် ၂၁**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်အတွင်းမှ ဒေသခံတောင်သူများ စိုက်ပျိုးထားသော ဆောင်းသီးနှံ ကြက်သွန်ဖြူများကို ယခုအချိန်အထိ ဝယ်ယူသူမရှိ၍ ဒေသခံတောင်သူများ အနေဖြင့် အရှုံးပေါ်နေပြီဖြစ်ကြောင်း ဒေသတွင်း ကြက်သွန်ဖြူစိုက်ပျိုးသူ တောင်သူများထံမှ သိရသည်။

"မနှစ်က ကြက်သွန်ဖြူပေါ်ချိန်မှာ အိမ်နီးချင်း ထိုင်းနိုင်ငံက ကြက်သွန်အစိုကို ကြက်သွန်ခင်းထဲအထိ လာရောက်ဝယ်ယူတယ်၊ အခြောက်ထားနိုင်တဲ့ အချို့တောင်သူတွေဆိုရင် ဈေးကောင်းပိုရတယ်၊ ဒီနှစ်တော့ ကြက်သွန်ပေါ်ချိန်မှာ ကြက်သွန်အစိုကို လာရောက်ဝယ်ယူသူနည်းသလို ကြက်သွန်တွေခြောက်ပြီး အခုအချိန်အထိလည်း ဝယ်ယူသူမရှိလို့ အရှုံးပေါ်နေပါတယ်"ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

ယခင်နှစ်က ကြက်သွန်ဖြူပေါ်ချိန်ကာလတွင် ကြက်သွန်ဖြူအစို တစ်ကီလိုလျှင် ထိုင်းဘတ် ၃၀ မှ ၃၅ ဘတ်အထိလည်းကောင်း၊ အခြောက် တစ်ကီလိုလျှင် ထိုင်းဘတ် ၁၀၀ မှ ဘတ်၁၂၀ အထိလည်းကောင်း ဈေးကောင်းရခဲ့သော်လည်း ယခုနှစ်တွင် ကြက်သွန်ဖြူအစို တစ်ကီလိုလျှင် ၁၃ ဘတ်မှ ၁၅ ဘတ်အထိနှင့် အခြောက် တစ်ကီလိုလျှင် ဘတ် ၂၀ ခန့်သာ ပေါက်ဈေးရှိကြောင်း သိရသည်။

"အရင်နှစ်က မယ်စဲ့ဒေသထွက် ကြက်သွန်ဖြူတွေကို တစ်ဖက် ထိုင်းနိုင်ငံက ဈေးကောင်းပေးပြီး ဝယ်တဲ့အတွက် တောင်သူတွေ အမြတ်ရကြတယ်၊ ဒီနှစ်မှာတော့ အများအပြားစိုက်ပျိုးကြပြီး ဈေးကောင်းလည်းမရတဲ့အတွက် အရှုံးပေါ်ကြတယ်၊ ကြက်သွန်ဖြူစိုက်ပျိုးချိန်မှာ စိုက်ပျိုးစရိတ်၊ ပိုးသတ်ဆေး၊ မြေသြဇာဖိုးတွေနဲ့ဆိုရင် အရင်း ၁၀ သိန်းကျော်တယ်၊ ထိုင်းက ကုန်သည်တွေက ဥကြီးတဲ့ကြက်သွန် တစ်ကီလိုကိုမှ ထိုင်းဘတ် ၂၀ နဲ့ အနည်းငယ်ပဲ လာရောက်ဝယ်ယူတဲ့အတွက် ကျွန်မတို့အတွက် ဒီနှစ် တော်တော်အရှုံးပေါ်ပါတယ်"ဟု ကြက်သွန်စိုက်ပျိုးသူ ဒေါ်အေးအေးထွန်းက ပြောသည်။

မယ်စဲ့မြို့နယ်အတွင်းရှိ နမ့်မန်း၊ ဝမ်ကန်၊ မယ်စဲ့နှင့် ဟိုစဲ့ကျေးရွာများ၌ ဆောင်းသီးနှံ ကြက်သွန်ဖြူကို အများအပြား စိုက်ပျိုးလေ့ရှိပြီး ပိုးသတ်ဆေးသုံးစွဲမှု နည်းပါးသည့်အတွက် မယ်စဲ့ဒေသထွက် ကြက်သွန်ဖြူများကို ထိုင်းနိုင်ငံက မျိုးအနေဖြင့် ဝယ်ယူကြသောကြောင့် ဒေသထွက်ကြက်သွန်ဖြူ အများစုကို ထိုင်းနိုင်ငံဈေးကွက်သို့ အဓိက အားထား ရောင်းချနေရကြောင်း သိရသည်။

**ဝတ်ရည်(မယ်စဲ့)**

# ပုလောမြို့နယ်မှ ရွာလေးရွာ၌ အသေးစားဓာတ်အားပေးစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်မီးရတော့မည်

**ပုလော ဩဂုတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ Techno-Hill Engineering ကုမ္ပဏီလီမိတက်နှင့် ပြည်သူများ ပူးပေါင်း၍ မြို့နယ်အတွင်းရှိကျေးရွာလေးရွာ၌ ဆောင်ရွက်လျက်ရှိသော အသေးစားလျှပ်စစ်ဓာတ်အားပေးစနစ် (Solar Mini-Grid)ဖြင့် မီးရရှိရေးလုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်၍ အဆိုပါ ကျေးရွာလေးရွာ၌ မကြာမီ ၂၄ နာရီလျှပ်စစ်မီး ရရှိတော့မည်ဖြစ်ကြောင်း ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)၏ မူဝါဒနှင့်အညီ မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်နှင့်အထက်ကွာဝေးသည့် ကျေးရွာများတွင် Solar Mini-Grid System ဖြင့် ဓာတ်အားရရှိရေးလုပ်ငန်းကို ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၆၀ ရာခိုင်နှုန်း၊ ကျေးရွာနေပြည်သူများထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းနှင့် ကုမ္ပဏီ/လုပ်ငန်းရှင်မှ ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



ကျောက်လုံးကြီးကျေးရွာအုပ်စု ကံမော်ကြီးကျေးရွာတွင် ၆၀ ကီလိုဝပ်ဖြင့် အကျိုးပြုနိုင်သည့်အိမ်ခြေ ၁၆၀၊ လိပ်သောကျေးရွာအုပ်စု လယ်ဖက်ကျေးရွာတွင် ၈၂ ဒသမ ၁ ကီလိုဝပ်ဖြင့် အကျိုးပြုနိုင်သည့်အိမ်ခြေ ၂၅၂ အိမ်၊ ခန္တီကျေးရွာအုပ်စု ကုလားမခေါင်းကျေးရွာတွင် ၄၀ ကီလိုဝပ်ဖြင့် အကျိုးပြုနိုင်သည့်အိမ်ခြေ ၁၀၂ အိမ်နှင့် ခန္တီကျေးရွာအုပ်စု တောင်ခေါင်းလောင်ကျေးရွာတွင် ၄၀ ကီလိုဝပ်ဖြင့် အကျိုးပြုနိုင်သည့် အိမ်ခြေ ၉၀ အတွက် Solar Mini-Grid System ကို ဖေဖော်ဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းပြီးစီးမှု ၈၀ ရာခိုင်နှုန်းကျော်ပြီဖြစ်ကြောင်း၊ စက်တင်ဘာလကုန်တွင် စီမံကိန်းလုပ်ငန်းများအားလုံး ပြီးစီး၍ ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းပြီးစီးပါက ဓာတ်အားစတင်ဖြန့်ဖြူးရာတွင် အိမ်သုံးအတွက် ဓာတ်အားသုံးစွဲခနှုန်းထား တစ်ယူနစ်လျှင် ကျပ် ၃၅၀ နှုန်းနှင့် ကုန်ထုတ်လုပ်မှုသုံးခြင်းအတွက် ဓာတ်အားသုံးစွဲခ တစ်ယူနစ်လျှင် ကျပ် ၄၅၀ နှုန်း ကျသင့်မည်ဖြစ်ပြီး အများပြည်သူသုံးဖြစ်သော လမ်းမီး၊ ကျောင်း၊ ဘာသာရေးအဆောက်အအုံများအတွက် ၂၀ ယူနစ် အခမဲ့သုံးစွဲနိုင်မည်ဖြစ်ကာ ပိုသုံးလျှင် တစ်ယူနစ် ကျပ် ၄၅၀ နှုန်း ကျသင့်မည်ဖြစ်ကြောင်း ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

**မြင့်ဦး(မြိတ်)**

# သထုံမြို့နယ်၌ အခမဲ့ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ပညာပေးမှုများ ဆောင်ရွက်ပေး

**သထုံ ဩဂုတ် ၂၁**

မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ (သထုံ) နှင့် သထုံခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းကာ သထုံမြို့နယ် ထိန်ပင်ကျေးရွာမှ ပြည်သူများအား အထွေထွေရောဂါများ အခမဲ့ စစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်းများကို ဩဂုတ် ၂၀ ရက်က ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ကွင်းဆင်းကုသမှုကို သထုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကျန်းမာရေးအသိပညာပေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ မြန်မာနိုင်ငံ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့(သထုံခရိုင်)ဥက္ကဋ္ဌ ဒေါက်တာပြုံးချိုနှင့် တိုင်းရင်းဆေးပညာရှင်များက ပြည်သူများအား ကျန်းမာရေးဆိုင်ရာများ ဟောပြောကြသည်။ ထို့နောက် အထွေထွေရောဂါကု ဆရာဝန်ကြီး ငါးဦး၊ သွားဘက်ဆိုင်ရာဆရာဝန် တစ်ဦး၊ ကျန်းမာရေးဝန်ထမ်း ၂၀ နှင့် တိုင်းရင်းဆေးပညာရှင် လေးဦးတို့က ထိန်ပင်ကျေးရွာအတွင်းရှိ ဒေသခံပြည်သူ စုစုပေါင်း ၃၀၀ ကျော်အား ရောဂါအမျိုးအစားအလိုက် အခမဲ့ စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါအဖွဲ့သည် သထုံမြို့နယ်၌ အခမဲ့ကျန်းမာရေးစစ်ဆေး ဟောပြောပေးခြင်းမှာ ယခုလအတွင်း ဒုတိယအကြိမ်ဖြစ်ပြီး ဩဂုတ် ၁၇ ရက်ကလည်း သွားလာရန်ခက်ခဲသည့် ကျုံမိုန်ကျေးရွာသို့ သွားရောက်ကာ ဒေသခံပြည်သူ ၂၀၀ နီးပါးခန့်အား ကျန်းမာရေးစစ်ဆေးကုသပေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**



# အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးရေး ဆွေးနွေးပွဲ ထန်တလန်မြို့၌ပြုလုပ်

**ထန်တလန် ဩဂုတ် ၂၁**

ချင်းပြည်နယ် ထန်တလန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့တို့ ပူးပေါင်း၍ ချင်းပြည်နယ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး အရေးပေါ်ကူညီထောက်ပံ့မှု စီမံကိန်းဆိုင်ရာ ပေါင်းစပ်အစီအစဉ်ရေးဆွဲခြင်း ဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက်က ထန်တလန်မြို့နယ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ချင်းပြည်နယ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး အရေးပေါ်အခြေအနေထောက်ပံ့မှု(ESCSLRP) စီမံကိန်း၏ လုပ်ငန်းများကို ဦးမင်းမင်းထိုက်က ရှင်းလင်းကာ NAG မှ ဦးရဲရင့်သူက ၎င်းတို့အဖွဲ့ ကွင်းဆင်းဆောင်ရွက်သည့် ကျေးရွာအုပ်စု ၁၆ အုပ်စုမှ ထွက်ပေါ်လာသော သဘာဝဘေးအန္တရာယ်လျှော့ချရေး ပေါင်းစပ်အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးလျန်ကျင့်ခိုင်၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးခင်မောင်လေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလာလ်အောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်စု ၁၆ စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပုသိမ်မြို့ ရေကြည်ဦး ရေဘေးကယ်ဆယ်ရေးစခန်းသို့ ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ပုသိမ် ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၂)ရပ်ကွက်ရှိ ရေကြည်ဦး ရေဘေးကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူ ၉၀၀ ကျော်အတွက် ထောက်ပံ့ပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီး ထောက်ကြံ့မြို့ရှိ ပရဟိတလူငယ်လေးများ စုပေါင်းဖွဲ့စည်းထားသော Save Myanmar ရေဘေးကယ်ဆယ်ရေးအဖွဲ့မှ အဖွဲ့ဝင်များက မနောဖြူပရဟိတဆရာတော်၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၁၉ ရက်က လာရောက်လှူဒါန်းခဲ့ကြသည်။



ပုသိမ်မြို့ အမှတ်(၁၂)ရပ်ကွက်ရှိ ရေကြည်ဦး ရေဘေးကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူ ၉၀၀ ကျော်နှင့် အမှတ်(၁၄)နယ်မြေမှ ရေဘေးသင့်ပြည်သူ ၂၅၀ တို့အတွက် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာဘူးများ၊ အဝတ်အထည်များ၊ အိမ်သုံးဆေးဝါးများကို ရေကြည်ဦး ရေဘေးကယ်ဆယ်ရေးစခန်းမှ တာဝန်ခံ ဦးကိုကိုနိုင်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကာ တာဝန်ခံက ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့သည်။ လှူဒါန်းပွဲသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးလည်း လာရောက်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သည်များကိုလည်း ဝန်ကြီးက စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# ချောင်းဆုံမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးက ဝန်ဆောင်မှုနှင့် ပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ချောင်းဆုံ ဩဂုတ် ၂၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)၏ ပြည်သူ့အတွက် ရွေ့လျားဝန်ဆောင်မှုအနေဖြင့် ရုံးလုပ်ငန်းဆိုင်ရာများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် အသိပညာပေးမှုများကို အဆိုပါရုံးမှ ဌာနဆိုင်ရာတာဝန်ရှိသူများက ဩဂုတ် ၂၀ ရက်က ဇီးကုန်းကျေးရွာ အမကကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းနိုင်နှင့်အဖွဲ့က ကျောင်းသား ကျောင်းသူ ၁၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းကျန်းမာရေး ဆောင်ရွက်ပေးခြင်း၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအကြောင်း အသိပညာပေးဟောပြောခြင်း၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများက ပညာရေးနှင့်သက်ဆိုင်သည့် ဟောပြောခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ ရွေ့လျားပြည်သူ့ဝန်ဆောင်မှု ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ တစ်လလျှင်တစ်ကြိမ် သွားရောက်၍ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ချောင်းဆုံမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နောင်ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒရုန်းရိုက်ကူးအသုံးပြုခြင်းနှင့် ဆော့ဖ်ဝဲများသုံး၍ မြေပုံထုတ်လုပ်ခြင်းသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၂၁**

Drone ရိုက်ကူးအသုံးပြုခြင်းသင်တန်းနှင့် Global Mapper နှင့် ArcGIS Software များ အသုံးပြု၍ မြေပုံထုတ်လုပ်ခြင်းသင်တန်း ဖွင့်ပွဲကို ဩဂုတ် ၂၀ ရက်က သစ်တောသုတေသနဌာန စုဝေးခန်းမ(ရေဆင်း)၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က သစ်တောဦးစီးဌာန၏ သစ်တောများ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်မှု လုပ်ငန်းများကို အထောက်အကူဖြစ်စေမည့် ဒရုန်းရိုက်ကူးခြင်းနှင့် RS/GIS အဆင့်မြင့်နည်းပညာများကို လူငယ်မျိုးဆက်သစ်ဝန်ထမ်းများ ကျွမ်းကျင်စွာ အသုံးပြုလာနိုင်စေရန်နှင့် အရည်အသွေးပြည့်မီသည့် မြေပုံများကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးများတွင် ကိုယ်တိုင်ထုတ်လုပ်နိုင်စေရန် ရည်ရွယ်ပြီး သင်တန်းကို ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း၊ RS/GIS နည်းပညာများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ ၎င်းနည်းပညာများကို အသုံးပြုခြင်းဖြင့် အချိန်ကုန် သက်သာပြီး တိကျသည့် ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံအဆင့် သစ်တောဖုံးလွှမ်းမှုပမာဏ၊ သစ်တောအမျိုးအစားအလိုက်/နေရာဒေသအလိုက် သစ်တောပြုန်းတီးမှု၊ ကာဗွန်ထုတ်လွှတ်မှု၊ မြေအသုံးချမှု ပြောင်းလဲလာခြင်း စသည့် အဆင့်မြင့်မြေပုံများကို အရည်အသွေးမီ ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ယခုလုပ်ငန်းများသည် တရားဝင်သစ်ထုတ်လုပ်မှုများဖြစ်လာရေး ဆောင်ရွက်ချက်များကိုလည်း အထောက်အကူပြုနိုင်ပြီး တရားမဝင် သစ်ထုတ်ခိုးမှု၊ ရောင်းဝယ်မှုများကိုလည်း တားဆီးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့တက်ရောက်လာသည့် သင်တန်းသားများသည် မိမိတို့၏ အသိပညာ၊ ဗဟုသုတ၊ အတွေ့အကြုံများကို အစွမ်းကုန်အသုံးပြုပြီး ကြိုးပမ်းလေ့လာကြရန်နှင့် မိမိတို့၏ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်များတွင် လက်တွေ့ပြန်လည်အသုံးချနိုင်သည်အထိ တတ်မြောက်အောင် ကြိုးစားသင်ယူကြရန်လည်း ညွှန်ကြားရေးမှူးချုပ်က တိုက်တွန်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ၊ သုတေသီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## လှိုင်ကော်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး

**လွိုင်ကော် ဩဂုတ် ၂၁**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြိုလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၀ ရက်က လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ကယားပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေက အမှာစကားပြောကြားပြီး ပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့အတွင်းရေးမှူး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်က လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားရှိသော စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပရေးနှင့် ဆုရွေးချယ်ရေးကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီ၊ ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး အဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

**စိုင်းဉာဏ်လင်းထွန်း**

## ရေတာရှည်မြို့နယ်မှ ပျက်စီးခဲ့သောလယ်များကို ကောက်စိုက်စက်ဖြင့် ပြန်လည်စိုက်ပျိုးပေး

**ရေတာရှည် ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လဆန်းပိုင်းက စစ်တောင်းမြစ်ရေမြင့်တက်၍ ချောင်းငယ်မြောင်းငယ်များ ရေလျှံခြင်းနှင့် တောင်ကျရေများကြောင့် ကျေးရွာအုပ်စုပေါင်း ၂၁ အုပ်စု၊ ကွင်းပေါင်း ၆၄ ကွင်းမှ တောင်သူပေါင်း ၂၄၂၅ ဦး၏ စိုက်ပျိုးပြီးသောမိုးစပါး ဧကပေါင်း ၂၅၀၀ ခန့် ပျက်စီးခဲ့ကြောင်းသိရသည်။

ထို့သို့ ပျက်စီးသွားသည့် လယ်မြေများကို မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့် ကောက်စိုက်စက်များအသုံးပြုပြီး ပြန်လည်စိုက်ပျိုးပေးလျက်ရှိရာ ဩဂုတ် ၂၀ ရက်က ကြံသန္တယ်ကျေးရွာအုပ်စု ကွင်းအမှတ် ၆၇၀(ခ)၌ ကောက်စိုက်စက်ဖြင့် ပြန်လည်စိုက်ပျိုးပေးခဲ့သည်။



ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းမြင့်က "စိုက်ပျိုးရေးဆိုင်ရာ၊ သီးနှံရိတ်သိမ်းရေးနဲ့ သဘာဝဘေးအန္တရာယ်ကျရောက်မှုရှိလာရင် အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် အဖွဲ့တွေဖွဲ့စည်းပြီး ဆောင်ရွက်နေပါတယ်၊ ကျွန်တော်တို့မြို့နယ်မှာ ပျက်စီးသွားတဲ့လယ်တွေကို ဩဂုတ်လကုန်အပြီး ပြန်စိုက်ပျိုးသွားမှာပါ၊ ခုထိ ၁၂၂၁ ဧကကို ပြန်လည်စိုက်ပျိုးပြီးစီးသွားပါပြီ"ဟု ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## မန္တလေး ပြဟ္မစိုရ်လူမှုကူညီရေးအသင်း၏ ပညာဒါန စက်ချုပ်သင်တန်းဆင်း

**မန္တလေး ဩဂုတ် ၂၁**

မန္တလေးမြို့ ပြဟ္မစိုရ်လူမှုကူညီရေးအသင်းက ဖွင့်လှစ်ခဲ့သည့် ပညာဒါန ဖက်ရှင်ဒီဇိုင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၃)နှင့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁၃)တို့၏ သင်တန်းဆင်းပွဲနှင့် အခြေခံသင်တန်း အမှတ်စဉ်(၁၄)ဖွင့်ပွဲကို ချမ်းအေးသာစံမြို့နယ် (၆၂)လမ်းရှိ ပြဟ္မစိုရ်လူမှုကူညီရေးအသင်း ပညာဒါနကျောင်း၌ ဩဂုတ် ၁၉ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် အသင်းဥက္ကဋ္ဌ ဦးချစ်ထူးက အမှာစကားပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ(ပညာရေး) ဦးလှဆောင်က သင်တန်းအခြေအနေများကိုလည်းကောင်း၊ သင်တန်းနည်းပြချုပ် ဒေါ်ကေသီဦး(မိုင်ကေသီ ဖက်ရှင်ဒီဇိုင်းသင်တန်း)က စက်ချုပ်သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ သင်တန်းသူများ ဖန်တီးချုပ်လုပ်ထားသည့် ဝတ်စုံဒီဇိုင်းများ ပြသ၍ ဒီဇိုင်းပြိုင်ပွဲကျင်းပပြီး ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့သည်။

ဖွင့်လှစ်ပြီးစီးခဲ့သော အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၃)၌ သင်တန်းသူ ကိုးဦးနှင့် အခြေခံသင်တန်း အမှတ်စဉ်(၁၃)၌ သင်တန်းသူ ၁၁၀ တက်ရောက်သင်ကြားခဲ့ကာ ဖွင့်လှစ်မည့် သင်တန်းအမှတ်စဉ်(၁၄)တွင် သင်တန်းသူ ၂၁၆ ဦး တက်ရောက်ရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## မော်လမြိုင်ကျွန်းမြို့နယ်မှ ကွင်းတုံး-မယ်တလိုင်းမြေသားလမ်း သဲမှုတ်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဖြန့်ကြီးမြစ်ကျိုးကျေးရွာအုပ်စုအတွင်းမှ ပေ ၃၀၀၀ ကျော်ရှည်လျားသော ကွင်းတုံး-မယ်တလိုင်း ဆက်သွယ်ရေး မြေသားလမ်းမှာ တာလမ်းနိမ့်သဖြင့် ယခု ဝါခေါင်လဆန်းပိုင်းက တာလမ်းပေါ် ရေကျော်သွားခဲ့သဖြင့် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများမှာ ရွှံ့ထဲဗွက်ထဲတွင် နေ့စဉ်ဖြတ်သန်း၍ သွားလာနေကြရသည်။

ထို့ကြောင့် အဆိုပါ ကွင်းတုံး-မယ်တလိုင်း မြေသားလမ်းကို တာလမ်းအမြင့် နှစ်ပေမြှင့်တင်ခြင်းနှင့် သဲမှုတ်ခြင်းလုပ်ငန်းကို ဆက်သွယ်ရေးတာလမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ဟိန်းနှင့် ကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာပေါင်းစုံမှ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ပြီး ဩဂုတ် ၁၃ ရက်မှစ၍ နေ့စဉ် သဲမှုတ် ပြုပြင် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ ရက် ညနေပိုင်းတွင် လမ်းမကြီးတစ်ခုလုံး ရာနှုန်းပြည့် တာမြှင့်ခြင်းနှင့် သဲမှုတ်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ကွင်းတုံး-မယ်တလိုင်း ဆက်သွယ်ရေး တာလမ်းပေါ်တွင် နေ့စဉ် ဖြတ်သန်းသွားလာနေကြရသော ကျေးရွာရှစ်ရွာမှ ဒေသခံပြည်သူများ၊ ကျိုက်ပိ အထကကျောင်းနှင့် ဝဲဒေါင့်ဝက်ကွင်း အထကကျောင်းသို့ နေ့စဉ်သွားရောက် ကျောင်းတက်နေရသော ကျောင်းသား ကျောင်းသူများအနေဖြင့် ယခင်ကကဲ့သို့ ရွှံ့ထဲဗွက်ထဲတွင် မသွားရတော့ဘဲ ဆက်သွယ်ရေးတာလမ်းပေါ်မှ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း ဆက်သွယ်ရေးတာလမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## ကျိုက်မရော၌ မူးယစ်ဆေးအန္တရာယ် ပညာပေးဟောပြော

**ကျိုက်မရော ဩဂုတ် ၂၁**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျွန်းရွာကျေးရွာ၌ မူးယစ်ဆေးဝါးအန္တရာယ် အကြောင်း အသိပညာပေးဟောပြောပွဲကို နယ်မြေရဲစခန်းက ကြီးမှူး၍ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၂၀ ရက်တွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ချောင်းနှစ်ခွရဲစခန်းမှူး ရဲအုပ်တင့်ဆန်းဦးက ယခုနောက်ပိုင်းတွင် မူးယစ်ဆေးနှင့်ပတ်သက်၍ ဖမ်းဆီးရမိမှုများနှင့် သုံးစွဲသူလူငယ်များအား ဖမ်းဆီးရမှုများ များပြားလာလျက်ရှိကြောင်း၊ လူငယ်ထုအကြားတွင် မူးယစ်ဆေးကို စမ်းသပ်သုံးစွဲမှုများလာနေပြီး ပညာပေးမှုမှာ အားနည်းနေကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်ကို သိရှိစေရန် ရဲတပ်ဖွဲ့၏ပြခန်းယာဉ်ဖြင့် မကြာသေးမီကပင် ကျွန်းကျေးရွာတွင် လာရောက်ပြသခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်း၏ ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းဟောပြောခဲ့သည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**



ကယားပြည်နယ် မယ်စဲ့မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မူကြိုကလေးများအား အာဟာရတိုက်ကျွေးခြင်းနှင့် သွားကျန်းမာရေး အသိပညာပေးခြင်းကို မယ်စဲ့မြို့ မြောက်ပိုင်းရပ်ကွက်ရှိ Future Star မူကြိုကျောင်း၌ ဩဂုတ် ၂၀ ရက်က ပြုလုပ်စဉ်။

ဝတ်ရည်(ပြန်/ဆက်)

## သိမ်းဆည်းထားသော စားသုံးရန်မသင့်သည့် စားသောက်ကုန်များကို ကျိုင်းတုံ၌ မီးရှို့ဖျက်ဆီး

**ကျိုင်းတုံ ဩဂုတ် ၂၁**

ကျိုင်းတုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအရ အရေးယူသိမ်းဆည်းထားသော ကုန်ပစ္စည်းများကို ကျိုင်းတုံမြို့ မီးရထားဘူတာရုံဟောင်းဝင်းအတွင်း၌ ဩဂုတ် ၂၀ ရက် ညနေပိုင်းက မီးရှို့ဖျက်ဆီးခဲ့သည်။

မီးရှို့ဖျက်ဆီးသည့် အခမ်းအနားသို့ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်နှင့် ဌာနဆိုင်ရာများ၊ လူမှုကူညီရေး အသင်းဝင်များ၊ ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုကြပြီး ကျိုင်းတုံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုသော ကျောင်းသား ကျောင်းသူများကို စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ပြည်သူများစားသုံးရန် မသင့်သဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ အရေးယူသိမ်းဆည်းထားသော စားသောက်ကုန်ပစ္စည်းများ ဖြစ်သည့် သက်တမ်းလွန်နေသော အစားအသောက်များ၊ အအေးခဲအသားများ၊ မှတ်ပုံတင်တံဆိပ်မရှိသော ကုန်ပစ္စည်းများကို လာရောက်ကြည့်ရှုသူများရှေ့တွင် မီးရှို့ဖျက်ဆီးခဲ့သည်။ အဆိုပါအခမ်းအနားတွင် ဖျက်ဆီးခဲ့သော သိမ်းဆည်းထားသည့် စားသောက်ကုန်ပစ္စည်းများ၏ တန်ဖိုး မှာ ကျပ် ၉၇ သိန်းကျော်ဖြစ်ကြောင်း ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ တာဝန်ရှိသူများထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ လူမျိုးဘာသာမရွေး ကုသပေးသည့် မွတ်စလင်ကုသိုလ်ဖြစ်ဆေးရုံနှင့် ဇီဝိတဒါနအသင်းသို့ အလှူငွေကျပ်သိန်း ၁၀၀ ကို သဃ်န်းကျွန်းမြို့နယ်(ဇ/မြောက်)ရပ်ကွက်နေ ဦးညွန့်မြင့်-ဒေါ်ဝင်းမြင့် မိသားစုက ဩဂုတ် ၁၈ ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံစီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအက်စ်မဒါးက လက်ခံယူစဉ်။

ဇော်ဝင်းဇော်

# တနင်္သာရီမြို့နယ်တွင် အထူးကုဆရာဝန်ကြီးများအဖွဲ့က အခမဲ့ ဆေးဝါးကုသပေး

**တနင်္သာရီ ဩဂုတ် ၂၁**

မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၉ ရက်အထိ တနင်္သာရီမြစ်ရေ သုံးကြိမ်ဆက်တိုက်ရေကြီးရေလျှံမှုကြောင့် ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် မြိတ်မြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဆရာဝန်ကြီး ဒေါက်တာသန္တာမျိုးဝင်း ဦးဆောင်၍ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်မင်းထွန်း ကြီးကြပ်သည့် အထူးကုဆရာဝန်ကြီးများအဖွဲ့က ဩဂုတ် ၁၉ ရက်တွင် ရောဂါအမျိုးမျိုးအတွက် အခမဲ့ဆေးဝါးကုသပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ အထူးကုဆရာဝန်ကြီးများအဖွဲ့တွင် သားဖွားမီးယပ်ရောဂါ၊ မျက်စိ၊ ကလေးရောဂါ၊ သွား၊ အရေပြား၊ အရိုးအကြော၊ နား၊ နှာခေါင်းနှင့် လည်ချောင်း၊ အကြောအဆစ်နှင့် ပြန်လည်ရှင်သန်ရေး၊ ရောဂါရှာဖွေရေး စသည်ဖြင့် ရောဂါအမျိုးအစားအလိုက် ဆရာဝန်ကြီးများပါဝင်ပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်း ပြည်သူ ၁၀၄၆ ဦးအား စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆရာဝန်ကြီးများအဖွဲ့က အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များက လာရောက်အားပေးကြည့်ရှုခဲ့ကြပြီး မျက်မှန်တပ်ဆင်ရမည့် မျက်စိ ဝေဒနာရှင်များကိုလည်း ဝန်ကြီးချုပ်က မျက်မှန်များ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ဆင်ပေါင်ဝဲမြို့နယ်၌ ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၁**

ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ထောက်ပံ့ရန်ပုံငွေနှင့် ပြည်သူများထည့်ဝင်ငွေတို့ဖြင့် ချောင်းကောက်ကျေးရွာ၌ ခင်းကျင်းခဲ့သော ရွာတွင်းကွန်ကရစ်လမ်းလုပ်ငန်းများ ပြီးစီး၍ ဖွင့်ပွဲကို ဩဂုတ် ၁၈ ရက်က ကျင်းပခဲ့သည်။

လမ်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေနှင့်ယခုချောင်းကောက်ကျေးရွာတွင် စီမံကိန်းအရ ကျေးရွာနေပြည်သူများကိုယ်တိုင် လက်တွေ့ပူးပေါင်းပါဝင်၍ ကျေးရွာတွင်းကွန်ကရစ်လမ်းမကြီးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်ပြီး ၂၀၁၈ ခုနှစ်အထိ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး နှင့် ပြည်နယ်များရှိ မြို့နယ် ၂၁၇ မြို့နယ်မှ ကျေးရွာပေါင်း ၁၀၄၄၁ ရွာ၌ ဆောင်ရွက်ခဲ့ကြောင်းနှင့် လက်ရှိကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်မင်းဦးက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၇၄ ဒသမ ၅ သိန်းဖြင့် ချောင်းကောက်ရွာတွင်း ကွန်ကရစ်လမ်းအရှည် ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ ခင်းကျင်းခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ **ဇော်ဇော် (မြို့သစ်)**

# တွန်းဇံမြို့၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်း ကွင်းဆင်းဆောင်ရွက်

**တွန်းဇံ ဩဂုတ် ၂၁**

ချင်းပြည်နယ် တွန်းဇံမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျောင်းသားများ၏ အာဟာရဖွံ့ဖြိုးမှုစစ်ဆေးခြင်းနှင့် ကျန်းမာရေးအခြေအနေစစ်ဆေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ဩဂုတ် ၁၈ ရက်တွင် သွားရောက်ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထန်ရှန်းခိုင်က ကျောင်းသားများတွင် ရှိသင့်ရှိထိုက်သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာသိကောင်းစရာများကို ကျောင်းသားများအား ရှင်းလင်းဟောပြောပြီးနောက် မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် ဝန်ထမ်းများက သင်တန်းကျောင်းရှိ ကျောင်းသားများ၏ တစ်ကိုယ်ရေ သန့်ရှင်းမှုအခြေအနေ၊ ကျန်းမာရေးအခြေအနေ၊ ကျောင်းသားများစားသုံးသည့်အစားအစာများ အာဟာရပြည့်ဝမှု ရှိ၊ မရှိ၊ ကျောင်းသားများ၏ သောက်သုံးရေများ သန့်ရှင်းမှုရှိ၊ မရှိ စစ်ဆေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်ထားသော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(တွန်းဇံ)တွင် တွန်းဇံမြို့နယ်နှင့် ကျီခါးမြို့နယ်တို့အတွင်းမှ ပဉ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသားပေါင်း ၆၀ ကို ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# မြန်မာနှင့် ထိုင်း ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ယခုလကုန်ပိုင်းတွင် ဆွေးနွေးမည်

**ရန်ကုန် ဩဂုတ် ၂၁**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ထိုင်းနိုင်ငံရှိ ရုပ်ရှင်ထုတ်လုပ်သူများ တွေ့ဆုံဆွေးနွေး၍ ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ယခုလကုန်ပိုင်းတွင် ဆွေးနွေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဇာတ်လမ်းဇာတ်ညွှန်းအလွှာ အမှုဆောင် ဦးတင်ထွန်းအောင်က ပြောသည်။

မြန်မာနိုင်ငံမှ ရုပ်ရှင်ထုတ်လုပ်သူများ၊ ထုတ်လုပ်ရေး ကုမ္ပဏီများကို ဖိတ်ခေါ်ပြီး ထိုင်းရုပ်ရှင် ထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ကင်မရာနှင့် စတူဒီယိုများ ငှားရမ်းသုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရုပ်ရှင်နည်းပညာပိုင်းဆိုင်ရာ ကားဆက်ခြင်း၊ အသံသွင်းခြင်း၊ အသံရောခြင်းဆိုင်ရာများ အကြောင်းကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

"ထိုင်းက ရုပ်ရှင်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေက မြန်မာရုပ်ရှင်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေကို ဖိတ်ခေါ်ပြီးတော့ သူတို့ဆီမှာ လာလုပ်ဖို့ လာဆွေးနွေးမှာပါ။ အမှုဆောင်တွေ အားလုံးကိုလည်း ဆွေးနွေးဖို့ ဖိတ်ခေါ်ထားတယ်" ဟု ဦးတင်ထွန်းအောင်က ပြောကြားခဲ့သည်။

မြန်မာနှင့် ထိုင်းရုပ်ရှင်လုပ်ငန်းပိုင်း ပူးပေါင်းရိုက်ကူးမှုများလည်း ပြုလုပ်လျက်ရှိရာ လက်ရှိအချိန်တွင် ဒါရိုက်တာ ဩရသရိုက်ကူးပြီး ဗေလုဝနှင့် ထိုင်းမင်းသမီးတို့ သရုပ်ဆောင်ထားသော နာနာဘာဝချစ်သူ ဇာတ်ကားမှာ ရုံတင်ပြသလျက်ရှိသည်။ ယခင်နှစ်ကလည်း ထိုင်းဒါရိုက်တာများ ရိုက်ကူးသော နေတိုး၊ ဝတ်မှုံရွှေရည်၊ စိုင်းစိုင်းခမ်းလှိုင်တို့ ပါဝင်သရုပ်ဆောင်ထားသော ဘန်ကောက်မှ မန္တလေး ဇာတ်ကားကို ရုံတင်ပြသခဲ့ကြောင်း သိရသည်။

ဩဂုတ် ၃၀ ရက်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ပူးမင်းရန်ကုန် စင်တာပွိုင့်၌ နံနက် ၉ နာရီ မှ ညနေ ၄ နာရီအထိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာ့ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီများနှင့် ထုတ်လုပ်သူများ၊ ထိုင်းနိုင်ငံမှ ရုပ်ရှင်ထုတ်လုပ်သူများ တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**







# ဩဂုတ်လထုတ် သုတပဒေသာစာစောင် ကဏ္ဍစုံလင်ဆန်းသစ်ဝေဆာစွာဖြင့် ထွက်ပြီ




အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာ စာစောင် (ဩဂုတ်လ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

ဩဂုတ်လထုတ် သုတပဒေသာ စာစောင်တွင် ဆရာဒေါက်တာ ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)၊ ဦးဟန်ညွန့် (ဥပဒေ)၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ သန်းစော (စီပီအေ)၊ K. M. A တို့၏ 'အဂတိလိုက်စားမှု ကင်းရှင်းရေး' မျက်နှာဖုံး ဆောင်းပါးများ၊ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ နိုင်ငံ တကာရေးရာဆောင်းပါးများ၊ စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာဆောင်းပါးများ၊ သဘာဝပတ်ဝန်းကျင်ရှုထောင့်နှင့် မူးယစ်ဆိုင်ရာ ဆောင်းပါးများ၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာဆောင်းပါးများနှင့် ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ဝေဝေဆာဆာဖြင့် တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂လမ်းကြား မန္တလေး ဖုန်း-၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်သည်။

လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင်အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာ ယူနိုင်ကြောင်း သိရသည်။

# ကျွန်တော်လေယာဉ်ပျံမောင်းခွင့်ရပြီနှင့် အမှတ်တရ ရသစာစုများစာအုပ် ထွက်ရှိ




လေယာဉ်မှူးကြီးသိန်းဇော်၏ ကျွန်တော်လေယာဉ်ပျံမောင်းခွင့်ရပြီနှင့် အမှတ်တရ ရသစာစုများစာအုပ် ထွက်ရှိလာသည်။ ထိုစာအုပ်တွင် သဘောကောင်း မနော ကောင်း တောကျောင်းက ကျွန်တော်၊ နေတတ်ထိုင်တတ် ပြောတတ်ဆိုတတ်လျှင်၊ သံသရာခရီးသည်၊ ကာလဒေသ အမြင်အသိ၊ ဆုံခဲ့ဖူးသည့် စားတော်ကဲကြီးတစ်ယောက်အကြောင်း၊ ကမ်းခြေမှာ အပန်းဖြေရာဝယ်၊ ဆိုးရွားသောရာသီဥတုကိုရှောင်ရှားခြင်းနှင့် ကန့်သတ်ချက်စသည်ဖြင့် အမှတ်တရ စာစု ၂၇ ပုဒ် ပါရှိသည်။ စာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေပြီး တန်ဖိုး ကျပ် ၂၂၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရသည်။

# အသုံးအများဆုံးစကားပြောပုံစံများ စာအုပ်ထွက်ရှိ




ဆရာကြီးဦးသန်းဖေ (ညော့်လမ်းညွှန်)၏ အသုံးအများဆုံး စကားပြောပုံစံများ စာအုပ် ထွက်ရှိလာသည်။ အဆိုပါ စာအုပ်တွင် အာလာပသလ္လာပ နှုတ်ဆက်စကားပြောပုံမှအစ လူမှုဆက်ဆံရေးနယ်စုံမှ စကားပြောပုံစံအကြောင်းအရာ ၅၈ မျိုး ပါဝင်ပြီး စကားပြောသာမက အင်္ဂလိပ်စာနှင့် လုပ်ငန်းသဘာဝ ဗဟုသုတများကိုပါ ရရှိစေမည်ဖြစ်သည်။ ယင်းစာအုပ်မှာ နိုင်ငံခြားသွားမည့်သူများ၊ ညော့်လမ်းညွှန်ဖြစ်လိုသူများနှင့် အင်္ဂလိပ်စကားပြောကို တကယ်တမ်း တတ်ကျွမ်းလိုသူများ အတွက် ရည်ရွယ်ထားသည်။ စာအုပ်ကို အောင်ပိုင်မင်းစာပေ အမှတ် (၂၂၂) စက်ရုံလမ်း ဒေါပုံမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉၂၆၀၅၄၉၀၈၅ မှ ဖြန့်ချိထားသည်။

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း ဗိုလ်တထောင်မှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ်လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto' Manual)ယာဉ်နှစ်မျိုးလုံး သင်ကြားပေးမည်။

**စက်တင်ဘာလပုံမှန်သင်တန်း** - ၄-၉-၂၀၁၈ရက်ဖွင့်မည်။
**စက်တင်ဘာလအထူးသင်တန်း** - ၈-၉-၂၀၁၈ရက်ဖွင့်မည်။
**ဆက်သွယ်ရန်ဖုန်း** - ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၀၉-၇၆၅၀၇၃၉၇၀၊ ၀၉-၇၉၅၈၇၄၉၆၆၊ ၀၉-၇၉၅၆၃၀၉၇၀၊ ၀၉-၂၅၄၄၁၂၄၅၀
Ocean Super Market (ပုဇွန်တောင်)နှင့် မျက်နှာချင်းဆိုင် မဟာဗန္ဓုလတံတား (ဗိုလ်တထောင်ဘက်ခြမ်း)အနီး
**(လူဦးရေကန့်သတ်ထားသည်)**

## ဖခင်အမည်မှန်

နမ္မတီးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ကြည်မင်းညို၏ ဖခင်အမည်မှန်မှာ ဦးကျော်ယဉ် ၁/မညန(နိုင်)၁၀၂၆၇၅ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေကျင်မြို့၊ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း(A)မှ မရွှေသဇင်၏ ဖခင် ဦးရဲတင့်(ခ)ဦးဖိုးတုတ် ၉/ငသရ(နိုင်)၀၀၁၇၄၉သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးရဲတင့်(ခ)ဦးဖိုးတုတ်**

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်နေ (ဘ)ဦးစန်းမောင်၏သမီး မခင်စန်းလှအား မနှင်းနှင်းထွေးဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက(၃)၊ ဆဋ္ဌမတန်း(A)မှ နန်းထွေးလင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအောင်ကျန် ၁၃/ကမန(နိုင်)၁၁၅၉၉၅ ဖြစ်ပါကြောင်း။

**ဦးစိုင်းအောင်ကျန်**

## ဖခင်အမည်မှန်

တနိုင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(A)မှ မောင်နော်ဆိုင်း၏ ဖခင်အမည်မှန်မှာ ဦးယုမ်းဇဟာဒူး ဖြစ်ပါသည်။

## အမည်မှန်နှင့် မွေးသက္ကရာဇ်မှန်

ကျောက်မဲမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၁၂)နေ ဦးဆမ်ဆင်း-ဒေါ်အိအိအောင် တို့၏သမီးအမည်မှန်မှာ မအက်စတာဆင်း ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၉-၁၂-၁၉၉၇ ဖြစ်ပါကြောင်း။ **မအက်စတာဆင်း**

## ဖခင်အမည်မှန်

တနိုင်းမြို့၊အထက(၁)တက္ကသိုလ်ဝင်တန်း(E)မှ မဇင်မာကျော်၏ ဖခင်အမည်မှန်မှာ ဦးမြတ်ကျော်ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းလုံမြို့၊ အထက(မိုင်းလုံ)၊ တက္ကသိုလ်ဝင်တန်းမှ မဥမ္မာကျော်နှင့် နန်းဥမ္မာကျော်ကျော်သည် တစ်ဦးတည်းဖြစ်ပြီး၊ မိခင်ဒေါ်ငွေကြည်နှင့် ဒေါ်နန်းငွေကြည်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**နန်းဥမ္မာကျော်ကျော်**

## မွေးသက္ကရာဇ်အမှန်

တနိုင်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(F)မှ မောင်အောင်တူး ၁/တနန(နိုင်)၀၂၄၇၄၉၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၇-၂၀၀၂ဖြစ်ပါသည်။

## ဖခင်အမည်ပြောင်း

လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(စ)မှ နန်းဆိုင်လင်း၏ဖခင် ဦးဝင်းဖေအား ဦးအောင်မင်း ၁၃/ကခန(နိုင်)၀၄၂၀၅၆ ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်အယ်လီနာ ၁/မကန(နိုင်)၂၀၁၂၁၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၀၈၈၅၄၇**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(ဃ)မှ မဖူးဖူး၏ ဖခင်အမည်မှန်မှာ ဦးလှိုင်ထွန်းဝင်းအား ဦးကျော်တင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ အထက (ဆားမော်) တက္ကသိုလ်ဝင်တန်း(B)မှ မခေါန်ရာ၏ ဖခင်အမည်မှန်မှာ ဦးလွမ်တူး ၁/မကတ(နိုင်)၀၈၈၆၉၇ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မန္တလေးမြို့၊ KMC ကိုယ်ပိုင်အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မဇေနော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်မူရင်းအရ ဦးဒေါင်ဇယ် ၁၃/သနန(နိုင်)၀၂၁၁၅၈ ဖြစ်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ခရမ်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၃**

ဦးခင်စိန် **နှင့်**
၁။ ဒေါ်လှကျင်
၂။ ဦးကုလား
၃။ ဦးသောင်းတန်
၄။ ဒေါ်ထွေးတင်
၅။ ဦးမြင့်အောင်
၆။ ဒေါ်သေးသေး
၇။ ဦးပိုက်ထွေး
၈။ ဒေါ်သန်းချို
၉။ ဒေါ်သီတာဦး
၁၀။ ဒေါ်ခင်
၁၁။ ဒေါ်သင်းသင်းမော်
၁၂။ ကိုသန်းဇော်ထွန်း
၁၃။ မစန်းစန်းမော်
၁၄။ မနီလာထွေး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ စွယ်တော်ကွင်း ကျေးရွာနေ (၅)တရားပြိုင် ဦးမြင့်အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်စိန်က အမွေပုံစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၆ ရက် (၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် သြဂုတ် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မိုးဝင်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ခရမ်းမြို့နယ်တရားရုံး**

## တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး စီမံအုပ်ချုပ်တော်မူသော ထေရဝါဒဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက်(မြောက်ဒဂုံ) ထေရဝါဒဓမ္မဘောဇနဆွမ်းစားကျောင်းတော်ကြီး ရေစက်သွန်းချ ကျောင်းလွှတ်ပူဇာမင်္ဂလာ

## ဖိတ်ကြားလွှာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၄၂-ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ ထေရဝါဒ ဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက်၌ တိပိဋကယောဆရာတော်ကြီးမှ မတည်၍ စုပေါင်းကုသိုလ်ရှင်များ ကောင်းမှုဖြင့် တည်ဆောက်ပြီးသော ထေရဝါဒဓမ္မဘောဇနဆွမ်းစားကျောင်းတော်ကြီး ရေစက်ချကျောင်းလွှတ်ပူဇာမင်္ဂလာအခမ်းအနားကို ၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်နေ့ ၂၆-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် ကျင်းပမည်ဖြစ်ရာ တိပိဋကယောဆရာတော်ကြီး ဟောကြားချီးမြှင့်တော်မူမည့် အနုမောဒနာတရားတော်ကို အတူတကွ နာယူ၍ ကုသိုလ်အမျှယူနိုင်ရန်အတွက် ကျောင်းအလှူရှင်များအားလုံးနှင့် ကျောင်းတိုက်၏ ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများအားလုံး(ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) ကြွရောက်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဝေယျာဝစ္စအဖွဲ့**

## ဝိဇာတမွေးနေ့မင်္ဂလာ ဖိတ်ကြားလွှာ
## ပြည်တွင်းပြည်ပ သာသနာပြုမဟာဗေယျာသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်

ဘဒ္ဒန္တကုလရက္ခိတ၏(၇၁)နှစ်ပြည့် ဝိဇာတမွေးနေ့ ပူဇော်ပွဲမင်္ဂလာအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တပည့်ဒါယကာ ဒါယိကာမတို့ ကြွရောက်ကြည်ညိုပူဇော်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဝိဇာတပူဇာဖြစ်မြောက်ရေးကော်မတီ၊ ရန်ကုန်**

**အလှူမင်္ဂလာနေ့ရက်** - (၁၃၈၀ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၇ရက်) ၂-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့)
**အလှူတော်မင်္ဂလာအချိန်** - နံနက် ၉နာရီမှ ၁၂နာရီအထိ
**အလှူတော်မင်္ဂလာနေရာ** - မဟာကျိန်သစ္စာရှင်ဘုရားကြီး၊ သုနန္ဒာလမ်း၊ (ဠ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်

ဆရာတော်ကြီးမွေးနေ့ အထိမ်းအမှတ်အဖြစ် လှူဒါန်းပူဇော်လိုသော ဒါယကာဒါယိကာမများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ မွေးနေ့ပဒေသာပင်တစ်ပင်လျှင် ၇၂၀၀၀/-နှုန်းဖြင့်လည်းကောင်း၊ ဆရာတော်သံဃာတော်များနှင့် ဧည့်ပရိသတ်များအတွက် သက်သတ်လွတ်ဆွမ်းအာဟာရနှင့် လှူဖွယ်ဝတ္ထုများအစရှိသည်တို့ကို လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**ဦးတက်ဖြိုး** ဖုန်း - ၀၉-၄၂၀၁၂၃၄၅၆၊
**ဦးကျော်ညွန့်** ဖုန်း - ၀၉-၅၁၂၅၄၄၀၊
**ဦးစောရွှေသိန်း** ဖုန်း - ၀၉-၇၉၂၄၄၄၀၄၆၊
**ရုံး** ဖုန်း - ၀၉-၂၅၄၂၅၅၇၇၃

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော် အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀ × ၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူ ဒါနပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

၁။ ပြတင်းတံခါးတစ်ပေါက် ၁ သိန်း
၂။ ၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား ၁ သိန်း
၃။ အခန်းတံခါး ၂ သိန်း
၄။ ရေချိုးခန်း ၃ သိန်း
၅။ ကုဋီတစ်ခန်း ၅ သိန်း
၆။ သံကူကွန်ကရစ်လှေကားတစ်စုံ ၉ သိန်း
၇။ သံဃာနှစ်ပါးနေတစ်ခန်း ၁၀ သိန်း
၈။ ရေတိုင်ကီတစ်လုံး ၁၂ သိန်း
၉။ သံဃာလေးပါးနေတစ်ခန်း ၂၀ သိန်း
၁၀။ ဓာတ်လှေခါး ၂၅၀ သိန်း
၁၁။ ဘုရားခန်း ၅၀ သိန်း
၁၂။ စာသင်ခန်းမဆောင် ၁၀၀ သိန်း
၁၃။ ဆွမ်းစားမဆောင် ၃၅၀ သိန်း
၁၄။ ကျောင်းဆောင်တစ်ထပ် ၁၀၀၀ သိန်း
၁၅။ ကွန်ကရစ်တိုင်တစ်လုံး ၃ သိန်း
၁၆။ စာချဆရာတော်များနေတစ်ခန်း ၂၅ သိန်း
၁၇။ စာကြည့်တိုက် (စာကြည့်ခန်း) ၁၀၀ သိန်း
၁၈။ သံဃာတစ်ပါးနေရန်တစ်နေရာ ၅ သိန်း
၁၉။ အလူမီနီယံတံခါးများတစ်ထပ်လျှင် ၂၂ သိန်း

အလှူရှင်များ ကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း - ၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုရုံစည်လမ်းမတော်
(Account No.061-301-06100921001)
ရိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9) ဘဏ်စာရင်းသို့နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(၁/ကျောင်းရှေ့)၊ ဦးပိုင်အမှတ်(၁၃၆)၊ မြေရာအမှတ်(246/468)၊ မြေဧရိယာ ၀ ဒသမ၀၆၀ဧကရှိ မြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ်(၁၄၀/၂၀၀၁-၂၀၀၂)အရ ဒေါ်မာမာအေး အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါ အမည်ပေါက်ဂရန်အား မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်မာမာအေး ၉/မမန(နိုင်)၀၃၅၁၇၇ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## ကြော်ငြာခြင်း

၁။ မူဆယ်မြို့နယ်၊ မိုင်းယု(၁၀၅)မိုင်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၁၅)၊ ဦးပိုင်အမှတ်(၁၁၃)၊ မြေဧရိယာ ၀ဒသမ၀၉၆ဧကရှိ မြေနေရာအား ဒေါ်ခင်အေးရီ ၁၃/နခန(နိုင်)၀၃၈၀၂၇မှ မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့် လျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ ဒေါ်ခင်အေးရီမှ လျှောက်ထားလာမှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များမှ ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစတင်၍ ၁၅ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက တင်ပြမြေနေရာအား ဒေါ်ခင်အေးရီအမည်ဖြင့် မြေငှားဂရန် လျှောက်ထားရန်အတွက် မြေစာရင်း ပုံစံ(၁၀၅)ရေးကူးခွင့်ပြုသွားမည် ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မူဆယ်မြို့**
ဖုန်း - ၀၈၂-၅၀၅၀၃၊ ၀၈၂-၅၀၆၉၀

## ကယားပြည်နယ်(အရဟံ)ဓမ္မာရုံ ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း

## ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီဝင်းအတွင်းရှိ ကယားပြည်နယ် (အရဟံ)ဓမ္မာရုံကြီးတွင် ဆဋ္ဌမအကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ပါ၍ ကယားပြည်နယ်သူပြည်နယ်သားများ၊ ကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ကျောင်းသားကျောင်းသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်။** ။ (၁၃၈၀ပြည့်နှစ် ဝါခေါင်လပြည့်နေ့) ၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့)
**အချိန်။** ။ ၀၉း၀၀ နာရီ၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် တရားတော်နာယူခြင်း။
၁၀း၃၀နာရီ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဧည့်ခံကျွေးမွေးခြင်း

သင်္ကန်းတစ်စုံလျှင်-၅၀၀၀ိ/-နှုန်းဖြင့် ကိုယ်တိုင်လှူဒါန်းနိုင်ရန် စီစဉ်ထားပါသည်။

**ဂေါပကအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၅၈၇၅၃ ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလွင် ၉/နထက(နိုင်)၀၁၅၅၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/2818 , Toyota Landcruiser S/W ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၂/ပဘတ(နိုင်)၀၁၂၅၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## မွေးသက္ကရာဇ်နှင့်အမည်မှန်

ပဲခူးမြို့နယ်၊ ထုံးကြီးစံပြကျေးရွာ၊ အထက တတိယတန်းမှ ဦးထွန်းလွင်ဦး၏ သားဖြစ်သူ မောင်စိုင်းဇော်၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၇-၂၀၁၀ဖြစ်ပြီး စိုင်းဇော်(ခ)ဉာဏ်ထက်အောင်၏ ကျောင်းအမည်မှာ စိုင်းဇော် ဖြစ်ပါကြောင်း။

**မောင်စိုင်းဇော်**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(ခွဲ)အလက(၅) စတုတ္ထတန်း(ဂ)မှ က/၀၆၇၄၂ မခင်နှင်းဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းမောင် ၁၃/ကခန(နိုင်)၀၆၃၄၈၅ ဖြစ်ပါသည်။

**ဦးမျိုးမင်းမောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/1166, Toyota Crown JZS 155, S/L(4x2)®ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွေးနိုင် ၁၂/ရကန(နိုင်)၀၀၀၆၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၈၆၇၂၇ HONDA Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းနှနိုင် ၉/အမဇ(နိုင်)၀၃၃၉၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၅၇၈၁၅ Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တုံကြည် ၁၃/တယန(နိုင်)၀၂၀၁၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၇၂၂)၊ မြေကွက်တည်နေရာအမှတ်(၇၂၂)၊ နီလာလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဦးတင်ရွှေ၊ CG-၀၀၅၄၉၇)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ရွှေ(ဖခင်)နှင့် ဒေါ်တင်အေး(မိခင်)ဖြစ်သူတို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးအောင်နိုင်မိုး ၁၂/တမန(နိုင်)၀၃၅၈၄၅နှင့် ဒေါ်ချိုချိုမြင့် ၁၂/တမန(နိုင်)၀၃၅၂၅၅တို့မှ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျန်ရစ်သူ သားသမီးများဖြစ်သည့် ကျွန်တော်/ကျွန်မတို့သာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိဘများဖြစ်သော ဦးတင်ရွှေနှင့် ဒေါ်တင်အေးတို့တွင် သားသမီးဟူ၍ မိမိတို့သာရှိပြီး အခြားသားသမီးများ၊ ကိတ္တိမသားသမီးများမရှိကြောင်း ကျမ်းကျိန်လွှာ၊ ဦးကြည်မြင့် ၁၂/တမန(နိုင်)၀၃၀၈၇၈နှင့် ဦးဌေးအောင် ၁၂/ဥကတ(နိုင်)၀၃၄၅၆၉တို့မှ အမည်ပေါက် ဦးတင်ရွှေ(ဖခင်)ဒေါ်တင်အေး(မိခင်)တို့မှ ကွယ်လွန်ကြပြီးဖြစ်၍ သားသမီးများအဖြစ် ဒေါ်ချိုချိုမြင့်နှင့် ဦးအောင်နိုင်မိုးတို့ နှစ်ဦးသာကျန်ရှိခဲ့သည်မှာ မှန်ကန်ကြောင်း၊ ၎င်းတို့နှစ်ဦးမှလွဲ၍ အခြားသားသမီးများ၊ ကိတ္တိမသားသမီးများမရှိပါကြောင်း ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ သန်းခေါင်စာရင်းနှင့်ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်အုတ်ကာ၊ သွပ်မိုးအဆောက်အအုံတစ်လုံးရှိ၍ ဦးအောင်နိုင်မိုး မိသားစုနေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဦးအောင်နိုင်မိုးနှင့်ဒေါ်ချိုချိုမြင့်တို့မှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မုံရွာမြို့၊ မြဝတီရပ်၊ သစ္စာလမ်းနေ ဒေါ်မြအေး ၅/မရန(နိုင်)၀၆၀၆၂၃၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မုံရွာမြို့၊ အေးသာယာရပ်ကွက်၊ နယ်မြေ(၃)၊ အုန္နပင်လမ်းတွင်တည်ရှိသော အရှေ့အနောက်အလျားပေ(၈၀)၊ တောင်မြောက်အနံပေ (၅၀)အကျယ်ဝန်းရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ အလားအလာမှာ အရှေ့လားသော်-အုန္နပင်လမ်း၊ အနောက်လားသော်ဦးသက်ပြင်း၊ တောင်လားသော်-ဒေါ်သိန်းမြ၊ မြောက်လားသော်-ဦးတင်စိန် ၄င်းနယ်လေးရပ်အတွင်းရှိ ဝင်းမြေမှာ ဦးကောင်းရှန် ၅/မရန(နိုင်)၀၅၈၂၅၂ အမည်ပေါက် နှစ်၃၀ဂရန် မြေကွက်ဖြစ်ပါသည်။

ယင်းမြေကွက်ကို တစ်ဆင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းနှင့် ပိုင်ရေးပိုင်ခွင့်အရ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပါက ကန့်ကွက်တားမြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းထွန်းအောင်**
**B.A, H.G.P, Dip Account**
**အထက်တန်းရှေ့နေ (စဉ်-၁၉၈၇၁)**
**အမှတ်(၁၄၅)၊ (၄)လမ်း၊**
**ရန်ကင်းအောင်ဇေယျာရပ်၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၆၀၁၆၊ ၀၉-၄၃၁၅၄၂၈၁**

**ဗိုလ်မှူးကြီးခင်မောင်အေး(ငြိမ်း)**
**သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်း**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**စာရေးဆရာ-ခင်မောင်အေး(မန္တလေး)**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ တိုက် ၉/၄၊ အခန်း ၀၄၊ ရန်ငြိမ်းအိမ်ရာနေ(ဦးဘိုးညွင်း-ဒေါ်ဖွားစု)တို့၏သား၊(ဒေါ်တင်တင်ဦး)၏ခင်ပွန်း၊ ဒေါ်သီတာခင်-ဦးမင်းဝေ၊ (ဒေါ်နီလာခင်-ဦးထွန်းသန့်ဇင်)၊ ဦးလူမော်အေး-ဒေါ်ခင်စန္ဒာအောင်၊ ဒေါ်ချိုမာလွင်-ဦးတင်ထွဋ်အေး၊ ဒေါ်မြတ်သူဇာ၊ ဦးအောင်မော်အေးတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၁၀နာရီတွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူသားသမီးများ

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးကြီးခင်မောင်အေး(ငြိမ်း)**
**သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်း**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**စာရေးဆရာ-ခင်မောင်အေး(မန္တလေး)**
**အသက်(၈၈)နှစ်**

ဗိုလ်မှူးကြီးခင်မောင်အေး(ငြိမ်း) သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)သည် ၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့)မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်တင်တင်အေး အသက်(၈၄)နှစ်**

ပဲခူးမြို့နေ စက်သူဌေး(ဦးထွန်းလှ-ဒေါ်ညှာ)တို့၏မြေး၊ ရန်ကုန်မြို့၊ ရွှေဂုံတိုင်ရပ်နေ (ဦးဘမောင်-ဒေါ်ခင်ညွန့်)တို့၏သမီး၊ တောင်သာမြို့နေ (ဦးမောင်ငြိမ်း-ဒေါ်တင်ဂျမ်း)တို့၏သမီးချွေးမ၊ [ဦးစိုးမြင့် (ရဲမှူးချုပ်၊ ငြိမ်း)]၏ဇနီး၊ (ဦးအောင်သာ)၊ ဗိုလ်ကြီးမြင့်ဆွေ(ငြိမ်း)-ဒေါ်သန်းမြတို့၏ညီမ၊ ဦးအေးကို (တက္ကသိုလ်အောင်ကို-ဒေါ်ကျင်ဝါ)၊ (ဦးသောင်းထွန်း)၊ ဦးမြင့်သိန်း-(ဒေါ်သန်းရီ)တို့၏အစ်မ၊ ဦးဇော်ဝင်း(ညွှန်ကြားရေးမှူး၊ ငြိမ်း)-ဒေါ်အေးအေးစိုး၊ (ဦးကျော်စိုး)-ဒေါ်အေးအေးဝင်း၊ ဦးအောင်စိုး-ဒေါ်မော်မော်၊ ဦးလှစိုး(ခ)ဒုတကစိုးထက်(မြစ်ကြီးနား)၊ ဦးထွန်းနိုင်(လဝက၊ ရယကဉက္ကဋ္ဌ၊ ငြိမ်း)-ဒေါ်သင်းသင်းစိုးတို့၏မိခင်၊ ဒေါ်အိအိဇော်ဝင်း(စာပန်းအိမ်)၊ ဒေါက်တာသန့်ဇော်ဝင်း(ဆေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန)-ဒေါက်တာခိုင်မွန်ဇာဦး(ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ ဦးထေရသဖ(ပြင်ဦးလွင်)၊ ဒေါ်ငုဝါကျော်စိုး၊ ဒေါ်စုမွန်ကျော်စိုး၊ တကကထူးအောင်ကို(တပ်မတော်-လေ၊ မင်္ဂလာဒုံ)၊ ဦးဇင်အောင်ထူး၊ မောင်ငွေစိုးထွန်း(အကျဉ်းဦးစီးဌာန)၊ မောင်ဇော်ကိုကိုနိုင်တို့၏အဘွားသည် ၂၀-၈-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ(၂)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် ၃၅၅/က နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးရွှေသာ (စစ်တွေ)**
**စိန်ဒေါင်းဆေးပေါ့လိပ်**
**အသက်(၈၁)နှစ်**

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးစိန်ထွန်းအောင်-ဒေါ်မအေးစိန်)တို့၏သား၊ မြောက်ဦးမြို့၊ မြက်ရိတ်ကျွန်းကျေးရွာနေ ဦးဘသာ-(ဒေါ်ခိုင်ထွီး)တို့၏သားသမက်၊ သီဟသုဓမ္မသီရိ ဒေါ်မနု၏ခင်ပွန်း၊ ဒေါ်သီရိဦး-ဦးအေးထွန်းကျော်၊ ဦးအောင်ကျော်ညွန့်-ဒေါ်စန္ဒာရွှေ၊ ဒေါ်နီလာ-ဦးမင်းမော်ထွန်း၊ (ဦးကျော်လင်းဌေး)-ဒေါ်ခိုင်စစ်ဝေတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၂နာရီတွင် တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ နေမျိုးသူရလမ်း၊ အမှတ် ၁၂၂၅ (ပထမထပ်) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

**ဦးသန်းစိုး(ခ)အဖေကြီးဦးသုန် (သထုံ)**
**(နာယက၊ သဘာဝဓမ္မဂယာ၊ လှည်းကူး)**
**အသက်(၆၈)နှစ်**

မွန်ပြည်နယ်၊ သထုံမြို့နေ (ဦးထွန်းလင်း)-ဒေါ်လှရီတို့၏သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးစိုး-ဒေါ်ခင်ဆွေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း ဌေးကြွယ်(က)ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၄၇၊ ပထမထပ်(ခြေရင်းခန်း)နေ ဒေါ်ဝါဝါစိုး၏ခင်ပွန်း၊ ကိုမင်းသက်စံ-မအေးမြသီတာအောင်(ခေတ္တ-စင်ကာပူ)၊ ကိုအောင်အောင်ဖြိုး-မဇာနည်မြတ်မြတ်မိုး(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မောင်လင်းသူရစံ၏အဘိုးသည် ၂၀-၈-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၁း၁၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဗိုလ်ကြီးအေးကို(ငြိမ်း) အသက်(၆၃)နှစ်**
**DSA 20th Intake**
**(လ/ထ ဌာနမှူး၊ လမ်းနှင့်တံတား၊ ရန်ကုန်မြို့တော်စည်ပင်၊ ငြိမ်း)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် ၁၀၃နေ (ဗိုလ်မှူးအောင်ညွှန့်၊ ငြိမ်း)-ဒေါ်နီတို့၏သား၊ မူဆယ်မြို့နေ (ဦးစိုင်းယောရှု)-ဒေါ်နန်းခမ်းတို့၏သားသမက်၊ ဦးမျိုးညွှန့်၊ ဒုရဲအုပ(ငြိမ်း)-ဒေါ်သန်းသန်းဝင်း၊ ဒေါ်ဝင်းကြည်(မြန်မာ့မီးရထားအင်ဂျင်နီယာမှူး၊ လျှပ်စစ်၊ ငြိမ်း)၊ ဒေါ်မြင့်ကြည်(အလုပ်ရုံခွဲမှူး၊ ငြိမ်း၊ စက်မှုစားကုန်၊ ဂျုံလုပ်ငန်း)-(ဦးမျိုးအောင်)၊ ဗိုလ်မှူးဒေါ်မြင့်ရီ(ငြိမ်း)တို့၏ညီ/မောင်၊ ဦးအောင်မြင့်စိုး-ဒေါ်ညွှန့်နီ၊ ဦးဝင်းမောင်(AMTT Co.,Ltd)-ဒေါ်နွယ်နီ(အလက-၄၊ မင်္ဂလာဒုံ)တို့၏အစ်ကို၊ တူ ၁၁ယောက်၊ တူမ ခုနစ်ယောက်တို့၏ ဦးလေး၊ ဦးကောင်းဇော်(ဇေကမ္ဘာ Co.,Ltd)၊ ဦးကျော်စံ-ဒေါ်အိသီရိနိုင်၊ ဗိုလ်ခင်စန္ဒာ(ရေတပ်သင်္ဘောကျောင်းဌာနချုပ်)တို့၏ဖခင်၊ မဖူးပွင့်ဟေမာန်၏အဘိုး၊ ဒေါ်နန်းချစ်နှင်း၏ချစ်လှစွာသောခင်ပွန်းသည် ၂၀-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁း၃၈နာရီတွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါမြောက်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ရင်ကြည် (မော်လမြိုင်မြို့)**
**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ် ၈၊ နီကောရိပ်သာ၊ (၇)မိုင်နေ (ဦးအာသာကောင်း)၏ဇနီး၊ ဒေါက်တာသိန်းမြင့်-ဒေါက်တာအေးအေးသူ၊ ဦးမောင်မောင်ကောင်း(Allen)၊ ဒေါ်ဝင်းဝင်းသူတို့၏မိခင်၊ Ryan Myinl, Valerie Amara, Trina Nilar တို့၏အဘွားသည် ၂၀-၈-၂၀၁၈ရက် နံနက် ၉း၄၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဆရာမကြီးဒေါ်စောရှင် အသက်(၉၃)နှစ်**
**(အထက-၂၊ ပျဉ်းမနားမြို့)(မြို့မအထက်တန်းကျောင်း၊ နွားထိုးကြီးမြို့)**
**အမှတ် ၆/၁၅၊ ဗိုလ်လက်ျာလမ်း၊ ပျဉ်းမနားမြို့**

ပြင်ဦးလွင်မြို့၊ အောင်ရတနာပျိုးဥယျာဉ်နေ ဦးအောင်သင်း(စက်ရုံမှူး၊ ငြိမ်း)-ဒေါ်တင်နွယ်ဦး(စက်ရုံမှူး၊ ငြိမ်း)၊ ဒေါ်နုနုကြည်(ဦးစီးအရာရှိ၊ ငြိမ်း၊ သမဝါယမဦးစီးဌာန)တို့၏မိခင်၊ ဦးအောင်သူရဦး-ဒေါက်တာခင်ထွေးမော်(အောင်ရတနာမွေးမြူရေးလုပ်ငန်းနှင့်ဆေးဆိုင်)၊ဗိုလ်မှူးအောင်သီဟ-ဒေါက်တာတင်တင်ဝင်း(ပြည်သူ့ဆေးရုံ၊ ရေဦးမြို့)၊ ဒေါ်အောင်သန္တာဦး(ဒု-စက်ရုံမှူး၊ ဘီပိုးကာကွယ်ဆေးစက်ရုံ)၊ ဒုဗိုလ်မှူးကြီးအောင်ဝဏ္ဏ-ဒေါက်တာဝင့်ဝင့်ကြည်(ပြည်သူ့ဆေးရုံ၊ ပြင်ဦးလွင်)၊ ကိုအောင်နန္ဒဦး(Top One-ဘီလီယက်နှင့်စနူကာအားကစားရုံ)တို့၏မေမေကြီး၊ မောင်အောင်ခန့်ဇေယျာဦး၊ မသီရိရတနာအောင်၊ မောင်မြတ်ဟိန်းထက်အောင်၊ မောင်မြင့်ဟိန်းထက်အောင်၊ မအမရာပိုးဝတီတို့၏ဘွားဘွားကြီးသည် ၂၀-၈-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ပြင်ဦးလွင်စမိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြည်ကြည် (စစ်ကိုင်း)**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီ၊ မြစံပယ်လမ်း၊ အမှတ် ၃၅နေ (ဦးလှမောင်-ဒေါ်ဖွားတင်)တို့၏သမီး၊ (ဦးထွန်းရွှေ-ဒေါ်မြကြည်)တို့၏ချွေးမ၊ (ဦးမောင်မောင်မြင့်)၏ဇနီး၊ (ဦးခင်မောင်ဆွေ)-ဒေါ်တာ၊ ဦးခင်မောင်ညွန့်-ဒေါ်ဝင်းဝင်းမြင့်၊ ဦးမြင့်စိုး-ဒေါ်ဖြူဖြူမြင့်၊ ဒေါ်အေးအေးမြင့်၊ ဦးခင်မောင်ဦး-ဒေါ်မွေးမွေးမြင့်တို့၏ချစ်လှစွာသောမိခင်၊မြေး ၁၇ယောက်၊မြစ် ၁၂ယောက်တို့၏အဘွားသည် ၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၈ရက်(စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်ယု(ခ)ဒေါ်နီနီ**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့နေ(ဦးဖိုးချစ်-ဒေါ်စိမ်းရင်)တို့၏သမီး၊ [ဦးအုန်းခင်(တိုင်းဥပဒေအရာရှိ၊ ငြိမ်း)]၏ဇနီး၊ ဒေါ်ခင်မမ(ကထိက၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးကျော်ကျော်အောင်-ဒေါ်ခင်ဆွေလတ်၊ (ဦးအောင်ကျော်မိုး)-ဒေါ်အေးအေးမော်၊ ဦးသန်းထိုက်စိုး-ဒေါ်ခင်နီဝင်း၊ ဦးခွန်စိုးမိုး-ဒေါ်စိုးယုလှိုင်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၁-၈-၂၀၁၈ရက်တွင် ရွှေဘိုလမ်း၊ အမှတ် ၉(သုံးလွှာ)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ထားထားဝေ (သန်လျင်)**
**အသက်(၆၄)နှစ်**

သန်လျင်မြို့၊ မြို့သစ်အလယ်ရပ်ကွက်၊ မြို့သစ်လမ်း၊ အမှတ် ၇နေ (ဦးကိုကိုကြီး-ဒေါ်သန်းအေး)တို့၏သမီး၊ (ဦးမြရွှေ-ဒေါ်သန်းသန်း)တို့၏သမီးချွေးမ၊ ဦးဇော်မင်း(တပ်မတော်-လေ၊ ငြိမ်း)၏ဇနီး၊ (ကိုကျော်လွင်မင်းယု)၊ ကိုဇော်နိုင်မင်း(ALSOK Myanmar Security-Services Co,Ltd)-မယုယုအောင်(အလင်းသစ်ကွန်ပျူတာ၊ မိတ္ထီလာ)၊ မရွှေလမင်းဦး [နဝမတန်း(A) ထ-၂၊ သန်လျင်]တို့၏မိခင်၊ ဦးသန်းမြင့်-(ဒေါ်လှလှမေ)၊ (ဦးခင်လှ)-ဒေါ်သန်းနု၊ ဦးဝင်းခိုင်-ဒေါ်သီတာမော်၊ ဦးမင်းသိန်း-ဒေါ်ခင်အေးဝင်း၊ ဦးဇော်မြင့်-ဒေါ်သီသီနိုင်၊ ဦးဝင်းရွှေ-(ဒေါ်နုနု)၊ (ဦးစန်းလွင်)-ဒေါ်ခင်သီတာတို့၏အစ်မ/ညီမသည် ၂၀-၈-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဦးသိန်းဇော်ဦး**
**(အင်ဂျင်နီယာမှူး-ငြိမ်း၊ မြန်မာ့မီးရထား)**
**အသက်(၆၈)နှစ်**

တိုက်ကြီးမြို့၊ လယ်တီ (၂)လမ်း၊ အမှတ် ၃၈၈နေ (ဦးဖေတင်-ဒေါ်ကျင်မြ)တို့၏သား၊ ဦးပါ-ဒေါ်လှကြည်တို့၏သားသမက်၊ ဒေါ်သန်းသန်းဌေး၏ခင်ပွန်း၊ ဒေါ်စိုးနွယ်ဦး၊ ဗိုလ်မှူးမျိုးမင်းပိုင် - ဒေါ်ဝင်းမြတ်ဟန်တို့၏ ဖခင်၊ (ဦးကျော်မြင့်-ဒေါ်စန်းစန်းဝင်း)၊ဦးဇော်မြင့်-ဒေါ်ခင်သန်း၊ ဦးစဝ်သိုက်-ဒေါ်တင်နွယ်ဝင်းတို့၏မောင်၊ ဒေါ်မေမေအေး၏အစ်ကိုသည် ၂၁-၈-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ သိမ်ဖြူကျောင်းတိုက်ဝင်းအတွင်း သာသနရံသီအောင်လံကျောင်း၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ကိုဖြိုးနေလင်း(ခ)ကိုဖြိုး**
**B.A (History)**
**အသက်(၃၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊အမှတ် ၃၀၂နေ ဦးမြညွှန့်(ကညန၊ ငြိမ်း)-ဒေါ်ခင်စန်း (သ/မဦးစီး၊ ငြိမ်း)တို့၏သား၊ ဦးဇာနည်ကို(Shwe Taung Co., Ltd)-ဒေါ်တင်တင်ကျော်(KBZ Bank)၊ ဦးဉာဏ်မျိုးသူ(ခေတ္တ-စင်ကာပူ)-ဒေါ်ဇာဇာမွန်(ခေတ္တ-စင်ကာပူ)တို့၏ညီ/မောင်၊ မအိမ့်သော်တာသျှင်၊ မအိမ့်သဒ္ဒါသျှင်၊ မငွေအိမ်သခင်တို့၏ဦးလေး၊ ဦးသန်းဆွေ(MPPE-ငြိမ်း)-ဒေါ်သီတာမိုး၊ ဒေါ်မြင့်မြင့်သန်း၊ ဦးသောင်း - ဒေါ်သန်းကြည်တို့၏တူသည် ၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၈-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးလှဖေ (ပဲခူး-တာဝ)**
**ယခင်ဗဟိုလဟာပြင်ဈေး**
**အသက်(၉၀)**

ပဲခူးတိုင်းဒေသကြီး၊ တာဝဘူတာရွာနေ (ဦးစံညွှန့်-ဒေါ်သိန်းရင်)တို့၏သား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၇)လမ်း၊ အမှတ် ၁၂၂(ပထပ်)နေ (ဒေါ်ခင်ခင်)၏ခင်ပွန်း၊ဦးကြည်ရှင်ဦး(အထက-၁၊ လသာ)-ဒေါ်မိမိလေး(အမက-၃၆၊ သဃ်န်းကျွန်း)၊ ဦးသန့်ဇင်(GreenLand Co.,Ltd)-ဒေါ်သင်းသင်းလတ်၊ဦးသန့်ဇင်-ဒေါ်ခင်ဆွေသန့်၊ ဒေါ်သော်တာအေး (စိုးသူဇာ-ခြင်ထောင်ဆိုင်၊ ယုဇနပလာဇာ)တို့၏ဖခင်၊ မောင်မျိုးကျော်ထွန်း၊ မအိဇင်ဇာဖူးတို့၏အဘိုးသည် ၂၀-၈-၂၀၁၈ရက် ည ၇း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၈ရက်နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး**
**ယူစင်ဟိန်း(ခ)ဦးမြင့်ဆွေ**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈လမ်း၊ အမှတ် ၂၀၃ (မြေညီထပ်)နေ [ယူအဟူ(ခ)ဦးစိန်-ဒေါ်ဖွားမေ]တို့၏သား၊ (ဒေါ်သန်းရင်)၏ခင်ပွန်း၊ ဦးတင်ဦး-ဒေါ်ခင်ခင်ရီ၊ ဦးထိန်လင်း-ဒေါ်သင်းသင်းမြတ်(ခ)မသန္တာဦးတို့၏ဖခင်၊ မောင်ဝေလွင်(ခ)Lu Jia Wei၊ မောင်မင်းနောင်(ခ) Jia Xing၊ မသီသီဝေ(ခ) Lu Xiu Huiတို့၏အဘိုးသည် ၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆း၄၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေး(ဖူးကျန့်)သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဒေါ်ရီရီ (သရက်မြို့)**
**အသက်(၈၆)နှစ်**

သရက်မြို့နေ (ဦးရှိန်-ဒေါ်ရွှေ)တို့၏သမီး၊ တောင်ကြီးမြို့နေ ဗိုလ်မှူးအောင်မြင့် - (ဒေါ်ကြည်ကြည်မြင့်)၏ဇနီး၊ (ဦးကိုကိုအောင်)-ဒေါ်ခင်ဆွေဦး၊ (ဦးညီညီအောင် - ဒေါ်ချိုချိုအောင်)၊ ဦးထင်လင်း-ဒေါ်ဥမ္မာမြင့်၊ ဦးမောင်မောင်အောင်-ဒေါ်ဝါဝါကို၊ ဦးဌေးဝင်း-ဒေါ်မီမီအောင်မြင့်တို့၏အဒေါ်၊မြေး ၁၄ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၂-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဦးကြည်မောင်(ခ)**
**ဂူကြားချန်(ပင်လုံ)အသက်(၈၅)နှစ်**
**Managing Director**
**(Myanmar PLG Travels & Tours)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ ၁၈လမ်း၊ အမှတ် ၁၄၃/၁၄၅၊ အခန်း ၆နေ (ဦးကျုံချန်း-ဒေါ်ရင်ရှန်း)(ပင်လုံမြို့)တို့၏သား၊ဒေါ်ရီရီ၏ခင်ပွန်း၊ ဦးအောင်လင်း-ဒေါ်စုစုမွေး၊ ဦးဆောင်းအောင်မြင့်-ဒေါ်သန္တာဖြူ၊ ဦးသက်ထွန်း-ဒေါ်ခင်နှင်းဖြူတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၉-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက် (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၈-၂၀၁၈ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ပုသိမ်အသင်း(ရန်ကုန်)**
**ဦးလှဝင်း အသက်(၆၆)နှစ်**
**B.E (Electronics) (1972-78)**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဇီးဖြူဆိပ်ရွာနေ (ဦးကျော်မြ-ဒေါ်အိမ်အေး)တို့၏သား၊ (ဦးဘထွန်းအောင်)-ဒေါ်ဝင်းမေတို့၏ သားသမက်၊ ဒေါ်မူမူအောင်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ပိုင်ကျော် (MSP CAT)၏ဖခင်၊(ဦးလှသိန်း)၊ ဦးပြေငြိမ်း-ဒေါ်ခင်နုဆွေ၊ ဦးပြေသန်း-ဒေါ်သောင်းညွှန့်၊ (ဦးမြသန်း-ဒေါ်လှမြင့်)၊ ဦးကျော်မိုး-(ဒေါ်ရီရီသန်း)၊ ဦးဝင်းကြည်-ဒေါ်ညိုတို့၏ညီ/မောင်သည် ၁၉-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

**ဗိုလ်မှူးကြီးခင်မောင်အေး(ငြိမ်း)**
**(ကြည်း-၆၄၇၆) ဗိုလ်သင်တန်းအပါတ်စဉ်(၈)**
**စာရေးဆရာ-ခင်မောင်အေး(မန္တလေး)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်း**
**အသက်(၈၈)နှစ်**

(ဦးဘိုးညွင်း-ဒေါ်ဖွားစု-မြောင်းမြ)တို့၏မြေး၊(ဦးစောမောင်-ဒေါ်ခင်ကြီး-မြောင်းမြ)တို့၏တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ငြိမ်းအိမ်ရာ၊ တိုက်အမှတ် ၉/၄၊ အခန်း ၀၄နေ ဒေါ်သူဇာတင်(Nang Florie Tin)၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါက်တာတင်အုံးကျော်)-ဒေါ်စန္ဒာတင်၊ ဒေါ်နီလာတင်၊ (ဦးစိန်သိဏ်း)-ဒေါ်သီတာတင်၊ ဦးစိုင်းမျိုးမင်းတင်-Nok Khonwai (Perth, Australia)တို့၏ချစ်လှစွာသောအစ်ကိုကြီး၊ ဦးအောင်နိုင်သူ-ဒေါ်ငြိမ်းငြိမ်းကျော်(မန္တလေး)၊ ဒေါ်စုစုကျော်(လ/ထမန်နေဂျာ-မြဝတီဘဏ်)၊ ဦးအောင်ဘိုလတ်-ဒေါ်မြစန္ဒီထွန်း(Singapore)၊ ဒေါ်စန္ဒီစိန်သိဏ်း(Digital Kaway)၊ ဦးရဲမာန်ထွန်း(မာလာမြိုင်-စိုက်ပျိုးရေးကုမ္ပဏီ)-ဒေါ်အိဖြူဘို၊ ဒေါ်ဟေမာန်စိန်သိဏ်း(Mytel)၊ ဦးထွဋ်ခေါင်တင်-ဒေါ်ခက်ခက်အောင်(Perth, Australia)၊ (မောင်စည်သူစိန်သိဏ်း)၊ Mee Mee Khonwai Tin,Junior Tin(Perth,Australia) တို့၏ဘကြီး၊ မအိန္ဒြာအေးငြိမ်းသူ(Grade V)၊မောင်သုတအောင်နိုင်(Grade III) အထက(၁၄)မန္တလေးတို့၏ဘိုးဘိုးကြီးသည် ၂၁-၈-၂၀၁၈ရက် မွန်းလွဲ ၁း၁၀ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ရန်ငြိမ်းအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဗိုလ်ကြီးထွန်းလွင်(ငြိမ်း) အသက်(၈၃)နှစ်**
**ကြည်း-၈၄၂၉၊ YOC (၂၀)**
**စာရေးဆရာ ဗိုလ်လုံ(စစ်ကိုင်း)**
**B.Sc (Eng) Arch**
**ညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန(ငြိမ်း)**
**HGP, Dip GERMAN**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သာယာအေးလမ်း၊ အမှတ် ၅၆နေ(ဦးလှမောင်-ဒေါ်မမကြီး)တို့၏သား၊(ဦးပေါ-ဒေါ်ဝင်း)တို့၏သားသမက်၊ ဒေါ်ရီရီ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးထွန်းရှင်-ဒေါ်သွယ်)၊ (ဦးခင်သန်း-ဒေါ်သိန်းမေ)တို့၏ညီ/မောင်၊ ဦးကိုလေး(ဝန်ကြီးချုပ်ရုံး၊ ဝန်ကြီး၊ ငြိမ်း)-ဒေါ်ခင်ခင်တို့၏အစ်ကို၊ ဗိုလ်ကြီးသက်လွင်ဦး(ငြိမ်း)-ဒေါ်သီတာလွင်(အထက်တန်းပြဆရာမ၊ငြိမ်း)၊ ဦးနေမျိုးလွင်-ဒေါ်နီနီဟန်(အလယ်တန်းပြဆရာမ၊ငြိမ်း)၊ ဗိုလ်မှူးစည်သူလွင်(ငြိမ်း) (ဒုတိယဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်) - ဒေါက်တာဒေါ်နီလာလွင် [ကထိက၊ ငြိမ်း၊ တက္ကသိုလ်များ သိပ္ပံသုတေသနဌာန (YU)]၊ ဦးဖိုးလမင်း(NIPPON KOEI Co.,Ltd)-ဒေါ်သော်တာလွင်(DTG Co.,Ltd., Director)၊ ဗိုလ်မှူးဇေယျာလွင်(ငြိမ်း) (အထွေထွေမန်နေဂျာ၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်)-ဒေါ်မျိုးစန္ဒာမင်း၊ ဒုတိယဗိုလ်မှူးကြီးရဲမာန်အောင်(ငြိမ်း)(အထွေထွေမန်နေဂျာ၊ အောင်သစ္စာဦး အာမခံကုမ္ပဏီလီမိတက်)-ဒေါ်စန္ဒာလွင်တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၁-၈-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၂း၁၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဦးတင်စိုး(ခ)တန်ထျင်စူ**
**(ဟွာကျုံးကျောင်းဆရာတော်)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ ပတ်ဆွေဘုရားကျောင်းဝင်း(ယခင်မီးရထားဝင်း)၊ အမှတ် ၁၀နေ ဒေါ်တိုး(ခ)ဂူချင်ရန်(ဟွာကျုံးကျောင်းဆရာမဟောင်း)၏ခင်ပွန်း၊ ဦးသန်းထိုက်-ဒေါ်စန္ဒာအောင်၊ ဦးသန်းကြည်-ဒေါ်နီလာဝင်း၊ ဦးသန်းလင်း-ဒေါ်ခင်နီလာထွန်း၊ ဒေါ်သန်းသန်းမြင့်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၈-၈-၂၀၁၈ရက် (စနေနေ့) ဒေသစံတော်ချိန် ည ၇း၅၈နာရီတွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကို၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ဒေသစံတော်ချိန် ၉း၃၀နာရီတွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၈ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့ရှိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဒေါ်မြလေးထွန်း (စစ်တွေ၊ ရန်ကုန်)**
**(Christine Tha Tun) B.Com, Dip Ed**
**အထက်တန်းပြဆရာမ(ငြိမ်း)၊ အထက(၁)စမ်းချောင်း**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေကမ္ဘာအိမ်ရာ၊ ၂လမ်း၊ အမှတ် B 12၊ အခန်း 001နေ(ဦးသာထွန်းဦး-ဒေါ်မေမေ)တို့၏သမီး၊ (ဦးဘတင်-ဒေါ်နှံ့သာဦး-ဒေါ်တင်တင်)တို့၏ချွေးမ၊ ဦးတင်ထွန်း(ရဲမှူးကြီး၊ ငြိမ်း)၏ဇနီး၊ ဒေါ်မြကလျာထွန်း၊ ဦးမင်းစိန်၊(ဦးသီဟ)-ဒေါ်ချိုချိုဝင်းတို့၏မိခင်၊ မမြယမင်းသူ-ဒေါက်တာကောင်းထက်ဇော်၊ မောင်ဇံဖြိုးမောင်၊ ဒေါက်တာသီဟဆုရည်ဝင်း၊ မောင်သီဟရဲလင်းအောင်တို့၏အဘောင်ရှင်၊ (ဦးဘစံ-ဒေါ်လှမေ)၊ (ဦးထွန်းရွှေ-ဒေါ်စိန်ကျော့ဦး)၊ ဒေါက်တာမီမီခင်-(ဦးသက်နိုင်)တို့၏ညီမ၊ (ဦးမောင်မောင်ဇံ-ဒေါ်မေမေခင်)တို့၏အစ်မသည် ၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဦးစန်းအောင်(ကွမ်းခြံကုန်း) အသက်(၇၆)နှစ်**
**(ကွမ်းခြံကုန်းမြို့နယ်အသင်း၊ အတွင်းရေးမှူး)**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ အင်္ဂလုံးကျေးရွာနေ (ဦးဘအေး-ဒေါ်လှတင်)တို့၏သား၊ (ဦးချမ်းမောင်-ဒေါ်အေး)တို့၏သားသမက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်း၊ အမှတ် ၂၈၉နေ ဒေါ်ဆွေဆွေအောင်၊ ဦးမောင်မောင်ဦး-ဒေါ်ကျော့ကျော့အောင်၊ ဦးစိုးဝင်းနိုင် (ဓဝရတ် ခေါက်ဆွဲစက်)-ဒေါ်မြတ်မြတ်အောင် (မြို့တော်စည်ပင်၊ ယာ/အုံ)၊ ဦးဇာနည်ဝင်းသန်း-ဒေါ်ထက်ထက်စန်းအောင်(MFTB)၊ ဦးမင်းဟံကျော်(2 A/E, MTM Co.,Ltd)-ဒေါ်သက်စန်းအောင်(MOGE,MOEE)တို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်စောကြည်၏ချစ်လှစွာသောခင်ပွန်းသည် ၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆း၂၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ပြိုင်ပွဲဝင်လျက်ရှိ



အာရှအားကစားပြိုင်ပွဲ မြားပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမားများ။

နေပြည်တော် ဩဂုတ် ၂၁

**အင်ဒိုနီးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ဂျကာတာမြို့နှင့် ပလန်ဘန်းမြို့တို့ရှိ အားကစားရုံ၊ အားကစားကွင်းများ၌ ယနေ့တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။**

အဆိုပါ ပြိုင်ပွဲများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့ လိုက်လံကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် မြန်မာအားကစားသမားများ တည်းခိုရာ ဂျကာတာမြို့ရှိ အားကစားကျေးရွာသို့ ရောက်ရှိပြီး တည်းခိုနေထိုင်စားသောက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဂျကာတာမြို့ရှိ မြားပစ်ကွင်း၌ ကျင်းပလျက်ရှိသော





မြားပစ်ပြိုင်ပွဲတွင် အမျိုးသမီးအဆင့် သတ်မှတ်ချက်ဖြစ်သော Ranking Round ပြိုင်ပွဲတွင် မြန်မာမှ သီတာနွယ်က မြား ၇၂ ချောင်းဖြင့် ပစ်ခတ်ရာတွင် (၃၁၆+ ၃၁၁ = စုစုပေါင်း၆၂၇)မှတ်ဖြင့် ပြိုင်ပွဲဝင် ၆၆ ဦးတွင် အဆင့် ၂၈ ရရှိကာ ပြိုင်ပွဲအပြီး ဒုတိယဝန်ကြီးက မြားပစ်အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ *စာမျက်နှာ ၁၂ ကော်လံ ၃*

## စစ်တောင်းနှင့် သံလွင်မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ငါးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် မြစ်ရေကြီး မှုဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြပါရန် အကြံပြုအပ်ပါသည်။ ထို့အတူ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်းအသင်း သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်

**ရန်ကုန် ဩဂုတ် ၂၁**

(၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၏ ပိုက်ကျော်ခြင်း သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ ပလန်ဘန်းမြို့၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်း ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

မြန်မာ အမျိုးသမီးအသင်းသည်အုပ်စု နောက်ဆုံးပွဲအဖြစ် ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး သုံးပွဲပြတ်ဖြင့် အနိုင်ရသောကြောင့် အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။





မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲများတွင် အိမ်ရှင် အင်ဒိုနီးရှားအသင်းကို နှစ်ပွဲ- တစ်ပွဲ၊ မလေးရှားအသင်းကို သုံးပွဲပြတ်၊ ဂျပန်အသင်းကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရပြီး ဗီယက်နမ်ကို နှစ်ပွဲ-တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ အုပ်စုပွဲများအပြီးတွင် မြန်မာအသင်းက အုပ်စု (ခ) တွင် ဒုတိယနေရာရပြီး ဗီယက်နမ်အသင်းက အုပ်စုပထမရခဲ့သည်။ အုပ်စု (က)တွင်ထိုင်းအသင်းက အုပ်စုပထမ၊ တောင်ကိုရီးယားအသင်းက အုပ်စုဒုတိယရခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲအဖြစ် မြန်မာနှင့် ထိုင်း၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်တို့တွေ့ဆုံနေပြီး ဩဂုတ် ၂၂ ရက် **(ယနေ့)** နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

ညီမြတ်သော်တာ





အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်းအသင်း ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**ဒေါ်ပုံတံတားအသစ် ဩဂုတ် ၂၅ ရက်တွင် ဖွင့်လှစ်ရန် စီစဉ်လျက်ရှိ**

*စာမျက်နှာ » ၁၁*

**အီရန်နျူကလီးယားအစီအစဉ်ကို တားဆီးခြင်းသည် အမေရိကန်၏ ထိပ်တန်းဦးစားပေးကိစ္စဖြစ်ကြောင်း ကန်အမျိုးသားလုံခြုံရေးအကြံပေး ပြောကြား**

*စာမျက်နှာ » ၁၄*

